# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)


၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်၊ တနင်္လာနေ့။ Monday, 9 December 2024 ၁၁၆၆၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

# အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၈**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို ရမှတ် (၆၇-၆၆) မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆုကို ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယဆုကို ကချင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့က ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၀)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစား


**စာမျက်နှာ ၅ ကော်လံ ၁သို့ ❖**





ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ယနေ့ ဖတ်စရာ**


**အမျိုးသမီးများ အကြမ်းဖက်မှုမခံရစေရေး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေး**

ဆောင်းပါး စာမျက်နှာ » ၁၅

**ဖေ့စ်ဘွတ် အေအိုင်ဒေတာစင်တာများအတွက် နျူကလီးယားဓာတ်ပေါင်းဖိုများ အသုံးပြုမည်**

စာမျက်နှာ » ၂၃


## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများတွင် အားကစားဝါသနာရှင်များ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်

**နေပြည်တော် ဒီဇင်ဘာ ၈**

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်မျိုး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ မျိုးဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားဥယျာဉ်အတွင်းရှိ အားကစားကွင်း/အားကစားရုံများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားကွင်း/အားကစားရုံ(ရွှေကြာပင်)၊ ပေါင်းလောင်း အားကစားကွင်း၊ နေပြည်တော်လေ့ကျင့်ရေးကွင်း(၂)(လယ်ဝေး)၊ လယ်ဝေးမြို့နယ် အားကစားကွင်းနှင့် ပျဉ်းမနားမြို့ ဘောဂဝတီ အားကစားကွင်းတို့တွင် ကျင်းပလျက်ရှိသည်။

ပြိုင်ပွဲအသီးသီးသို့ ကြည့်ရှုအားပေးလိုသော အားကစားဝါသနာရှင် ပြည်သူများအနေဖြင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းဂိတ်(၃)တွင်လည်းကောင်း၊ ပြိုင်ပွဲကွင်း/ရုံအသီးသီး ဝင်ပေါက်ဂိတ်များတွင်လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ယာဉ်မောင်းလိုင်စင်ဖြင့် ယာယီဝင်ထွက်ကတ်ပြားများကိုလဲလှယ်၍ အခမဲ့ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

# တစ်မျိုးသားလုံး၏အားမာန် ပြည်ထောင်စုကြီး၏အားမာန်

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်တွင် နိုင်ငံတော်အဆင့်အခမ်းအနားကြီးအဖြစ် ထည်ထည်ဝါဝါ စည်စည်ကားကား ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ အမျိုးသားအားကစားပွဲတော်ကြီးကို ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။ အကြိုပြိုင်ပွဲများအဖြစ် မသန်စွမ်းအားကစားပြိုင်ပွဲ၊ အားကစားနည်းများအလိုက် ပြိုင်ပွဲများကို သက်ဆိုင်ရာ အားကစားရုံနှင့် အားကစားကွင်းအသီးသီးတွင် အကြိုတ်အနယ် ယှဉ်ပြိုင်လျက်ရှိရာ ဆုတံဆိပ်များပင် ရရှိနေကြပြီဖြစ်သည်။

လက်ရှိတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် စစ်ကိုင်းတိုင်းဒေသကြီးက ရွှေတစ်ခု၊ မွန်ပြည်နယ်က ရွှေတစ်ခု၊ ကရင်ပြည်နယ်က ငွေတစ်ခု၊ ရခိုင်ပြည်နယ်က ငွေတစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးက ကြေးတစ်ခုနှင့် မန္တလေးတိုင်းဒေသကြီးက ကြေးတစ်ခုရရှိထားသည်။ မသန်စွမ်းအားကစားနည်းပြိုင်ပွဲများတွင် ဧရာဝတီတိုင်းဒေသကြီးက ရွှေ ၁၁ ခု၊ ငွေငါးခု၊ ကြေးလေးခု၊ ပဲခူးတိုင်းဒေသကြီးက ရွှေရှစ်ခု၊ ငွေငါးခု၊ ကြေးခုနစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးက ရွှေခုနစ်ခု၊ ငွေ ခုနစ်ခု၊ ကြေးငါးခု၊ မန္တလေးတိုင်းဒေသကြီးက ရွှေလေးခု၊ ငွေကိုးခု၊ ကြေး ၁၁ ခု၊ မွန်ပြည်နယ်က ရွှေလေးခု၊ ငွေခုနစ်ခု၊ ကြေးလေးခု၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်က ရွှေလေးခု၊ ငွေငါးခု၊ ကြေးခြောက်ခုတို့ ဆွတ်ခူးရရှိထားသည်။


ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေး၊ အမျိုးသားအားကစားပွဲတော်ကြီးတွင် တက်ကြွစွာပါဝင်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများ ရရှိရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင်အားကစားမောင်မယ်များသည် အချိန်ယူလေ့ကျင့်ပြင်ဆင်ခဲ့ကြပြီး အချို့အသင်းများအနေဖြင့် ပွဲစဉ်အလိုက် အကြိုပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ အချို့မှာ အောင်မြင်မှု ဆုတံဆိပ်အသီးသီးတို့ပင် ရရှိခဲ့ကြပြီဖြစ်သည်။ အချို့လည်း ပြိုင်ပွဲဝင်ရမည့် နေ့ရက်များကို စောင့်ကြိုနေသကဲ့သို့ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာကျင်းပမည့် အားကစားပွဲတော်ကြီးတွင် ဆိုင်ရာဆိုင်ရာ အားကစားကဏ္ဍအလိုက် အောင်မြင်မှုများ ဆွတ်ခူးရရှိနိုင်ရေးအတွက် နိုးကြားတက်ကြွ အားမာန်အပြည့်ဖြင့် အသင့်ရှိနေကြသည်။

အားကစားတိုးတက်အောင်မြင်ခြင်းသည် အသင်းအဖွဲ့တစ်ခု၏ အောင်မြင်မှုအတွက်သာမက နိုင်ငံသူ နိုင်ငံသားများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်ခြင်း၊ လူသားအရင်းအမြစ်များ တိုက်ရိုက်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးခြင်း၊ တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များ ထက်သန်နိုးကြားစေခြင်း၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ခင်ရင်းနှီးမှုစိတ်များ တိုးပွားလာစေခြင်း၊ အားကစားကဏ္ဍတွင် ပြည်သူများ စိတ်ဝင်စားမှုမြင့်တက်လာသည်နှင့်အမျှ အားကစားဘက်တွင် ပိုမိုအလေးထား လိုက်စားလာကြခြင်းဖြင့် ပြည်သူလူထုတစ်ရပ်လုံး သက်ရှည်ကျန်းမာရေးအတွက် အထောက်အကူများစွာရရှိနိုင်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုများရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်နှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် ရည်ရွယ်ချက်များဖြင့် ထည်ထည်ဝါဝါ သိုက်သိုက်ဝန်းဝန်း ကျင်းပနေခြင်းဖြစ်သည်။

အမျိုးသားအားကစားပွဲတော်ကျင်းပခြင်းသည် အားကစားပြိုင်ပွဲသက်သက် ကျင်းပခြင်းဟု မခံယူဘဲ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားလှုပ်ရှားမှု၊ အမျိုးသားအားမာန်တို့ကို ထုတ်ဖော်ပြသသည့်ပွဲတော်၊ အမျိုးသားကြံ့ခိုင်သန်စွမ်းမှုနှင့် အမျိုးသားအားမာန်များ ဝင့်ကြွားခဲ့ထည်နေမှုတို့ကို လှစ်ဟပြသည့်ပွဲတော် ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။ အားကစားမှ ပေါ်ထွက်လာသောအားမာန်များ၊ ခွန်အားများ၏ အရေးပါမှုများကို အသိအမှတ်ပြုသောအားဖြင့် အားကစားကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်ကိုတည်ဆောက်ကာကွယ်နေခြင်း ဖြစ်ပါသည်ဟု ဆိုကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် ပါဝင်ယှဉ်ပြိုင်နေကြသည့် အသင်းအဖွဲ့များ၊ အားကစားသမားများသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက်၊ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်၊ အဖွဲ့အစည်းများအလိုက် ကိုယ်စားပြုကြိုးပမ်းယှဉ်ပြိုင်နေကြသည်ဖြစ်သော်လည်း အနှစ်သာရမှာ ပြည်ထောင်စုကြီးတစ်ခုလုံးမှ ပြည်ထောင်စုသားများအားလုံး၏ အားမာန်များကို အားကစားကဏ္ဍမှတစ်ဆင့် မြှင့်တင်ဖော်ထုတ်လိုက်ခြင်းပင်ဖြစ်ပါကြောင်း။ ။




## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဆဋ္ဌမအကြိမ် ဒါနဥပပါရမီ စုပေါင်းမေတ္တာသွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၈



ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူးကျင်းပသည့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများက ဆဋ္ဌမအကြိမ် ဒါနဥပပါရမီ စုပေါင်းမေတ္တာသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါစေတီတော်ဆိပ်ကမ်းလုပ်သားပေါင်းစုံမွှာရုံ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် အလှည့်ကျသဘာပတိဂေါပကအဖွဲ့ဝင် ဦးအောင်ကိုဇော်က သွေးလှူဒါန်းပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ဝမ်းသာပီတိစကားပြောကြားပြီး ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးလှူဌာနမှ ဒေါက်တာသန္တာက သွေးလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် သွေးလှူဒါန်းကြမည့် စေတီတော်ဂေါပကရုံး ဝန်ထမ်းများနှင့် ဘုရားဖူးလာ သွေးလှူရှင်ပြည်သူများကို အမျိုးသားသွေးလှူဌာနမှ တာဝန်ခံဆရာဝန်များနှင့် ကျန်းမာရေး ဝန်ထမ်းများက သွေးအမျိုးအစားခွဲပေးခြင်း၊ ကျန်းမာရေးဆိုင်ရာများစစ်ဆေးပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာသွေးလှူရှင်များ၏ သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကာ သွေးလှူရှင်များအား စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က တီရှပ်အင်္ကျီများ၊ အလှူရှင်များက အအေး၊ ကြက်ဥ၊ ငှက်ပျောသီး၊ နွားနို့စသည့် အာဟာရအစားအစာများ၊ အမျိုးသားသွေးလှူဌာနက သံဓာတ်အားဆေးစသည်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဇော်မင်းလတ်(MNA)

## ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာအုပ်စုခမ္မာရုံ၌ ကျင်းပသည်။

**ပြည်သူများလက်ဝယ်အရောက်ပေးအပ်**

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေဦးစီးမှူးက ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်း ၂၄၇ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၅၄ ကတ်ကိုပြည်သူများလက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုအောင်

ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးဝင်းနိုင် |
| ခေတ္တ စာတည်းမှူး | - | ဦးအေဝမ်းစိုး |
| စာတည်းများ | - | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ |
| ဘာသာပြန် စာတည်းများ | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ |
| အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| သုတေသန | - | ဒေါ်ဇင်မာဝင့် |
| စာပြင် | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်ပြိုင်ပွဲများနှင့် မသန်စွမ်း အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြို့တော် ဂေါက်ကွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ပြိုင်ပွဲ ဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမား များ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကျော်ဟိုးက အမျိုးသားတစ်ဦးချင်း (အကျောမဲ့) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆု ရရှိသည့် တနင်္သာရီတိုင်းဒေသကြီး နှင့် တတိယဆုရရှိသည့် ရန်ကုန် တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲ ဝင်များအား လည်းကောင်း၊ နိုင်ငံ တော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်က တစ်ဦးချင်း (အကျောပေး) ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော် အသင်းတို့မှပြိုင်ပွဲဝင်များအား လည်း ကောင်း၊ ကောင်စီဝင် ဦးရွှေကြိမ်း က အသင်းလိုက်(အကျောမဲ့)ပြိုင်ပွဲ တွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်း ဒေသကြီး၊ ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြု ဆုတံဆိပ်နှင့်အမျိုးသားအားကစား ပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင် စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး က အသင်းလိုက်(အကျောပေး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ် နှင့် တတိယဆုရရှိသည့် ပဲခူးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ် ချီးမြှင့်သည်။

ထို့ပြင် မသန်စွမ်းအားကစား ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို လယ်ဝေး TC-2 အားကစားကွင်း ၌ ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံမသန်စွမ်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်း များမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မသန်စွမ်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင် ကြည်က အမျိုးသား သံလုံးပစ် F 62/63 ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေး တိုင်းဒေသကြီးနှင့် တတိယဆု ရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး ဦးမျိုးအောင်က အမျိုးသား လှံတံပစ် F 56/57 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်း ဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ် နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက အမျိုးသား မီတာ ၈၀၀ T 46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်း ဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်း ဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင် များအား လည်းကောင်း၊ အမျိုးသား အလျားခုန် T 42 ပြိုင်ပွဲတွင် ပထမ ဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယနှင့် တတိယ ဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ကျန်းမာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက အမျိုးသမီး လှံတံပစ် F44/62/63/64 ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆု ရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်အသင်းများအား လည်း ကောင်း၊ အမျိုးသမီး မီတာ ၁၀၀ T44/64 အပြေးပြိုင်ပွဲတွင် ပထမ ဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယ နှင့် တတိယဆုရရှိသည့် ဧရာဝတီ တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲ ဝင်များအားလည်းကောင်း ဂုဏ်ပြု ဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမျိုးသား သံပြားပစ် F46 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်း ဒေသကြီး၊ ဒုတိယဆုရရှိသည့်

စာမျက်နှာ ၄ သို့ ☆



## ဂုဏ်ပြုဆုချီးမြှင့်

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အသင်းလိုက် (အကျောပေး) ပြိုင်ပွဲတွင် ဆုရအသင်းသားများ အား တစ်ဦးချင်း ဂုဏ်ပြုဆု တံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်း အမှတ်အရုပ်ကို ပေးအပ် ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း အသင်းလိုက်(အကျောမဲ့)ပြိုင်ပွဲတွင်ဆုရအသင်းသားများအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် အသင်းလိုက်(အကျောပေး)ပြိုင်ပွဲတွင် ဆုရအသင်းသားများအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် အမျိုးသား မီတာ ၁၀၀ T46/47 အပြေးပြိုင်ပွဲတွင် ဆုရသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၃ မှ

မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသမီး လုံတံပစ် F 54/55 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်က အမျိုးသားမီတာ ၁၀၀ T46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသား လုံတံပစ် F 64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသား မီတာ ၁၀၀ T64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်ကို ပေးအပ်ချီးမြှင့်သည်။

အလားတူ မသန်စွမ်းအားကစား ပြိုင်ပွဲ ထိုင်လျက်ဘော်လီဘော ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို လယ်ဝေး TC-2 အားကစားကွင်း ဘော်လီဘောရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် ဗိုလ်မှူးချုပ် စိုးကျော်ထက်တို့က တစ်ဦးချင်း နေရာအလိုက် အကောင်းဆုံးဆု ရရှိကြသည့် အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်ကို ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်းအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ် ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရွှေကြာပင် အားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်းက ပူးတွဲတတိယဆုရရှိသည့် မန္တလေး တိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က တတိယဆုရရှိသည့် ကချင်ပြည်နယ် အသင်းအား လည်းကောင်း၊ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်ကို ပေးအပ်ချီးမြှင့်သည်။



ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး အမျိုးသမီးကြက်တောင်ရိုက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(C) ရုံ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး ဦးမျိုးအောင်နှင့် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်တို့က အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲ တတိယဆုရရှိကြသည့် မန္တလေး တိုင်းဒေသကြီးနှင့် ပဲခူးတိုင်း ဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင် များအားလည်းကောင်း၊ ဒုတိယ ဝန်ကြီး ဦးထိန်လင်းက ဒုတိယဆု ရရှိသည့် ရှမ်းပြည်နယ်အသင်း မှ ပြိုင်ပွဲဝင်များအား လည်း ကောင်း၊ ပြည်ထောင်စုဝန်ကြီး နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ပထမဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ပြိုင်ပွဲဝင်များအားလည်း ကောင်း တစ်ဦးချင်း ဂုဏ်ပြုဆု တံဆိပ်နှင့် အမျိုးသားအားကစား ပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်တို့က အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိကြသည့် မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်ကို ပေးအပ်ချီးမြှင့်သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အမျိုးသားသံပြားပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်အောင်ဘုန်းမြတ်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

❖ရှေ့ဖုံးမှ

ကွင်း(B)ရုံ၌ ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲ နှစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို သုံးပွဲ တစ်ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံ၌ကျင်းပရာ အမျိုးသား ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို သုံးပွဲ တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲနှစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီး ကြက်တောင်ရိုက် ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက မန္တလေးတိုင်းဒေသကြီး အသင်းကို သုံးပွဲ တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆုကို ရန်ကုန်တိုင်းဒေသကြီး အသင်း၊ ဒုတိယဆုကို ရှမ်းပြည်နယ်အသင်း၊ တတိယဆုကို မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့က လည်းကောင်း၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုကို ရှမ်းပြည်နယ်အသင်း၊ တတိယဆုကို မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့က ရရှိခဲ့ကြသည်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ၅၀ ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ ကျင်းပရာ အမျိုးသား ၅၁ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဟိန်းထွဋ်အောင်က ရှမ်းပြည်နယ်မှ ရဲနိုင်ကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ ဘောမ်ဆောင်က ရန်ကုန်တိုင်းဒေသကြီးမှ ခန့်ဖြိုးကျော်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သူရက ချင်းပြည်နယ်မှ ရဲရင့်ထွေး ကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စောရွှေဝင်းက ရခိုင်ပြည်နယ်မှ အာကာထက်ဝင်းကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား ၅၄ ကီလိုတန်း ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ အာကာဖြိုးက မကွေးတိုင်းဒေသကြီးမှ ကောင်းဆက်နိုင်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ဇော်ဇော်နိုင်က ဧရာဝတီတိုင်း ဒေသကြီးမှ စောလင်းအောင်ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ရှိုင်းငယ်က စစ်ကိုင်းတိုင်းဒေသကြီးမှ ကိုကိုထွန်းကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝင်းထိုက်က ပဲခူးတိုင်းဒေသကြီးမှ တူးမောင်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အမျိုးသား ၅၇ ကီလိုတန်း ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မင်းဆက်သာဦးက မွန်ပြည်နယ်မှ ဟိန်းလင်းထွန်းကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ ရှိန်းထက်ကိုကိုက ပဲခူးတိုင်းဒေသကြီးမှ ဟိန်းထွဋ်ကျော်ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ လမင်းကိုကိုက ဧရာဝတီတိုင်းဒေသကြီးမှ ကျော်စွာမိုးကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ဂင်ရှန်းမွှောင်က ကရင်ပြည်နယ်မှ စောလှဟန်အေးကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်း ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ နုတ်မာရ်က ရခိုင်ပြည်နယ်မှ ထူးအောင်ရဲရင့်ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ဘုန်းမြင့်မောင်က ဧရာဝတီတိုင်းဒေသကြီးမှ လင်းထက်ကို လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီးမှ စိုင်းနောင်က ကရင်ပြည်နယ်မှ စောဟဲဒိုစေးကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကျော်မျိုးဟန်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ရာဇာနေဝင်းကို လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး ၅၀ ကီလိုတန်း ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ အေးအေးမူက ချင်းပြည်နယ်မှ ကေသွယ်ဝင်းကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည့်စုံဝင်းက ပဲခူးတိုင်းဒေသကြီးမှ အိန္ဒြေကျော်ကို လည်းကောင်း၊ နေပြည်တော်မှ အိမ့်မြတ်ကျော်က မန္တလေးတိုင်းဒေသကြီးမှ ခိုင်သဇင်ထွန်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မြမိုးသူက ရှမ်းပြည်နယ်မှ သဲမြတ်မွန်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**စာမျက်နှာ ၆ သို့ ☆**

✰ စာမျက်နှာ ၅ မှ

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ခရစ်ကက်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း မြားပစ်ကွင်း (၁/၂)၌ ကျင်းပရာ အမျိုးသား ခရစ်ကက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ် အသင်းကို ၁၆ မှတ်အသာ၊ မန္တလေးတိုင်းဒေသကြီးက ပဲခူး တိုင်းဒေသကြီးအသင်းကို ၁၄ မှတ်အသာ၊ ရခိုင်ပြည်နယ်အသင်း က မွန်ပြည်နယ်အသင်းကို ၁၃၉ မှတ်အသာ၊ ဧရာဝတီတိုင်းဒေသ ကြီးက မကွေးတိုင်းဒေသကြီး အသင်းကို ၁၀ ယောက်အသာဖြင့် လည်းကောင်း၊ အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲတွင် ရခိုင်ပြည် နယ်အသင်းက မကွေးတိုင်း ဒေသကြီးအသင်းကို ၅၁ မှတ် အသာ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မွန်ပြည် နယ်အသင်းကို လေးယောက် အသာ၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်း ကို ၁၄ မှတ်အသာ၊ ကရင်ပြည်နယ် အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို နှစ်မှတ်အသာဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြ သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုး သားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ် များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ချင်းပြည် နယ်အသင်းနှင့် မကွေးတိုင်း ဒေသကြီးအသင်းတို့က တစ်ဖက် သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ပြီး မန္တလေးတိုင်းဒေသကြီး အသင်း က စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုး သမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ် များကို ဘောဂဝတီအားကစား ကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင် ကစားကြရာ ပဲခူးတိုင်းဒေသကြီး အသင်းနှင့် ကယားပြည်နယ် အသင်းတို့က ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး ဧရာဝတီတိုင်းဒေသ ကြီးအသင်းက ရခိုင်ပြည်နယ် အသင်းကို နှစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ် များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသမီးဖူဆယ် ဘောလုံးပြိုင်ပွဲ တွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို ၁၁ ဂိုး – ဂိုးမရှိ၊ ကချင် ပြည်နယ်အသင်းက ဧရာဝတီ တိုင်းဒေသကြီး အသင်းကို ခုနစ်ဂိုး – ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စု ပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(A)ရုံ၌ ကျင်းပ ရာ အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရှမ်း ပြည်နယ်အသင်းက ပဲခူးတိုင်း ဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်း က ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲ ပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကရင် ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ကယား ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ချင်းပြည် နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန် တိုင်းဒေသကြီးအသင်းက ဧရာ ဝတီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီး အသင်းက မကွေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်း ကောင်း၊ အမျိုးသမီး သုံးယောက် တွဲပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်း က မကွေးတိုင်းဒေသကြီးအသင်း ကို နှစ်ပွဲ တစ်ပွဲ၊ စစ်ကိုင်းတိုင်း ဒေသကြီးအသင်းက တနင်္သာရီ တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ ပြတ်၊ ရခိုင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်း ကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ် အသင်းက ကချင်ပြည်နယ်အသင်း ကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်(အုပ်စုပွဲစဉ်)ပြိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။


ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ၅၁ ကီလိုတန်း လက်ဝှေ့ ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွာတား ဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(A)ရုံ၌ ကျင်းပ ရာ အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်ကုန် တိုင်းဒေသကြီးအသင်းက စစ်ကိုင်း တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ မကွေးတိုင်းဒေသကြီး အသင်းက ကချင်ပြည်နယ်အသင်း ကို နှစ်ပွဲ တစ်ပွဲ၊ မန္တလေးတိုင်း ဒေသကြီးအသင်းက ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ် ဖြင့်လည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီ တိုင်းဒေသကြီးအသင်းက ရန်ကုန် တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ ပြတ်၊ ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ် တန်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ပေါင်းလောင်း အားကစားကွင်း၊ ရွှေကြာပင် အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင် ကစားကြရာ ပညာရေးဝန်ကြီး ဌာနအသင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းတို့က ဂိုးမရှိ သရေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနအသင်းက ကျန်းမာရေး ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး- တစ်ဂိုး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာနအသင်းက သမ ဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းကို သုံးဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြ သည်။

ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ် ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ်အားကစား ရုံ၌ ကျင်းပရာ အမျိုးသား ဖူဆယ် ဘောလုံးပြိုင်ပွဲတွင် အလုပ်သမား ဝန်ကြီးဌာနအသင်းနှင့် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနအသင်းတို့က တစ်ဖက် သုံးဂိုးစီ၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဌာန အသင်းက တိုင်းရင်းသားလူမျိုး များရေးရာဝန်ကြီးဌာန အသင်းကို နှစ်ဂိုး- ဂိုးမရှိ၊ ပညာရေးဝန်ကြီး ဌာနအသင်းက ပြန်ကြားရေး ဝန်ကြီးဌာနအသင်းကို ငါးဂိုး- လေးဂိုး၊ ကျန်းမာရေးဝန်ကြီးဌာန အသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အသင်း ကို သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ ကြသည်။

ယနေ့ကျင်းပသည့် အားကစား ပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်း အလိုက်အဖွဲ့ချုပ် များမှ တာဝန်ရှိသူများ၊ ဝန်ထမ်း များ၊ ကျောင်းသား ကျောင်းသူများ နှင့် အားကစားဝါသနာရှင် ပြည်သူ များ စိတ်ပါဝင်စားစွာ လာရောက် ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**


ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဘောလုံးပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်း နှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။


ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ／ပိတ်ပွဲအခမ်းအနားများတွင် ပါဝင်ချီတက်မည့်ဝန်ထမ်းများ၊ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများအား တွေ့ဆုံမှာကြား



နေပြည်တော် ဒီဇင်ဘာ ၈

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများတွင် ပါဝင် ချီတက်ကြမည့် ကျန်းမာရေး ဝန်ထမ်းများ၊ အားကစားပြိုင်ပွဲ များတွင် ပါဝင်ယှဉ်ပြိုင်မည့် ကျန်းမာရေး ဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမား များ၊ အုပ်ချုပ်သူများ၊ ကျန်းမာရေး စောင့်ရှောက်မှုပေးမည့်သူများကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အားပေးစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများတွင် စနစ်တကျပျော်ရွှင်စွာ ပါဝင် ဆောင်ရွက်ရေး၊ ပြိုင်ပွဲဝင် အားကစားသမားများ အားလုံး ကျန်းမာရေး ကောင်းမွန်စေရန် အစားအသောက်/ အနေအထိုင် အထူးဂရုပြု ဆောင်ရွက်ရေး၊ အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် ယှဉ်ပြိုင်နိုင်ရေး၊ ပါဝင်ဆောင်ရွက်ခွင့်ရရှိသည့် အခွင့်အရေးမှ အတွေ့အကြုံကောင်းများ ရယူရေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသား အားကစားပွဲတော် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၌ အသုံးပြုသည့် လူနာတင်ယာဉ်များတွင် ထိခိုက်ဒဏ်ရာ လူနာများအတွက် အရေးပေါ် အသက်ကယ်ဆေးနှင့် ဆေးပစ္စည်းများ ဖြည့်ဆည်းထားရှိမှုနှင့် စနစ်တကျအသုံးပြုနိုင်ရေး စီစဉ်ထားရှိမှု၊ အောက်ဆီဂျင်၊ အသက်ရှူကိရိယာ၊ လူနာအခြေအနေအလိုက် သယ်ယူပို့ဆောင်ပစ္စည်းအမျိုးမျိုး၊ အလွယ်တကူ သယ်ဆောင်နိုင်သည့် ဆေးအိတ်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်နှင့်အညီ လွယ်လင့်တကူ အသုံးပြုနိုင်ရေး စီစဉ်ထားရှိရန် မှာကြားသည်။

၂၀၂၄ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေး ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ရေကောင်းရေသန့်သုံးစွဲရေးနှင့် အစားအစာကြီးကြပ်မှုလုပ်ငန်းအဖွဲ့၊ ကူးစက်ရောဂါနှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းကာ အလေးထား ဆောင်ရွက်လျက်ရှိပြီး အားကစားနည်းအမျိုးအစားများအလိုက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးအဖွဲ့ ၃၈ဖွဲ့၊ ကျန်းမာရေးဝန်ထမ်း ၂၅၀ ကျော်တို့က အားကစားပြိုင်ပွဲများ အပါအဝင် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား၊ ဖျော်ဖြေရေးအဖွဲ့များကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။ ထို့ပြင် ရွာတော်တည်းခိုရေး စခန်းတွင်လည်း ၂၄ နာရီ ဆေးခန်းဖွင့်လှစ်ထားရှိကာ ဆေးပညာ၊ အရိုးနှင့်အကြောအဆစ်အထူးကုဆေးခန်း အချိန်ပိုင်းဖွင့်လှစ်ထားရှိပြီး သက်ဆိုင်ရာ အထူးကုဆရာဝန်များ ဦးဆောင်၍ လာရောက်ပြသသည့် လူနာများကို ကြည့်ရှုကုသစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တိုင်းရင်းဆေးခန်းလည်း ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက် ရှိသည်။ စည်ပင်ရိပ်သာနှင့် အားကစားရွာ (Gold Camp) တို့တွင်လည်း ၂၄ နာရီ ဆေးခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး လယ်ဝေးသင်တန်းကျောင်း၌ တည်းခိုနေထိုင်ကြသော မသန်စွမ်းအားကစားသမားများအတွက် ၂၄ နာရီဆေးခန်းဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ Mr. Batu Sergeyevich Khassikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ



ရန်ကုန် ဒီဇင်ဘာ ၈

ရုရှားဖက်ဒရေးရှင်း နိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ Mr. Batu Sergeyevich Khassikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၉ နာရီခွဲတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

ညှိသည်တော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ Mr. Batu Sergeyevich Khassikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တိုင်းရင်းသား တိုင်းရင်းသူများက နှစ်နိုင်ငံအလံများဝှေ့ယမ်း၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်

### လေဖိအားနည်းရပ်ဝန်းအခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၈

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ ဒီဇင်ဘာ ၁၁ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း (သီရိလင်္ကာနိုင်ငံကမ်းလွန်-အိန္ဒိယနိုင်ငံ၊ တမီးလ်နာဒူးကမ်းခြေ)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

### လှမ်းခဲ့ဖို့ ဖိတ်ခေါ် အမျိုးသားအားကစားပွဲတော်

☆ လာလေလာနော် သွားဖို့ခေါ်
နှီးဆော်လိုက်လဲ့ တူဆင်နွှဲ
အမျိုးသားအားကစားပွဲ
အားပေးကြစို့ လိုက်လိုက်လဲ့။

☆ ဝါသနာ
သေချာဆန်းစစ်၊ နည်းစနစ်နှင့်
အားသစ်မာန်ပျိုး၊ ကောင်းအောင်ကြိုး၍
ကောင်းကျိုးကိုယ်၌ ထိုက်တည်စေ
ကောင်းခြင်းမင်္ဂလာ ပျံ့စည်ဝေ။

☆ လှုပ်လှုပ်ရှားရှား
အားကစားမို့၊ အောင်မြင်ဖို့လျှင်
ချွေးစို့ထွက်စေ၊ မမှုချေနှင့်
လာလေတစ်ဆင့်၊ တစ်မြင့်တက်လှမ်း
အောင်ပန်းဆွတ်ငင် စိတ်ဝင်စား
ရိုးသားကြိုးစား တို့အမျိုးသား။

☆ တစ်ဆင့်တစ်ဆင့်
လေ့ကျင့်မှ ကျွမ်းကျင်
ကျွမ်းကျင်မှ တတ်မြောက်
မြဲစဉ်သတိ၊ မူအသိနှင့်
တွေ့ထိပြိုင်ရိုး၊ လှုံ့ဆော်နှိုး၍
အမျိုးသားရေး၊ နိုးကြားတေးနှင့်
ကြွေးကြော်အမှန်၊ အောင်လံထူ
အပြန်အလှန် ချစ်ကြည်ဖြူ။

☆ ဩော်...... လာလေလာနော်
ချစ်ဖော်သားချင်း၊ ဆွေတစ်သင်းရေ
စိတ်ရင်းအမှန်၊ အရိုးခံနှင့်
ပြိုင်စံမပေါ်၊ နိုင်ငံတော်မှ
ပွဲတော်ခင်းရိုး၊ မြန်လူမျိုးလျှင်
နိုးကြားကျန်းမာ လန်းဖြာလို့
လူကောင်းလူတော် ဖြစ်စေဖို့။ ။

ဖိုလေးလုံးသောင်းကိုကို

### ရေချွေတာရေး နည်းလမ်းများ

❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်းဖွင့်မထား ပါနှင့်။
❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံး ပါနှင့်။
❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# အဂတိပယ်ခွာ ပြည်သာယာ

ထက်ဝေအောင်(စစ်ကိုင်း)

**နိုင်ငံ့အသွေးအရောင် တောက်ပစေရေး**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းကို မျက်မြင်ပေတံဖြင့် တိုင်းတာကြည့်ရာတွင် အသွေးအရောင်မခွဲခြား လူတစ်ဦးချင်းစီ၏ စည်းကမ်းသေဝပ်မှု၊ ရိုင်းပင်းကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှုတည်းဟူသော လူ့ကျင့်ဝတ်အခြေခံအကြောင်းတရားများပေါ်တွင် တည်မှီနေကြောင်း လေ့လာတွေ့ရှိရသည်။ နိုင်ငံအတွင်း လည်ပတ်စီးဆင်းနေမည့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးမှု၊ လူ့ကျင့်ဝတ်ဆိုင်ရာ အခြေခံတန်ဖိုးများနှင့် တရားမျှတမှုဆိုင်ရာ အဂတိလိုက်စားမှုလုပ်ငန်းများသည် နေ့စဉ်လူမှုဘဝကို အစဉ်သဖြင့် ခြိမ်းခြောက်လျက်ရှိသည်။ အများပြည်သူလူထုအနေဖြင့် အဂတိလိုက်စားမှုနှင့်ပတ်သက်၍ လာဘ်ပေးခြင်း၊ ငွေကြေး သို့မဟုတ် တံစိုးလက်ဆောင်ပေးခြင်းဟု နားလည်ထားကြသည်။ လူမှန် နေရာမှန် တာဝန်မပေးအပ်ခြင်း၊ မျက်နှာလိုက်၍ ဆက်ဆံခြင်းများသည်လည်း အဂတိမှုပင်ဖြစ်ပေသည်။ အဂတိလိုက်စားမှုကို အဓိပ္ပာယ်ဖွင့်ဆိုကြရာတွင် ယုံကြည်စွာအပ်နှံထားသည့် လုပ်ပိုင်ခွင့်အာဏာကို ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုခြင်း၊ ကိုယ်ကျိုးစီးပွားအတွက် အများပြည်သူဆိုင်ရာ လုပ်ငန်းဌာနအား အသုံးချဆောင်ရွက်ခြင်း၊ အများပြည်သူဆိုင်ရာ သို့မဟုတ် ပုဂ္ဂလိကဆိုင်ရာဌာနများကို ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုခြင်းဟူ၍ နိုင်ငံအလိုက်၊ အဖွဲ့အစည်းအလိုက် သီးခြားစီ အဓိပ္ပာယ်ဖွင့်ဆိုကြသည်ကို လေ့လာတွေ့ရှိရသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့**

နိုင်ငံတကာသည် အဂတိမှုကို လက်မခံပေ။ အဂတိကင်းစင်သော အသိုက်အဝန်းတစ်ခုဖြစ်စေရေး ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention Against Corruption– UNCAC) ကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် (၅၈/၄) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သည်။ နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ အဆိုပါနေ့မှစ၍ ကမ္ဘာတစ်ဝန်းလုံး၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် အများပြည်သူပူးပေါင်းပါဝင်စေရေး ရည်ရွယ်ချက်ကောင်းများဖြင့် လှုပ်ရှားမှုများ၊ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပဆောင်ရွက်ခဲ့သည်။

**"ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းစေရန်၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှုမြင့်မားတိုးတက်လာစေရန်၊ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ အဂတိလိုက်စားမှုကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်လျက်ရှိ"**

ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်၊ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ အဂတိလိုက်စားမှုကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်လျက်ရှိသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအတိုင်း တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ပြည်သူသို့ အသိပညာပေးခြင်း စသည့်နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**ဥပဒေလိုက်နာ ဘေးကင်းကွာ**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၏ ဖွင့်ဆိုချက်တွင် "မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ဥပဒေနှင့်အညီပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်ကို ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန် အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း"ဟူ၍ ဖော်ပြပါရှိသည့်အပြင် "မည်သူမဆို သက်ဆိုင်ရာအစိုးရဌာန၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့်လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ သဘောတူစာချုပ်တစ်ခုတွင် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်း"ဟူ၍ အကျုံးဝင်ပါရှိချက်များကို စိစစ်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆ (၃) ပါ "တိုင်ကြားစာများကို စိစစ်၍လက်ခံခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်း၊ မမှန်မကန် တိုင်ကြားကြောင်း စိစစ်တွေ့ရှိရသည့် တိုင်ကြားစာများကို ပယ်ခြင်း၊ မမှန်မကန်တိုင်ကြားသူကို ဥပဒေအရ အရေးယူခြင်းနှင့် တိုင်ကြားခံရသူအပေါ် တိုင်ကြားချက်သည် နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူသင့်သည်ဟု စိစစ်တွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးပို့အရေးယူစေခြင်း"များ ပြုလုပ်လျက် ထိရောက်သော တုံ့ပြန်စိစစ်ချက်များနှင့်အတူ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အဂတိလေးပါး သတိထားဖွယ်**

အဂတိတရားဟူသည် ဓမ္မလမ်းကြောင်းအရ မလိုက်စားသင့်သော အကြောင်းခြင်းရာသာ ဖြစ်သည်။ ပါမောက္ခချုပ်ဆရာတော်ကြီး ဟောကြားထားသည့် အဂတိလေးပါးကို လေ့လာကြည့်ရာတွင် ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိဟူ၍ တွေ့ရှိရသည်။ ချစ်ခင်သိကျွမ်းသူဖြစ်ခြင်းကြောင့် အမှန်တရားအတိုင်းမဟုတ်ဘဲ မတရားဆုံးဖြတ်ခြင်း(ဆန္ဒာဂတိ)၊ မလိုလားသူ၊ မုန်းတီးသူဖြစ်ခြင်းကြောင့် အမှန်တရားအတိုင်းမဟုတ်ဘဲ မတရားဆုံးဖြတ်ခြင်း၊ အနိုင်ပေးခြင်း (ဒေါသာဂတိ)၊ လုပ်သင့်/မလုပ်သင့်ကို မရွေးချယ်နိုင်ခြင်းကြောင့် မလုပ်သင့်သည်ကို လုပ်သင့်သည် အထင်ဖြင့် လုပ်ဆောင်ခြင်း (မောဟာဂတိ)၊ ကြောက်လန့်၍ အမှန်တရားအတိုင်းမဟုတ်ဘဲ သာသာထိုးထိုးလုပ်ဆောင်ပေးခြင်း (ဘယာဂတိ) အစရှိသည့် အဂတိပြုမှုအခြေအနေများကို လေ့လာသိမှတ်ရပေသည်။ အဂတိလိုက်စားမှုသည် တရားလမ်းကြောင်းမှ သွေဖည်သောအလုပ်ဖြစ်သဖြင့် တရားနည်းလမ်းတကျ ဆောင်ရွက်မှသာ သင့်လျော်မျှတ လူမှုဘဝများကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

အဂတိလေးပါးကျူးလွန်လျှင် အကုသိုလ်ဖြစ်နိုင်သည်။ ကုသိုလ်၊ အကုသိုလ်၏ အကျိုးအပြစ်သည် ဘဝမကူးနိုင်သကဲ့သို သံသရာကျင်လည်ရာ လမ်းတစ်လျှောက် ဝဋ်ကြွေးအဖြစ် တစ်ပတ်လည်နိုင်သည်။ မျက်မှောက်ဘဝတွင်လည်း အဂတိတစ်ပါးပါးနှင့် ငြိစွန်းကျူးလွန်မှုကြောင့် နှလုံးမသာမယာဖြစ်ရပေသည်။ အမှန်တရားဘက်တွင် ရပ်တည်ရေးတွန့်ဆုတ်လာမှုနှင့်အတူ အမှားသံသရာ လည်ပတ်နေမည်ဖြစ်သည်။ အဂတိ၏သက်ရောက်မှုသည် ယဉ်ကျေးမှုသဖွယ်ဖြစ်လာနိုင်သဖြင့် ကလေးအရွယ်မှစ၍ မှန်ကန်စွာ စဉ်းစားတွေးခေါ်နိုင်စွမ်းရှိရေး ကောင်းသောအပြုအမူနှင့် မကောင်းသောအပြုအမူများ သရုပ်ခွဲခြားနားလည်စေရေး မိဘဆရာပူးပေါင်းအားနှင့် လမ်းညွှန်ပြသသွားရမည်ဖြစ်သည်။

အဂတိဖြင့် ဆောင်ရွက်သော လုပ်ငန်းများသည် အမှန်တရားကို မျက်ကွယ်ပြုခြင်းဟု နားလည်ရပေမည်။ မမှန်ကန်သော အတွေးအခေါ်ကို စတင်ကျင့်သုံးရာမှဖြစ်ပေါ်လာသော ကျူးလွန်ဆောင်ရွက်မှုမျိုးဖြစ်သည်။ သန့်ရှင်းသောနေရာတွင် အမှိုက်ပစ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်း အစရှိသော ကျူးလွန်မှုအသေးအဖွဲများမှတစ်ဆင့် မမှန်ကန်သော ဆုံးဖြတ်ချက်များကိုဖြစ်စေသည်။ အလေ့အထသည် အလေ့အကျင့်သဖွယ်ဖြစ်ခြင်းကြောင့် မိမိ၏ စဉ်းစားတွေးခေါ်မှုပုံစံ မှန်ကန်ရေး ကြိုးပမ်းရမည်ဖြစ်သည်။ ကြီးမားသောဆုံးရှုံးမှုမဖြစ်ပွားမီ သတိ၊ အသိယှဉ်နေထိုင်သင့်ပြီး ဖြောင့်မတ်တည်ကြည်မှုနှင့် ရောင့်ရဲနိုင်မှုကို ဘဝတစ်လျှောက်လုံး လက်တွဲခေါ်ငင်သွားရမည်ဖြစ်သည်။

**အဂတိပယ်ခွာ ပြည်သာယာ**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အကျင့်ပျက်ခြစား အဂတိလိုက်စားမှုသည် ကြီးစွာသော အတားအဆီးတစ်ခုဖြစ်ပေသည်။ အလားတူ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားများ၏ ရပိုင်ခွင့် အခွင့်အရေးများကို ထိပါးစေသည်။ လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ထိန်းသိမ်းစောင့်ရှောက်ရမည့် ကျင့်ဝတ်သိက္ခာ၊ လူ့တန်ဖိုးများနှင့် စာရိတ္တပိုင်းဆိုင်ရာ အခြေခံလူ့ယဉ်ကျေးမှုများကို ပျက်စီးပျောက်ဆုံးစေနိုင်သည်။ ထို့ပြင် ခွဲခြားဆက်ဆံခံရသူများ၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးများကျဆင်းလျက် လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှု၏ အကျိုးဆက်အဖြစ် မတည်မငြိမ်မှုနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍများကို အစဉ်ခြိမ်းခြောက်နေမည်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့် ပြည်သူလူထုအကြား အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအသိပိုမိုကြွယ်ဝစွာသိရှိမှသာ နိုင်ငံတော်ပိုင်ငွေကြေးများ၊ ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိစေရေး ကာကွယ်သွားနိုင်မည်ဖြစ်သည်။ အဂတိမှု၏ ပေးသူနှင့်ယူသူ ယဉ်ကျေးမှုတစ်ရပ် အလည်မရပ်သရွေ့ အဂတိလိုက်စားမှုများ ဆက်လက်ကျူးလွန်နေမည်ဖြစ်ပါသည်။ ကြားခံသတင်းပေးတိုင်ကြားသူများ၏ သတင်းပေးပို့တိုင်ကြားမှုနှင့် မတရားခံရသူများ၏ သတင်းပေးပို့တိုင်ကြားမှုများသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အခရာပင်ဖြစ်သည်။ အဂတိကင်းစင် မြန်ပြည်တစ်ခွင်ဖြစ်စေရေး၊ ပြည်သူ ပြည်သားအားလုံး၏ လူမှုဘဝစီးပွားဥစ္စာများ တည်ငြိမ်စေရေး၊ သာယာဝပြောလာစေရေးအတွက် အစိုးရ၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးပါဝင်သော စုပေါင်းအင်အားဖြင့် **"အဂတိပယ်ခွာ ပြည်သာယာ"**ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလျက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**"တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အကျင့်ပျက်ခြစား အဂတိလိုက်စားမှုသည် ကြီးစွာသောအတားအဆီးတစ်ခုဖြစ်ပေသည်။ အလားတူ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားများ၏ရပိုင်ခွင့် အခွင့်အရေးများကို ထိပါးစေသည်။ လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ထိန်းသိမ်းစောင့်ရှောက်ရမည့် ကျင့်ဝတ်သိက္ခာ၊ လူ့တန်ဖိုးများနှင့် စာရိတ္တပိုင်းဆိုင်ရာ အခြေခံလူ့ယဉ်ကျေးမှုများကို ပျက်စီးပျောက်ဆုံးစေနိုင်သည်။ ထို့ပြင် ခွဲခြားဆက်ဆံခံရသူများ၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးများကျဆင်းလျက် လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှု၏ အကျိုးဆက်အဖြစ် မတည်မငြိမ်မှုနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍများကို အစဉ်ခြိမ်းခြောက်နေမည်"**

# အိန္ဒိယနိုင်ငံ Naval War College (NWC)မှ ဒုတိယကျောင်းအုပ်ကြီး ဦးဆောင်သော အရာရှိကြီးများအဖွဲ့ မြန်မာနိုင်ငံရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးစဉ်အဖြစ် လာရောက်လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၈**

အိန္ဒိယနိုင်ငံ Naval War College (NWC)မှ ဒုတိယကျောင်းအုပ်ကြီး Commodore Prashant Chandrasekharan ဦးဆောင်သော အရာရှိကြီးများအဖွဲ့သည် လေ့လာရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ဒီဇင်ဘာ ၂ ရက်တွင် ရောက်ရှိကြသည်။

**ဖူးမြော်ကြည်ညို**

အဆိုပါ ဒုတိယကျောင်းအုပ်ကြီး ဦးဆောင်သော အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း ဒီဇင်ဘာ ၃ ရက်တွင် ရန်ကုန်မြို့ရှိ India Centre သို့ သွားရောက် လေ့လာခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံခြင်းတို့ ဆောင်ရွက်ကြပြီး ဒီဇင်ဘာ ၄ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)နှင့် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံးတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း၊ နေပြည်တော်ရှိ တပ်မတော် စစ်သမိုင်းပြတိုက်၊ နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်လေ့လာဖူးမြော်ကြည်ညိုခြင်းတို့ ဆောင်ရွက်ကြသည်။

**သွားရောက်လေ့လာ**

ဒီဇင်ဘာ ၅ ရက်တွင် ပုဂံ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေသို့ သွားရောက်၍ ပုဂံမြို့တွင်းနှင့် ပုဂံယဉ်ကျေးမှု ပြတိုက်သို့ သွားရောက် လေ့လာကြပြီး ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုခြင်းနှင့် စစ်ရေယာဉ်(မေယု)သို့သွားရောက်လေ့လာခြင်းတို့ ဆောင်ရွက်ကြသည်။

အိန္ဒိယနိုင်ငံ Naval War College (NWC)မှ ဒုတိယကျောင်းအုပ်ကြီး ဦးဆောင်သော အရာရှိကြီးများ အဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည် ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**









## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၇၂၅၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၇၂၅၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

**အသိပေးထုတ်ပြန်**

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပင်းတယမြို့၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်နှင့် ဆိုးကျိုးများအကြောင်း အသိပညာပေးဟောပြော

**ပင်းတယ ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးမှု သင်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက ပင်းတယမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက မီးခိုးမြူငွေ့ ညစ်ညမ်းမှု အန္တရာယ်နှင့် ဆိုးကျိုးများ အကြောင်း အသိပညာပေးခြင်းများ ဆောင်ရွက်သည်။



အဆိုပါ ဟောပြောပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းခတ္တာမောင်က မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ်နှင့် ဆိုးကျိုးများ အကြောင်း အသိပညာပေး ဟောပြောပြီး ကျောင်းသားကျောင်းသူများအား မေးခွန်းများ မေးမြန်း၍ အမှတ်တရဆုလက်ဆောင်များ ပေးအပ်ပြီး လေထုထဲတွင်ပါဝင်သော Invisible Killer PM2.5 အကြောင်း အသိပညာပေး Video Clip ကို ပြသခဲ့ကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားလှံတံပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးလှံတံပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး မသန်စွမ်းအမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး မသန်စွမ်းအမျိုးသား မီတာ(၁၀၀) အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။






ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။




ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲတွင် ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။




ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားခြင်းလုံးပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဓာတ်ပုံ- အလင်းသစ်၊ လင်းရာမ

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ နေပြည်တော်ကောင်စီဝင်များနှင့်အတူ ရာဂီမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှု စစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ဓာတ်အားပေးစက်ရုံ ရှင်းလင်းဆောင်ခန်းမ၌ တာဝန်ရှိသူများက အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဓာတ်အားအမြန်ဆုံးထုတ်လုပ်ပေးနိုင်ရေးအတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရေး၊ ပြုပြင်ရေးလုပ်ငန်းများ ဆောလျင်စွာပြီးစီးနိုင်ရေးအတွက် လူအင်အား၊ ပစ္စည်းအင်အားများကို စနစ်တကျစုဖွဲ့၍ အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားရန်၊ လုပ်ငန်းများကို ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးကာ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေပိုလွှဲနှင့် တမံ၏ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ စက်ယန္တရားကြီးများဖြင့် ချောင်းကြမ်းပြင် တူးဖော်နေမှုကို လည်းကောင်း၊ ဓာတ်အားပေးစက်ရုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တမံကြံ့ခိုင်မှုနှင့် လုံခြုံရေးကို စဉ်ဆက်မပြတ် ဂရုပြုစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးနှင့် လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ဓာတ်အားပေးစက် မဂ္ဂါဝပ် ၇၀ နှစ်လုံးဖြင့် စုစုပေါင်း ဓာတ်အား မဂ္ဂါဝပ် ၁၄၀ ကို ၂၃၀ ကေဗွီ အထက်ပေါင်းလောင်း-နန်ချို ဓာတ်အားလိုင်းဖြင့် နိုင်ငံတော် ဓာတ်အားကွန်ရက်စနစ်အတွင်းသို့ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၄၅၄ ကီလိုဝပ်နာရီသန်းခန့် ထုတ်လုပ်ပေးလျက်ရှိရာ ရာဂီမုန်တိုင်းကြောင့် ဓာတ်အားပေးစက်ရုံအတွင်း ရေများဝင်ရောက်ခဲ့ကာ ဓာတ်အားပေးစက်များ ရေနစ်မြုပ်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ဓာတ်အားထုတ်လုပ်မှုများ ရပ်နားခဲ့ရပြီး ဓာတ်အားအမြန်ဆုံး ပြန်လည်ထုတ်လုပ်ပို့လွှတ် ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နန်ချို ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ဓာတ်အားပေးစက်များ မောင်းနှင်နေမှုနှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ပင်းတယမြို့နယ် ငဖိန်းအင်းကွင်းရှိ မွေးမြူရေးဇုန်စီမံကိန်း ဆောင်ရွက်မည့်နေရာ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ရှမ်းပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ကျိုးဖြူကန်ရေပိုလွှဲ အစိတ်အပိုင်းအချို့နှင့် ရေပေးအဆောက်အအုံ တံခါးရွက်များ ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဒီဇင်ဘာ ၆ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ရေလှောင်ကန် ဘေးကင်းလုံခြုံရေး အစီအမံများနှင့်အညီ နေ့စဉ်မပြတ်ကြည့်ရှုစစ်ဆေးရေး၊ မိုးစပါးနှင့် ဆောင်းသီးနှံများအတွက် စိုက်ပျိုးရေ အလုံအလောက် ပေးဝေနိုင်ရေး၊ သီးထပ်ပိုမိုစိုက်ပျိုးနိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ လှိုင်ဘုံသာ (၂)ရပ်ကွက်ရှိ ကုန်းလှိုင်ကန် အကူရေပိုလွှဲ တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ညောင်ရွှေမြို့နယ်မှ သက်တမ်းနှစ်ပေါင်း(၁၁၀) ရှိပြီဖြစ်သည့် အင်းတိန်ရေလွှဲဆည်မှ အကျိုးပြုဧက ၄၈၇၇ ဧကကို စိုက်ပျိုးရေ ပေးဝေနေမှုကို လည်းကောင်း၊ အင်းတိန်ရေလွှဲဆည် ယာယီပြုပြင်နေမှုလုပ်ငန်းများနှင့် ရွာမချောင်းရေထိန်းနံရံ ရေတိုက်စားခဲ့မှုအား မြေသားရေထိန်း တာပေါင်ဖြင့် ပြန်လည်ကာကွယ် ဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများ အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့အတူ ဒုတိယဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၇ ရက်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် နန်းကုန်းကျေးရွာအုပ်စု ငဖိန်းအင်းကွင်းရှိ မွေးမြူရေးဇုန် စီမံကိန်းဆောင်ရွက်မည့်နေရာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သဃ်န်းကျွန်းမြို့နယ်၌ အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၈

သဃ်န်းကျွန်းမြို့နယ်၌ ဒီဇင်ဘာအားကစားလတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်း ရပ်ကွက်များအလိုက် အားကစားပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများကို ယမန်နေ့နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ထိုသို့ကျင်းပရာ၌ (ခ)ရပ်ကွက်တွင် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ စံပြရပ်ကွက်တွင် ဘောလုံးပြိုင်ပွဲ၊ (က)ရပ်ကွက်တွင် ရိုးရာခြင်းလုံး(ဝိုင်းခြင်း) ခတ်ပြိုင်ပွဲ၊ သုဝဏ္ဏ ၂၄ ရပ်ကွက်တွင် လွန်ဆွဲပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ သုဝဏ္ဏ ၂၅ ရပ်ကွက်တွင် မီတာ ၂၀၀ အပြေးပြိုင်ပွဲများ ကျင်းပခဲ့သည်။

အဆိုပါနေရာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုး၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး စိုးညီဆွေ၊ မြို့နယ်အားကစားမှူး ဦးဦးထွန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က သွားရောက်ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

သူရိန်(ပြန်/ဆက်)





# ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိသည့်အတွက် ရေဖြူကျေးရွာ တောင်သူများ ဆောင်းသီးနှံများပါ စိုက်ပျိုးလာနိုင်

နေပြည်တော် ဒီဇင်ဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရေဖြူကျေးရွာအုပ်စု ရေဖြူ(အလယ်စု)ကျေးရွာတွင် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းမှာ ရာနှုန်းပြည့် အကောင်အထည်ဖော်ပြီးစီးပြီဖြစ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ သိရသည်။

အဆိုပါလုပ်ငန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

## တိုးတက်စိုက်ပျိုးနိုင်

ထိုကဲ့သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံတောင်သူများအနေဖြင့် ရာသီမရွေး စိုက်ပျိုးရေ အသုံးပြုနိုင်မည်ဖြစ်ပြီး ယခင်က မိုးရာသီ၌ စပါးနှင့် ပြောင်းတို့ကိုသာ စိုက်ပျိုးခဲ့ရာမှ ယခုအခါ ဆောင်းသီးနှံဖြစ်သည့် နေကြာ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ခရမ်းချဉ်နှင့် ငရုတ်ပွတို့ကို သီးထပ်သီးညှပ်အနေဖြင့် တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဒေသခံတောင်သူများအတွက် ရာသီမရွေးစိုက်ပျိုးနိုင်အောင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းသည် ဒေသလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုသည့်အတွက် ရှမ်းပြည်နယ်အတွင်း ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပဋိပက္ခဒဏ်ခံခဲ့ရသော အာဖဂန်နိုင်ငံသား ၁၇၅၀၀၀ ကျော်အား တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေပေးမည်




**ကုလသမဂ္ဂ ဒီဇင်ဘာ ၈**

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းရှိ ပဋိပက္ခဒဏ်ခံခဲ့ရသော အာဖဂန်နိုင်ငံသား ၁၇၅၀၀၀ ကျော်အား တရုတ်နိုင်ငံမှ လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်းများကို လာမည့်သီတင်းပတ်များအတွင်း ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (UNHCR) က ယနေ့ ပြောကြားသည်။

မီးဖိုချောင်သုံးပစ္စည်းများ၊ စောင်များအပါအဝင် အခြားသော ကယ်ဆယ်ရေးပစ္စည်းများကို နိုင်ငံတစ်ဝန်းရှိ အိမ်ထောင်စု ၂၇၅၀၀ ကျော် သို့မဟုတ် ပြည်သူ ၁၇၅၀၀၀ ကျော်အား ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

အာဖဂန်နစ္စတန်ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီကိုယ်စားလှယ် အာရာဖတ် ဂျမာလ်က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးသည့်အတွက်တရုတ်နိုင်ငံအား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ခက်ခဲသည့် အချိန်များတွင် ရုန်းကန်နေရသည့် ရွှေ့ပြောင်းဒုက္ခသည် မိသားစုများအား ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သောနှစ်များအတွင်း အာဖဂန်နစ္စတန်နိုင်ငံရှိ ဆင်းရဲနွမ်းပါးပြီး သဘာဝဘေးဒဏ်ခံခဲ့ရသော ပြည်သူများထံ မရှိမဖြစ် လိုအပ်သော ကယ်ဆယ်ရေးပစ္စည်းများကိုလည်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **ကိုးကား -အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# ကမ္ဘောဒီးယားနိုင်ငံတွင် ပြီးခဲ့သည့် ၁၁ လကြာကာလအတွင်း ကန်ဒေါ်လာ ၆ ဒသမ ၄၄ ဘီလီယံရှိ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၃၈၉ ခုကို အတည်ပြုခဲ့

**ဖနောင်ပင် ဒီဇင်ဘာ ၈**

ကမ္ဘောဒီးယားနိုင်ငံတွင် ပြီးခဲ့သည့် ၁၁ လကြာကာလအတွင်း ကန်ဒေါ်လာ ၆ ဒသမ ၄၄ ဘီလီယံရှိ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၃၈၉ ခုကို အတည်ပြုခဲ့ပြီး အလုပ်အကိုင် ၃၀၅၀၀၀ ကို ဒေသခံများအတွက် ဖန်တီးပေးခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီက ဒီဇင်ဘာ ၇ ရက်တွင် ထုတ်ပြန်သည့် မှတ်တမ်းအရ သိရသည်။

အတည်ပြုခဲ့သည့် လုပ်ငန်းများမှာ အထည်အလိပ်၊ ခရီးသွားထုတ်ကုန်၊ ဟိုတယ်လုပ်ငန်း၊ ရေအားလျှပ်စစ်၊ ရေနက်ဆိပ်ကမ်း၊ ဆိုလာလျှပ်စစ်ထုတ်လုပ်ရေး၊ စိုက်ပျိုးရေး၊ အပန်းဖြေဥယျာဉ်တည်ဆောက်ရေး၊ ကားတာယာထုတ်လုပ်ရေး၊ အထူးစီးပွားရေးဇုန်များတည်ထောင်ခြင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာတစ်လတည်းအတွင်း၌ပင် ကန်ဒေါ်လာ သန်း ၉၄၀ တန်ကြေးရှိ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၄၃ ခုကို အတည်ပြုခဲ့ပြီး အလုပ်အကိုင်နေရာ ၃၉၀၀၀ ကို ဒေသခံများအတွက် ပေးအပ်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီက ပြောကြားသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံအတွက် အကြီးဆုံး ပြည်ပကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း ၎င်းကောင်စီက ထပ်လောင်းပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# ပြီးခဲ့သည့် ရှစ်လအတွင်း အာဖဂန်စစ်ဘေးရှောင်ဒုက္ခသည်ပေါင်း ၉၇၀၀၀၀ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိ

**ကဘူးလ် ဒီဇင်ဘာ ၈**

ပြီးခဲ့သည့်ရှစ်လအတွင်း အာဖဂန်စစ်ဘေးရှောင်ဒုက္ခသည်ပေါင်း ၉၇၀၀၀၀ သည် ၎င်းတို့၏ အမိမြေ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ဒေသတွင်းမီဒီယာ တိုလိုသတင်းဌာနက ယနေ့သတင်းဖော်ပြသည်။

စစ်ဘေးရှောင်ဒုက္ခသည် ၈၈၀၀၀၀ သည် ပါကစ္စတန်နိုင်ငံမှဖြစ်ပြီး ဒုက္ခသည် ၅၀၀၀၀ သည် တူကီယဲနိုင်ငံနှင့် ကျန်စစ်ဘေးရှောင်ဒုက္ခသည်များသည် အီရန်နိုင်ငံမှ ပြန်လည်ရောက်ရှိခြင်းဖြစ်ကြောင်း ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အဒူလ်မူတာလစ်ဟာခါနီ၏ ပြောကြားချက်ကိုကိုးကား၍ ဒေသတွင်း မီဒီယာက သတင်းဖော်ပြသည်။

ဝန်ကြီးဌာနက ထုတ်ပြန်သော တရားဝင် အချက်အလက်များအရ လက်ရှိအချိန်တွင် အာဖဂန်ဒုက္ခသည် ခုနစ်သန်းခန့်သည် ပြည်ပတွင် နေထိုင်ကြပြီး အများစုမှာ အာဖဂန်နစ္စတန်၏ အိမ်နီးချင်း ပါကစ္စတန်နှင့် အီရန်တို့တွင်ဖြစ်သည်။

အာဖဂန်အိမ်စောင့်အစိုးရသည် တိုင်းပြည်ပြန်လည်တည်ဆောက်ရေးတွင် အထောက်အကူပြုရန်အတွက် ထွက်ပြေးတိမ်းရှောင်သူများကို နေရပ်သို့ ပြန်လာကြရန် အကြိမ်ကြိမ် တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အစ္စရေးဓားစာခံတစ်ဦး၏ ရုပ်သံဖိုင်ကို ထုတ်လွှင့်ပြသ

**ဂျေရုဆလင် ဒီဇင်ဘာ ၈**

ဂါဇာကမ်းမြောင်ဒေသတွင် ထိန်းသိမ်းထားသည့် အစ္စရေးဓားစာခံတစ်ဦး၏ ရုပ်သံဖိုင်ကို ဟားမတ်စ်စစ်သွေးကြွအဖွဲ့၏ လက်အောက်ခံ အယ်လ်ကွာဆန် တပ်ဖွဲ့ကထုတ်လွှင့်ပြသခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

ဟားမတ်စ်စစ်သွေးကြွအဖွဲ့က မိမိအား ဓားစာခံအဖြစ် ထိန်းသိမ်းခံထားရသည်မှာ ရက်ပေါင်း ၄၂၀ ကျော်ရှိခဲ့ပြီဖြစ်ကြောင်း မာတန်ဇန်ဂေါကာ အမည်ရှိ ဓားစာခံက ၎င်းရုပ်သံဖိုင်တွင် ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ဓားစာခံများလွတ်မြောက်ရေးအတွက် အခကြေးငွေပေးအပ်မည်ဟု ကမ်းလှမ်းထားသည်ဟု ကြားသိရကြောင်းနှင့် ၎င်းကဲ့သို့ဆောင်ရွက်ခြင်းမပြုဘဲ ဟားမတ်စ်အဖွဲ့နှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးပြီး အစ္စရေးတပ်ဖွဲ့များ၏ ဂါဇာဒေသရှိ တိုက်ခိုက်မှုများကို ရပ်တန့်ရန် လိုအပ်ကြောင်းပြောကြားသည်။

၎င်းဓားစာခံ၏ မိခင်ဖြစ်သူ အီနေ့စ် ဇန်ဂေါကာကလည်း မိမိ၏သားနှင့်တကွ အခြားဓားစာခံများ လွတ်မြောက်ရေးအတွက် ဟားမတ်စ်စစ်သွေးကြွအဖွဲ့နှင့်အစ္စရေးတာဝန်ရှိသူများအကြား ညှိနှိုင်းဆွေးနွေးရန်လိုအပ်သည်ဟုတဲအဗစ်မြို့တွင် ကျင်းပသည့် ဓားစာခံများလွတ်မြောက်ရေး အစ္စရေးအစိုးရအား တောင်းဆိုသည့် ဆန္ဒဖော်ထုတ်ပွဲတွင်ပြောကြားသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံ၏ နွေဦးပွဲတော်ကို ယူနက်စကိုက ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းသတ်မှတ်



**ပေကျင်း ဒီဇင်ဘာ ၈**

တရုတ်နိုင်ငံ၏ နွေဦးပွဲတော်ကို ယူနက်စကိုက ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ဒီဇင်ဘာ ၄ ရက်က ထည့်သွင်းသတ်မှတ်ခဲ့ကြောင်း ဂလိုဘယ်တိုင်းစ်သတင်းစာ သတင်းအရ သိရသည်။

ပါရာဂွေးနိုင်ငံ မြို့တော်အာဆွန်စီယွန်တွင် ကျင်းပခဲ့သည့် ယူနက်စကိုအဖွဲ့၏ (၁၉) ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာအစိုးရများကြား ကော်မတီ၏ အမြဲတမ်းအစည်းအဝေးတွင် အထက်ပါအတိုင်း သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ယူနက်စကို၏ ယခုကဲ့သို့အသိအမှတ်ပြုမှုကြောင့် တရုတ်နိုင်ငံ၏ရိုးရာဓလေ့ထုံးတမ်းများသည် အနာဂတ်တွင် ကမ္ဘာတစ်ဝန်းရေပန်းစားလာမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

တရုတ်နိုင်ငံ၏ နွေဦးပွဲတော်ကို ယူနက်စကိုက ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ်သတ်မှတ်ခဲ့ခြင်းအပေါ် ဝမ်းမြောက်ကြောင်း တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူ လင်ဂျန်းက ပြောကြားသည်။

နွေဦးပွဲတော်သည် တရုတ်နိုင်ငံတွင် မိသားစုများ ပြန်လည်ဆုံတွေ့သည့် အရေးကြီးသည့် ပွဲတော်ဖြစ်ပြီးပွဲတော်ကျင်းပချိန်တွင် ကံကောင်းခြင်းကို ဖော်ပြသည့် ဖူ ဟု အမည်ရသည့် စာတန်းကို ရေးဆွဲခြင်း၊ ပေါက်စီပြုလုပ်ခြင်း၊ နဂါးအကနှင့် ခြင်္သေ့အကများ ကခြင်းတို့ကို တရုတ်လူမျိုးများက ဆောင်ရွက်ကြကြောင်း သိရသည်။

နွေဦးပွဲတော်သည် တရုတ်နိုင်ငံသားများ တန်ဖိုးထားသည့် ငြိမ်းချမ်းရေး၊ ချစ်ခင်ရင်းနှီးမှုနှင့် သဟဇာတဖြစ်မှုကို ဖော်ညွှန်းကြောင်း သိရသည်။

**ကိုးကား-ဂလိုဘယ်တိုင်းစ်**

**ဘာသာပြန်-စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် ရေယာဉ် သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၈

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုတ္တမဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသောရေယာဉ်တစ်စင်းပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၆၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Yun San ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၀၁၂၅၉၈) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၃၃လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၉၄၆၄၅၄၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၅၀၀၀၀) ကို လည်းကောင်း၊ မန္တလေးစာတိုက်ကြီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၂၀၀) ကို လည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၅၃၉၈၃၃၈)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မုတ္တမဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Dump Truck မြေသယ်ယာဉ် သုံးစီးနှင့် Honda Fit ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၈၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် ငပုတောမြို့နယ်၌ တရားမဝင် အခြားသစ် ၂ ဒသမ ၂၉၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၁၅၂၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မှော်ဘီခရိုင် ထန်းတပင်မြို့နယ်၌ တရားမဝင်ကျွန်းသစ် သုညဒသမ ၂၃၆ တန်၊ အခြားသစ် သုညဒသမ ၂၆၀ တန် (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၇၄၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကို လည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ဝန်းသိုမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုးနှင့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၁၆၃၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို လည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၆၂၀၂၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း တံတားဦးအဝိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၈၉၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၁၂၆၂၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၈၄၂၃၅၇၉၈) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေး မတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူ ပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကျောက်ဆည်နှင့် မဟာအောင်မြေမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၈

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၄ ရက် ညနေပိုင်းတွင် ကျောက်ဆည်မြို့နယ် သံရွာကျေးရွာအုပ်စု သံရွာကျေးရွာအနီးတွင် အောင်ထွန်းလင်း(ခ)အားဝေ မောင်းနှင်လာသည့် Hummer အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၄၃၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၈ ဒသမ ၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀၀ ကိုလည်းကောင်း၊ ဒီဇင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက် ပြည်ကြီးမျက်ရှင် ကားကြီးဝင်းအတွင်းရှိ ကားဂိတ်တွင် ဆိုင်ကယ်နှင့်ပါဆယ်ပစ္စည်းလာရောက်ထုတ်ယူသူ သိန်းဦး(ခ)အောင်သိန်းဦးနှင့် စိုင်းခေးစုံ(ခ)ရှမ်းလေးတို့ကို စစ်ဆေးရှာဖွေရာ ၎င်းတို့ထုတ်ယူလာသည့် စက္ကူဂျပ်ဖာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



အောင်ထွန်းလင်း(ခ)အားဝေ အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ရဲပြန်ကြား

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၁၂-၂၀၂၄ တနင်္လာနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ ဟံသာဝတီခေတ်ဘုရင်များတည်ထားတာတိုင်ဘုရားများ(အပိုင်း-၁)
၀၈:၄၀ "အမျိုးသားအားကစားပွဲတော်" (Highlights)(5)
၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘဏ်
၀၉:၄၀ ရတနာအလားကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ မြန်မာ့သနပ်ခါး
၁၁:၁၅ "လူငယ်ကဏ္ဍမြင့်တင်လို့ပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းဖန်တီးစို့"
၁၁:၃၀ ဘဝနှင့်အနုပညာ 'ညွှန့်မြန်မာရဲ့..ဖြစ်တည်ရာ' (အကယ်ဒမီဒါရိုက်တာညွှန့်မြန်မာညီညီအောင်) (အပိုင်း-၁)
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၁၀)
၁၃:၃၀ MRTV National News
၁၄:၄၀ မျိုးဗုဇ်တင့်စေဆိုကရေးတီးအမွေ
၁၅:၀၅ အမျိုးသားအားကစားပွဲတော်တေး
၁၅:၃၀ ၂၀၂၄ခုနှစ် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၂၁:၃၀ အမျိုးသားအားကစားပွဲတော်တေး
၂၂:၀၀ ပြည်တွင်း(၁၀)သတင်း၊ နိုင်ငံတကာသတင်း
၂၂:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'အလိုအပ်ဆုံးသောအရာ' (အကယ်ဒမီရဲအောင်၊ အကယ်ဒမီဇော်ဦး၊ ကလေးသရုပ်ဆောင်-စွမ်းစွမ်း) (ဒါရိုက်တာ-မီးပွား)

### mitv

07:01 Evergreen Classic: Parami Taw (Hnin Hnin Htoo)
07:09 Tahbuhla Dam & Oakkan Chaungtha
07:22 His Life and His Art; Myanmarpyi Thein Tan- The Legendary Musician (Epi- 2) 1960 ~ 1970
07:55 BE. Falls Park
08:01 News
08:26 Global Updates: Biomass Energy
08:33 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-2)
08:47 Safari World
09:01 Commercial Farmimg to GDP Growth, Cucumber Grower
09:19 Myanmar Masterclass: Artist Phyu Soe Myint Kyaw
09:33 Inlay Traditional Lotus Fabric
09:46 A Traditional Food in Bagan: Pone Ye Gyi
10:01 News
10:26 Topical Topics: Bamboo Shoot

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကေတုမတီတောင်ငူမြို့သို့အလည်တစ်ခေါက်(အပိုင်း-၁)
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကင်းမွန်ငါးကောက်ညှင်းအစာသွပ်
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကနန်းရိုးရာယဉ်ကျေးမှုအက
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ထိန်းသိမ်းစို့လေဘိုးဘွားအမွေ
**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
အယ်ရီယတ်သီချင်းကြီး
**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ကျန်းမာရေးအထောက်အကူပြုတဲ့ရှောက်သီးအကြောင်း
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
အောင်မြင်ဖြစ်ထွန်းနေသည့်မော်လမြိုင်ကျဲကော
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
အနစ်နာခံသူရဲ့နှလုံးသား
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၂)
**'ဝ' (၂၁:၀၀ မှ ၂၃:၀၀)**
သံထည်ဖြင့်ပြုလုပ်ထားသောလူ့အသုံးအဆောင်

### MRTV NEWS

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၁:၃၅ Sports Diary
၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (**ကိုရီးယားနိုင်ငံ**)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**လူမိုက်တို့သွားရာလမ်း**"
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (**စင်ကာပူနိုင်ငံ**)
၁၀:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (**ကိုရီးယားနိုင်ငံ**)(အပိုင်း-၁)
၁၁:၃၀ ရှေ့သို့ချီမည်....ပန်းတိုင်ဆီ (အပိုင်း-၃၉)

### MRTV FARMERS' HTV Channel

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
၀၆:၁၅ သုတပဒေသာစိုက်ပျိုးနည်းပညာ
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၃၅ Rose Tour
၁၉:၂၅ Massive green bean harvest from the front yard trillers
၁၉:၄၅ International Music Hits Slow Rock
၂၀:၀၀ "ညို့" (ဇာတ်လမ်း)
၂၂:၀၀ Barbie (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၀၀ အားကစားသတင်း
၀၇:၂၀ National Sports Highlight
၁၅:၃၀ ၂၀၂၄ခုနှစ် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio


Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အမျိုးသမီးများ အကြမ်းဖက်မှုမခံရစေရေး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေး

**ဝင်းထွဋ်ဦး**

ယခုဆိုလျှင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာကာလ လှုပ်ရှားမှု ၂၅-၁၁-၂၀၂၄ ရက်နေ့မှ ၁၀-၁၂-၂၀၂၄ ရက်နေ့အထိ ကာလအတွင်း ရောက်ရှိနေပြီဖြစ်ပါသည်။

ကျား၊ မ ဖြစ်ခြင်းကို အခြေခံပြီးဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုများသည် လူ့အခွင့်အရေးချိုးဖောက်သော ကိစ္စရပ်များဖြစ်သောကြောင့် နိုင်ငံတကာက ဆောင်ရွက်နေသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို သိရှိမြင်သာစေရန်၊ ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး တူညီစွာလုပ်ဆောင်မှုကို ဖော်ညွှန်းရန်၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုပပျောက်စေရန်ရည်ရွယ်၍ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာကာလ လှုပ်ရှားမှု ၂၅-၁၁-၂၀၂၄ ရက်နေ့မှ ၁၀-၁၂-၂၀၂၄ ရက်နေ့အထိ အထိမ်းအမှတ် အခမ်းအနားကို ကျင်းပလျက်ရှိပါသည်။




"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ဖို့ အားလုံးပေါင်းစုကြိုးပမ်းလို့ ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် နှစ်(၃၀)ပြည့်ဆီ အရောက်လှမ်းစို့" "Towards 30 years of the Beijing Declaration and Platform for Action: UNITE to End Violence Against Women" ဆိုသည့် ၂၀၂၄ ခုနှစ်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်၏ ဆောင်ပုဒ်ပါ ရည်မှန်းချက်များအတိုင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးလှုပ်ရှားမှုများကို ကျင်းပဆောင်ရွက်နေကြသည်။

### နှစ်ပေါင်း ၃၁ နှစ်တိုင်ရှိ

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးအတွက် နိုဝင်ဘာလ ၂၅ ရက်နေ့မှ ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ (၁၆) ရက်တာလှုပ်ရှားမှုကို ၁၉၉၁ ခုနှစ်က စတင်လုပ်ဆောင်ခဲ့ရာ ယခုနှစ်တွင် နှစ်ပေါင်း ၃၁ နှစ်တိုင် ရှိနေပြီဖြစ်ပါသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားဆောင်ရွက်မှုသည် နှစ်စဉ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့က စပြီး ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သည့် လူ့အခွင့်အရေးနေ့အထိ ကျင်းပပြုလုပ်သော နိုင်ငံတကာလှုပ်ရှားမှုတစ်ခု ဖြစ်ပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၏အန္တရာယ်ကို မီးမောင်းထိုးပြရန်နှင့် ယခုနည်းတူ အကြမ်းဖက်မှုများ ပပျောက်ရေးဆောင်ရွက်မှုများ ပေါ်ပေါက်လာစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပါသည်။

ထို (၁၆) ရက်တာ လှုပ်ရှားဆောင်ရွက်မှုကို တစ်နှစ်ပြီးတစ်နှစ် ဆက်တိုက်လုပ်ဆောင်နေရခြင်း၏ အကြောင်းရင်းသည် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများသည် အကျယ်ပြန့်ဆုံးဖြစ်ပွားနေပြီး လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုအဖြစ် ဆက်လက်ရှိနေခြင်းကြောင့် ဖြစ်ပါသည်။

အများပြည်သူနေရာတွင်ဖြစ်စေ၊ ပုဂ္ဂလိကသီးသန့်အခြေအနေတွင်ဖြစ်စေ အမျိုးသမီးများအပေါ် အနိုင်အထက်ပြုခြင်း သို့မဟုတ် လွတ်လပ်ခွင့်အားငြင်းဆန်ပြီး တစ်ဖက်သတ်ပြုမူခြင်း စသည့် ခြိမ်းခြောက်မှုများ အပါအဝင် ကိုယ်ထိလက်ရောက်ဖြစ်စေ၊ လိင်ပိုင်းဆိုင်ရာဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စေ ထိခိုက်နစ်နာစေမည့် သို့မဟုတ် ထိုသို့ထိခိုက်နစ်နာဖွယ်ရှိသည့် ကျား၊ မ ရေးရာကို အခြေခံသော အကြမ်းဖက်သည့် အပြုအမူတစ်ရပ်ကို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဟုဆိုနိုင်သည်။ အကြမ်းဖက်မှုဆိုသည်မှာ အမျိုးသမီး (gender) အပေါ် အခြေခံပြီး လူတစ်ယောက်အပေါ်တွင် အနိုင်အထက်ပြုကျင့်ခြင်း သို့မဟုတ် အကြမ်းဖက်သည့်လုပ်ရပ်များပင် ဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံများစွာတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများဖြစ်ပေါ်နေသည်ကို နေ့စဉ်နှင့်အမျှ တွေ့မြင်ကြားသိနေရသည်။ အမျိုးသမီးများသည် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းတို့အပြင် စီးပွားရေးဆိုင်ရာ၊ နည်းပညာဆိုင်ရာနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ အကြမ်းဖက်ခြင်း စသည့်အကြမ်းဖက်ခြင်းမျိုးစုံကို ရင်ဆိုင်နေကြရသည်။ အမျိုးသမီးသုံးဦးတွင် တစ်ဦး (ရာခိုင်နှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်း)သည် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကြုံတွေ့ခံစားကြရသည်ဟု ကုလသမဂ္ဂ၏ အစီရင်ခံစာများတွင် တွေ့ရသည်။ ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများ ကြုံတွေ့ခံစားကြရသည့် အကြမ်းဖက်မှုများ၏ ၃၅ ရာခိုင်နှုန်းမှာ ချစ်ခင်ရင်းနှီးသူများ၊ လင်ယောကျ်ားက ကျူးလွန်သည့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် မသိမရင်းနှီးသူများက ကျူးလွန်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ဖြစ်နေသည်။ ထိုအကြမ်းဖက်မှုကို အမျိုးသမီးများအများဆုံး ကြုံတွေ့ခံစားကြရသည်။

အိမ်တွင်းအကြမ်းဖက်မှုသည် အမျိုးသမီး (gender)အပေါ်ခွဲခြားမှုဟူ၍မရှိ မည်သူမဆို ကျူးလွန်သူရော ခံရသူပါ ဖြစ်နိုင်သည်။ အိမ်တွင်းအကြမ်းဖက်မှုများသည် အိမ်ထောင်ရေး၊ မိသားစုနှင့် ပိုမိုနီးစပ်သော လူမှုဆက်ဆံရေးများတွင် အများဆုံးဖြစ်တတ်ကြသည်။ မိမိနှင့် အနီးဆုံးနေရာတွင် ရှိနေတတ်ပြီး အသံတိတ်အကြမ်းဖက်မှုများဟု ပြောနိုင်ပါသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရန် အမျိုးသမီးများအနေဖြင့် မိမိကိုယ်တိုင်ရပိုင်ခွင့်ရှိသော လိင်နှင့် မျိုးဆက်ပွားဆိုင်ရာ အခွင့်အရေးများကို သိရှိနားလည်သဘောပေါက်ထားကြရန် လိုအပ်ပါသည်။ သို့မှသာ မိမိ၏ အခွင့်အရေးချိုးဖောက်ခံရမှုများကို သိရှိနိုင်မည်ဖြစ်သည်။ လိင်ပိုင်းဆိုင်ရာကိစ္စများနှင့် ပတ်သက်ပြီး ကျေနပ်ပျော်ရွှင်သော၊ ဘေးအန္တရာယ်ကင်းသော ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်ခွင့်ရှိသည်။ လိင်ပိုင်းဆိုင်ရာကိစ္စများကို မိမိသဘောမိမိ ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသည်။ မိမိသဘောဆန္ဒမှ ဆန့်ကျင်သောကိစ္စများ လုပ်ဆောင်ရန်ဖိအားပေးခံရပါက လိင်နှင့် မျိုးဆက်ပွားဆိုင်ရာ အကြမ်းဖက်မှုပင်ဖြစ်ကြောင်း သိရှိနားလည်ရန် လိုအပ်သည်။

နေအိမ် သို့မဟုတ် ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင် စသည့်လူ့အဖွဲ့အစည်း၏ နေရာတိုင်းတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ စကားအပြောအဆိုများအပြင် လူ့ပတ်ဝန်းကျင်၏ သတ်မှတ်လူမှုစံနှုန်းများကိုကျော်လွန်ပြီး အမျိုးသမီးများအပေါ်ခွဲခြားဆက်ဆံမှုများ ရှိနေပါသည်။ အမျိုးသမီးများအပေါ် အခြေခံပြီးအမြင်ကွဲပြားမှုကြောင့် တစ်ဦးတစ်ယောက်အပေါ်အင်အားမညီမျှမှုများသုံးကာ ထိခိုက်နစ်နာအောင် ပြုလုပ်ခြင်းသည်လည်း အမျိုးသမီးများအပေါ် အခြေပြု အကြမ်းဖက်မှုပင်ဖြစ်သည်။

တစ်ဦးတစ်ယောက်က အမျိုးသမီးအပေါ် အခြေပြုပြီး ကြမ်းတမ်းသော၊ အရှက်ရစေသော မှတ်ချက်များပေးခြင်း၊ လှောင်ပြောင်ခြင်း၊ ခွင့်ပြုချက်မရှိသော ကိုယ်ရေးကိုယ်တာပုံများ၊ ဗီဒီယိုများကို ပြန်လည်မျှဝေခြင်းများသည်လည်း လေလှိုင်းအွန်လိုင်းပေါ်မှတစ်ဆင့် အမျိုးသမီးအခြေပြု အကြမ်းဖက်မှုမြောက်ပေသည်။ အမျိုးသမီးများအနေဖြင့် မိမိတို့၏ လူမှုဆက်ဆံရေး ပျက်စီးမည်ကို စိုးရိမ်သည့်စိတ်ကြောင့် ဖွင့်ထုတ်ပြောကြားမှု၊ တိုင်ပင်ဆွေးနွေးမှုများမရှိခြင်းသည် ပြုလုပ်သူအပေါ် အခွင့်အရေးပေးရာရောက်ပေသည်။ ခံရသူအတွက်လည်း လျစ်လျူရှုမှု၊ အနိုင်ကျင့်ဖိနှိပ်မှုများ ခံရနိုင်ပါသည်။

ကျွန်ုပ်တို့၏ လူမှုပတ်ဝန်းကျင်တွင် အမျိုးသမီးအခြေပြုအကြမ်းဖက်မှုတွေ့ရှိပါက နောက်နောင်မပြုမူမိစေရန် သိရှိနားလည်အောင်ရှင်းပြပြီး အကြမ်းဖက်မှုဖြစ်သည်ဟု ဖွင့်ထုတ်ပြောကြားရန်လိုကြောင်း အမျိုးသမီးများအပါအဝင် လူမှုအသိုင်းအဝိုင်းအားလုံးကို အသိပညာပေးမှုများ မျှဝေပေးကြရမည်ဖြစ်ပါသည်။ အမျိုးသမီးများအပေါ် အနိုင်ကျင့်မှုများကို တွေ့ရှိလျှင်လည်း ကျွန်ုပ်တို့ ပြည်သူပြည်သားအားလုံးက ထုတ်ဖော်ပြောဆိုကြရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံတော်ကလည်း အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ မဟာဗျူဟာများ ချမှတ်ဖော်ဆောင်လျက်ရှိပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုခံရခြင်းမှ လျော့ပါးစေရေးအတွက် နိုင်ငံတော်အစိုးရဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ဝန်ဆောင်မှုများ ပေးနေသည်။

### ဘဝလုံခြုံမှုနှင့် အသက်မွေးဝမ်းကျောင်းပညာ

အကြမ်းဖက်ခံရသူများကို ပံ့ပိုးပေးမှုအဖြစ် အကြမ်းဖက်ခံရသည့် အမျိုးသမီးများကို ယာယီလက်ခံစောင့်ရှောက်ပေးနိုင်ရေးအတွက် ရန်ကုန်မြို့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများတွင် One Stop Women Support Center (OSWSC)ကို ဖွင့်လှစ်ထားရှိပြီး အမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့် အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်ရေးအတွက် ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရန်အတွက် နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်။ သို့မှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ပပျောက်ရေးအတွက် အရေးအကြီးဆုံးမှာ အမျိုးသမီးများကလည်း မိမိကိုယ်မိမိ ကာကွယ်ကြရမည်။ သတိတရားရှိရှိဖြင့် အကြမ်းဖက်မှုမှန်သမျှနှင့် အကြမ်းဖက်မှုဖြစ်နိုင်ဖွယ်အကြောင်းအရာ လုပ်ရပ်များကို ကြိုတင်ကာကွယ်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**✻ လက်ရှိအချိန်တွင် နိုင်ငံတော်ကလည်း အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ မဟာဗျူဟာများ ချမှတ်ဖော်ဆောင်လျက်ရှိပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုခံရခြင်းမှ လျော့ပါးစေရေးအတွက် နိုင်ငံတော်အစိုးရဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ဝန်ဆောင်မှုများပေးနေ**

**✻ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရန်အတွက် နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်။ သို့မှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ပပျောက်ရေးအတွက် အရေးအကြီးဆုံးမှာ အမျိုးသမီးများကလည်း မိမိကိုယ်မိမိ ကာကွယ်ကြရမည်**

# နေ့လည်၊ တဆင့်၊ လေးစားစွာဖြင့်

• • • • • အင်ကြင်းခိုင်(ရန်ကုန်တက္ကသိုလ်) • • • • •

ကျွန်မတို့သည် မြန်မာစကားကို နေ့တိုင်း ပြောဆိုနေကြပြီး မြန်မာစာလည်း နေ့တိုင်းရေးသား နေကြပါသည်။ ထိုသို့ ပြောဆိုရေးသားကြရာတွင် အမှတ်မှားခြင်းကြောင့် အမှတ်တမဲ့ အပြောမှားခြင်း၊ အရေးမှားခြင်းများ ရှိနေသည်ကို တွေ့မြင်နေရပါသည်။

"နေ့လည်" တွင်ပါဝင်သော "လည်"နှင့် ပတ်သက်၍ အစည်းအဝေးဖိတ်စာတစ်စောင်တွင် အစည်းအဝေးကျင်းပသည့် အချိန်ကိုကြည့်လိုက်သည့်အခါ မကြာခဏတွေ့နေကျအမှားကို တွေ့လိုက်ပါသည်။ "နေ့လည်" ၁၂ နာရီတဲ့။

"နေ့လည်"ဟု ရေးနေကြသည့် "နေ့လည်" သည် နေ့၏အလယ်ကို ဆိုလိုခြင်းဖြစ်၍ "နေ့လယ်" ဟုရေးရသည်ကို "နေ့လည်"ဟု ရေးသားနေကြသည်။ "လည်" ၏အနက်အဓိပ္ပာယ်မှာ လည်ပတ်သည်ဟုအနက်ရပြီး "လည်ပတ်၊ ကျင်လည်၊ အခါလည်" စသည့် စကားလုံးများတွင် "လည်" ဟု ရေးရသော်လည်း၊ အသံထွက်သောအခါ "လယ်" ဟု အသံထွက်သောကြောင့် "လည်" နှင့် "လယ်" တို့သည် အသံထွက်နှင့်ရောထွေးပြီး အရေးတွင် မှားခြင်းဖြစ်မည်။ စာဖြင့်ရေးသော "လည်ပတ်"ကို အသံထွက်သောအခါ "လယ်ပတ်"ဟု အသံထွက်ပြီး စာဖြင့် "ကျင်လည်" နှင့် "အခါလည်" တို့ကိုလည်း အသံထွက်သောအခါ "ကျင်လယ်" နှင့် "အခါလယ်" ဟု အသံထွက်သည်။ ထိုသို့အသံထွက်သဖြင့် "လည်" မှ "လယ်" သို့ အသံပြောင်းသွားခြင်း ဖြစ်သည်။

ယနေ့ မျက်မှောက်ကာလတွင် ရှုပ်ထွေးလာသည့် ပြဿနာတစ်ခုမှာ "တ" နှင့် "တစ်" ဖြစ်သည်။ "တ" နှင့် "တစ်" ကို အကြမ်းဖျင်းအားဖြင့် ကိန်းဂဏန်းဟု အဓိပ္ပာယ်ရလျှင် "တစ်" ရေးရသည်ဟု မှတ်သားထားကြသည်။ သို့မဟုတ် အရေအတွက်သဘောဆောင်လျှင် "တ" ကိုစသတ်ပြီး "တစ်" ဟု ရေးကြသည်။ "တစ်ခါတလေ" နှင့် "တစ်ပြိုင်နက်" တို့သည် ကိန်းဂဏန်းနှင့် ဆက်သွယ်သည့်အတွက် စသတ်နှင့်ရေးခြင်းဖြစ်သည်။

ကျောင်းသုံး၊ ရုံးသုံးစာများတွင် မှ/တစ်ဆင့်ကို မှ/တဆင့်ဟု ရေးသားနေသည်ကို တွေ့ရှိရသည်။ တစ်ဆင့်၊ နှစ်ဆင့်၊ သုံးဆင့် အရေအတွက် သဘောဖြစ်သည့်အတွက် "တစ်ဆင့်" နှင့် ရေးရမည်ဖြစ်သည်။

ရုံးသုံး၊ ကျောင်းသုံး မြန်မာစာတွင် အောက်ခြေဝန်ထမ်းက အထက်အရာရှိထံသို့ တင်ပြသည့် ရုံးစာများတွင် လေးစားသမှုကို ပြချင်သည့်အနေဖြင့် "လေးစားမှုဖြင့်"ဟု ရေးနိုင်သကဲ့သို့ "လေးစားလျက်" ဟု ရေးနိုင်ပါသည်။ ရုံးဌာနဆိုင်ရာများတွင် များသောအားဖြင့် "လေးစားစွာဖြင့်"ဟု သုံးနှုန်းရေးသားနေသည်ကို တွေ့ရှိရပါသည်။ "လေးစားစွာဖြင့်"ဟု သုံးစွဲခြင်းသည် မှားသည့်အသုံးဖြစ်သည်။

"လေးစားစွာဖြင့်" ဟုသုံးခြင်းသည် မှားသည့် အရေးအသားဖြစ်သည်ဟု ပညာရှင်အစဉ်အဆက်က ထောက်ပြခဲ့ကြပါသည်။ "လေးစားသည်" ကြိယာဖြစ်၍ ၎င်းကြိယာနောက်တွင် ပစ္စည်း "စွာ" ဆက်ခြင်းဖြင့် "လေးစားစွာ" ဟူသော ကြိယာဝိသေသန ဖြစ်လာသည်။ သို့ဖြစ်၍ "လေးစားမှုဖြင့်"၊ "လေးစားလျက်"၊ "လေးစားစွာ" စသည့်စကားလုံးများဖြင့် နှစ်သက်သလို သုံးနှုန်းနိုင်ပါသည်။ "လေးစားစွာဖြင့်" ဟု အသိမှား၊ အမှတ်မှားပြီး အများက လက်ခံသုံးနှုန်းရေးသားနေကြသည်ကို တွေ့ရှိနေရပါသည်။

သို့ဖြစ်၍ မြန်မာစာကို စနစ်တကျရေးပြီး မြန်မာစကားကို မှန်မှန်ကန်ကန် ပြောနိုင်ရန် မှားတတ်သော အမှားများကို သိထားရန်လိုအပ်၍ "နေ့လည်၊ တဆင့်၊ လေးစားစွာဖြင့်" ဟု ရေးသားနေကြသည့် စာလုံးပေါင်းသတ်ပုံများကို အမှန်သို့ သိရှိစေရန်ရည်ရွယ်ပြီး "နေ့လည်" ဟူသော စကားလုံးသည် နေ့တစ်နေ့၏ အလယ်ကောင်ဟု အဓိပ္ပာယ်ရ၍ "နေ့လယ်" ဟု လည်းကောင်း၊ အဆင့်တစ်ခုမှ အထက်အဆင့်သို့ တက်စေလိုသောကြောင့်၊ အရေအတွက်သဘောကိုဆောင်သောကြောင့် "တစ်ဆင့်" ဟုလည်းကောင်း၊ လေးစားသည်ဟူသော ကြိယာကို အထောက်အကူပြုသည့် ကြိယာ နောက်ဆက် "စွာ" ၏နောက်တွင် "ဖြင့်" အသုံးမရှိသောကြောင့် "လေးစားမှုဖြင့်၊ လေးစားလျက်၊ လေးစားစွာ" ဟု ရေးသားရမည်ဖြစ်သည်။ စာလုံးပေါင်းသတ်ပုံ မှန်ကန်ရေးသည် အနက်အဓိပ္ပာယ် သိရှိရန်လိုအပ်သကဲ့သို့ သဒ္ဒါအသုံးအနှုန်း မှန်ကန်ရေးသည်လည်း အရေးပါကြောင်း သိရှိစေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ထိန်ချိုးသိပ္ပံ ပညာရှင်များဖိုရမ်ဖွင့်ပွဲ တက်ရောက်




**နေပြည်တော် ဒီဇင်ဘာ ၈**

ထိန်ချိုးသိပ္ပံပညာရှင်များဖိုရမ် (၂၀၂၅) ဖွင့်ပွဲကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ထိန်ချိုးမြို့၌ ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

**တက်ရောက်**

ဖိုရမ်ကို ယူနန်ပြည်နယ်အစိုးရနှင့် တရုတ်သိပ္ပံနှင့် နည်းပညာအဖွဲ့အစည်းတို့က "Science Global Innovation and the Mission of Scientists–Empowering High–Quality Development" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ကြပြီး ပြည်နယ်ပါတီအကြီးအကဲနှင့် အဆင့်မြင့်အရာရှိကြီးများ၊ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ သိပ္ပံနှင့် နည်းပညာဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံတကာထိပ်တန်းတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် သိပ္ပံပညာရှင်များ၊ လူငယ်သိပ္ပံပညာရှင်များ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖိုရမ်တွင် ၂၀၀၆ ခုနှစ် ရူပဗေဒနိုဘယ်ဆုရ ပါမောက္ခ George Smoot အပါအဝင် တရုတ်နှင့် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာလောကတွင် အောင်မြင်ကျော်ကြားသည့် ပညာရှင်များက ဆွေးနွေးကြသည်။

**မေးမြန်းမှုများကိုဆွေးနွေးဖြေကြား**

ဖိုရမ်အတွင်း ဒုတိယဝန်ကြီးသည် ယူနန်ဗဟိုအသံလွှင့် ရုပ်မြင်သံကြားဌာနချုပ်၏ သိပ္ပံနှင့်နည်းပညာ တီထွင်ဖန်တီးမှုများဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များနှင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းအစီအစဉ်များ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် AI နည်းပညာတို့နှင့်စပ်လျဉ်း၍ သီးခြားတွေ့ဆုံ မေးမြန်းမှုများကို ဆွေးနွေးဖြေကြားပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ချိန်ကွမ် ဇီဝဗေဒ သိပ္ပံနှင့်နည်းပညာအုပ်စု (Chenguang Biotech Group) ၏ ဇီဝနည်းပညာကို အသုံးချ၍ ဂန္ဓမာပန်း၊ ငရုတ်သီး၊ ဂုန်လျှော်ပင်၊ စပျစ်စေ့ကုန်ကြမ်းတို့မှ အစားအသောက်နှင့် လူသုံးဆေးဝါးထုတ်ကုန်များ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ Huayu (ဟွားရွှီ) Bio Tech ကုမ္ပဏီအုပ်စု၏ ၁၉၉၃ ခုနှစ်မှစ၍ ဇီဝနည်းပညာများကို သုတေသနပြုလုပ်ကာ ၂၀၂၂ ခုနှစ်အထိ နွားခွာနာလျှာနာပျောက်ဆေးများ၊ ဝက်ကူးစက်ရောဂါကာကွယ်ထိုးဆေးများ ထုတ်လုပ်မှုကိုလည်းကောင်း သွားရောက်လေ့လာခဲ့ပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရှိ ဇီဝနည်းပညာ သုတေသနဦးစီးဌာနနှင့် သုတေသနများ ပူးပေါင်းဆောင်ရွက်ကာ နည်းပညာများ မျှဝေဖလှယ်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ထိန်ယောက်တိုင်းရင်းဆေးထုတ်လုပ်ရေး ကုမ္ပဏီသို့ သွားရောက်ခဲ့ပြီး ပိုးဟပ်များကို ၁၉၉၄ ခုနှစ်မှစတင်၍ ဇီဝနည်းပညာသုတေသနပြုလုပ်၍ ဆေးဝါးထုတ်လုပ်မှု၊ နှလုံးအားကောင်းဆေးများ၊ အသားအရေကောင်းမွန်ဆေးများစသည်တို့ ထုတ်လုပ်နိုင်မှု၊ သုတေသနဆောင်ရွက်မှု၊ စာတမ်းများ ရေးသားပြုစုခဲ့မှုနှင့် တီထွင်မှုမူပိုင်ခွင့် ခုနစ်ခုရရှိခဲ့မှု၊ မြစ်ကြီးနားရှိ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ပေါ်ဒေသများမှထွက်ရှိလာသည့် ဗိုလ်စားပဲများအရောင်းအဝယ်ကောင်းနေ



**မန္တလေး ဒီဇင်ဘာ ၈**

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းသီးနှံဈေးကွက်သို့ တောင်ပေါ်ဒေသများမှထွက်ရှိလာသည့် ဗိုလ်စားပဲများ ဝင်ရောက်လာပြီး ဈေးကွက်အတွင်း အရောင်းအဝယ်များ ကောင်းနေကြောင်း မန္တလေးမြို့ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။


လက်ရှိအချိန်တွင် မန္တလေးမြို့ ကုန်စိမ်းသီးနှံဈေးကွက်အတွင်းသို့ တောင်ပေါ်ဒေသတစ်ဝိုက်တို့မှ ထွက်ရှိလာသည့် ဗိုလ်စားပဲများ နေ့စဉ်ကားအစီးရေ သုံးစီးမှ လေးစီးခန့် ပုံမှန်ဝင်ရောက်နေကြောင်း၊ ယခုလက်ရှိ ဈေးနှုန်းများမှာ တစ်ပိဿာလျှင်ငွေကျပ် ၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဗိုလ်စားပဲက တောင်ပေါ်ဒေသဘက်တွေကပဲထွက်ရှိပြီး ဈေးကို အပြိုင်ဝင်ရောက်နေပါတယ်။ မြေပြန့်ဒေသဘက်က ထွက်တာနည်းသေးပါတယ်။ စိုက်ပျိုးမှုတွေကလည်း ယခင်နှစ်တွေထက်စာရင် နည်းလာပါတယ်။ ကျန်တဲ့သီးနှံများဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ မုန်ညင်း၊ မုန်လာဥ၊ ပဲရှည်သီး၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ ခါကြက်ဥနဲ့ ကြက်သွန်နီစတဲ့ သီးနှံတွေလည်း အရောင်းအဝယ်တွေ ကောင်းနေပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါဗိုလ်စားပဲများကို လက်ရှိအချိန်တွင် တောင်ပေါ်ဒေသများမှ အဓိကထားစိုက်ပျိုးကြပြီး ယင်းသီးနှံသည် ရာသီအလိုက်ထွက်ရှိသော သီးနှံမျိုးဖြစ်၍ တောင်သူများအတွက် အကျိုးဖြစ်ထွန်းသည့် သီးနှံတစ်ခု ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**





# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဖွင့်ပွဲအခမ်းအနား တက်ရောက်

**မကွေး ဒီဇင်ဘာ ၈**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၇ ရက်က ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းသိန်းနှင့် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ကျောင်းအတွင်း ခင်းကျင်းပြသထားသည့် ကျောင်းစာကြည့်တိုက်၊ ဂိမ်းကစားပြိုင်ပွဲများ၊ စာအုပ်အရောင်းဆိုင်များ၊ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်းနှင့် ဌာနဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။



ဆက်လက်၍ အခမ်းအနားဒုတိယပိုင်း အစီအစဉ်ကို အဆိုပါကျောင်းရှိ ရတနာခန်းမ၌ကျင်းပရာ ကျောင်းသား ကျောင်းသူများက “အလှဆုံးပန်းများပွင့်ကြပြီ” သီချင်းဖြင့် သီဆိုကပြဖျော်ဖြေဖွင့်လှစ်ခဲ့ပြီး “နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်” Video Clip ကို ပြသခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားရာတွင် အနာဂတ်တွင်နိုင်ငံတော်က အားကိုးအားထားပြုရမည့် ကျောင်းသားကျောင်းသူလူငယ်များအား ဗလငါးတန်ပြည့်စုံစေရေး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ စာပေကို အလေးထားတန်ဖိုးထားပြီး အမှား၊ အမှန်ဝေဖန်ပိုင်းခြားတတ်စေရေး၊ စာကြည့်တိုက်များနှင့်ယှဉ်ပါးလာပြီး စာဖတ်ခြင်း၊ ဗဟုသုတရှာဖွေခြင်းစသည့် အလေ့အထတွင် ပျော်မွေ့လာစေရန်ရည်ရွယ်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ယခုကဲ့သို့ ပွဲတော်များကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက “ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့” သီချင်းဖြင့်လည်းကောင်း၊ “ထာဝရသစ္စာ” သီချင်းဖြင့်လည်းကောင်း၊ “စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်” သီချင်းဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စာပေဟောပြောပွဲတွင် “လူငယ်တို့အတွက် စာပေရေးရာသိစရာများ” ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည့် စာရေးဆရာ မျိုးမင်းလတ်အား အမှတ်တရလက်ဆောင်ပေးအပ်ကာ မြို့သစ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်း၍ သီဆိုဖျော်ဖြေခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

# ဇေယျာသီရိမြို့နယ် ညောင်ပင်ကြီးကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် စည်ပင်ကြီးကျေးရွာအုပ်စု ညောင်ပင်ကြီးကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**နေဘ်လူး**

# ဟိုပုံးမြို့၌ ဟိုပုံးတပ်နယ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ဟိုပုံး ဒီဇင်ဘာ ၈**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူလူထု ကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင်ကာကွယ်နိုင်ရန်၊ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရန်ရည်ရွယ်၍ ဟိုပုံးတပ်နယ်တွင် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီခွဲက တပ်မတော်ကွန်ပျူတာနှင့် နည်းပညာကျောင်းရှေ့မှ ဟိုပုံး-လွိုင်လင်သွားပြည်ထောင်စုလမ်းမကြီးအတိုင်း စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

**ကိုယ်လက်ကြံ့ခိုင်ရေးပြုလုပ်**

ထိုသို့ ဆောင်ရွက်ရာတွင် ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းနိုင်၊ တပ်နယ်အတွင်းရှိ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း၊ နယ်မြေခံတပ်ရင်းတို့မှ အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုများက စုပေါင်း၍ ကိုယ်လက်ကြံ့ခိုင်ရေး အတွဲ(၁)၊ အတွဲ(၂) ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



# ကျိုင်းတုံမြို့၌ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပ

**ကျိုင်းတုံ ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စာရေးဆရာအသင်းနှင့် ရှမ်းချယ်ရီပရဟိတ ပညာရေး ပရဟိတဂေဟာတို့ ပူးပေါင်းကျင်းပသည့် စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲကို ဒီဇင်ဘာ ၇ ရက်က အဆိုပါဂေဟာ၌ ကျင်းပသည်။

စာပေဟောပြောပွဲတွင် ရှမ်းချယ်ရီပရဟိတ ပညာရေးပရဟိတဂေဟာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းထွန်းအေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကျိုင်းတုံမြို့နယ် စာရေးဆရာအသင်းအတွင်းရေးမှူး ဦးနေဝင်း(နိုင်နိုင်အောင်ဝေ)က နိုင်ငံ့သားကောင်း သမီးကောင်းများ ဖြစ်ကြပါစေ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်စာရေးဆရာ အသင်းအဖွဲ့ဝင် ဦးထိန်လင်းသိန်းစောက ချစ်လှစွာသော စာပေခေါင်းစဉ်ဖြင့်လည်းကောင်း အဆိုပါဂေဟာမှ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောသည်။

ထို့နောက် ရှမ်းချယ်ရီပရဟိတ ပညာရေးပရဟိတဂေဟာကြီးကြပ်မှုကော်မတီနာယကဦးစိုင်းဆမ်တစ်က ကျောင်းသား ကျောင်းသူများအား သွန်သင်လမ်းပြအားပေးစကားပြောကြားပြီး ရှမ်းချယ်ရီပရဟိတ ပညာရေးပရဟိတဂေဟာကြီးကြပ်မှုကော်မတီနာယက ဦးညွှန့်အောင်က စာရေးဆရာများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# ဈေးကွက်ကျယ်ပြန့်လာသည့် မြန်မာ့ကော်ဖီ

မျိုးမြတ်မိုး(MANA)



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိသည်။ ကော်ဖီလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်ဖီသီးနှံထုတ်လုပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီလျက်ရှိသည်။ ကော်ဖီကဏ္ဍဖွံ့ဖြိုးရေးအတွက် ကော်ဖီသီးနှံ ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်တစ်လျှောက်လုံး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံကော်ဖီအသင်းနှင့် အဖွဲ့အစည်းများပါဝင်သော ကော်ဖီဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ ကော်ဖီသီးနှံမှာ စိုက်ပျိုးသူများအတွက် အကျိုးများသကဲ့သို့ နိုင်ငံတော်အတွက် ပြည်ပပို့ကုန်တစ်ခုအဖြစ် အလားအလာများစွာရှိနေသည့် သီးနှံဖြစ်သည်။ မြန်မာ့ကော်ဖီဖွံ့ဖြိုးရေးအတွက် နေရာဒေသနှင့်ကိုက်ညီသည့် မျိုးရွေးချယ်မှုမှန်ကန်ရေးကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ကော်ဖီကို တောင်ပေါ်ဒေသများတွင် စိုက်ပျိုးနိုင်သလို မြေပြန့်ဒေသများတွင်လည်း စိုက်ပျိုးကြသည်။

**ကော်ဖီအဆန်ထွက်ရှိမှုသည် တန်ချိန် ၁၀၀၀၀ ခန့်ရှိ**

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးမှုနှင့် ပတ်သက်၍ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ကော်ဖီစိုက်ပျိုးပြီး ဧရိယာ စုစုပေါင်း ၂၀၂၄၂ ဟက်တာ (ဧက ၅၀၀၀၀ ခန့်) ရှိသည်။ တစ်နိုင်ငံလုံးအနေဖြင့် ကော်ဖီအဆန်ထွက်ရှိမှုသည် တန်ချိန် ၁၀၀၀၀ ခန့်ရှိကြောင်း သိရှိရသည်။ ကော်ဖီသီးနှံထုတ်လုပ်သည့် MSME လုပ်ငန်းများအတွက် လိုအပ်သည့်ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီး၊ အရင်းအမြစ် စသည့်အချက်လေးချက် ပြည့်စုံအားကောင်းရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော စီးပွားရေးရည်မှန်းချက်အတိုင်း လုပ်ဆောင်လျက်ရှိရာတွင် နှစ်ရှည်ပင်သီးနှံဖြစ်သော ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများလည်း ပါဝင်သည်။ ပြည်ပပို့ကုန်များတွင် မြန်မာနိုင်ငံမှ ကော်ဖီသည်လည်း ဈေးကွက်ဝင်ပစ္စည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကော်ဖီ ၄၉၉၅၁ ဧက စိုက်ပျိုးထားရာ ကော်ဖီမှာ လေးနှစ်သားအထက်မှစပြီး ကော်ဖီသီးခူးရသည့်အတွက် အသီးခူးဧကမှာ ၃၅၃၇၆ ဧက ရှိသည်။ တစ်နှစ်ပတ်လုံးထွက်ရှိမှုအနေဖြင့် ကော်ဖီသီးတန်ချိန် ၉၀၀၀ ကျော် ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှကော်ဖီမှုန့်များ တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေသုံးစွဲနေခြင်းကို လျှော့ချရန်လိုအပ်သည်။ ကော်ဖီများကို ပြည်ပသို့ များများတင်ပို့နိုင်ရေးဆောင်ရွက်ပြီး ပြည်ပဝင်ငွေများ တိုးပွားအောင်လုပ်ဆောင်ရမည်ဖြစ်သည်။ ကော်ဖီစိုက်ပျိုးမှုကို ပိုမိုတိုးချဲ့ဆောင်ရွက်ပြီး မြန်မာ့ကော်ဖီကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ကော်ဖီကိုတောင်ပေါ်ဒေသများတွင် စိုက်ပျိုးနိုင်သလို မြေပြန့်ဒေသများတွင်လည်း စိုက်ပျိုးကြသည်။ တောင်ပေါ်ဒေသတွင် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော်မှ ပေ ၆၀၀၀ အထိ ဖြစ်ထွန်းသည်။ လက်ရှိစိုက်ပျိုးနေသည့်နေရာများမှာ ကချင်ပြည်နယ်တွင် ပူတာအို၊ မြစ်ကြီးနား၊ ဗန်းမော်၊ မန္တလေးတိုင်းဒေသကြီးတွင် မိုးကုတ်နှင့် ပြင်ဦးလွင်၊ ရှမ်းပြည်နယ်တွင် ကျိုင်းတုံ၊ တာချီလိတ်၊ လွိုင်မွေ၊ နောင်ချို၊ ရပ်စောက်၊ ပင်းတယ၊ ရွာငံ၊ ဟိုပုံး၊ နောင်တရား၊ ပင်လောင်း၊ ကယားပြည်နယ်တွင် လွိုင်ကော်၊ ဒီးမော့ဆို၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး အနောက်ခြမ်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်းတို့တွင် စိုက်ပျိုးကြသည်။ မြေပြန့်ကော်ဖီများကို ကရင်ပြည်နယ် လိပ်သို၊ သံတောင်ကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးဖြစ်ထွန်းသည်။

**ကုန်းမြင့်ကော်ဖီကို ဇုန်လေးဇုန်ခွဲပြီးစိုက်ပျိုး**

ကော်ဖီကို အရိပ်ရအပင်များအောက်တွင် စိုက်ပျိုးလေ့ရှိသည်။ အခြားသောအပင်များကို စိုက်ပျိုးလျှင် မြေကိုရှင်းလင်းရသော်လည်း ကော်ဖီစိုက်ပျိုးခြင်းမှာမူ အရိပ်ရအပင်ကို အရင်စိုက်ရခြင်းဖြစ်သည်။ ပြင်ဦးလွင်တွင် ခါတော်မီကိုအရင်စိုက်ပြီး ထိုအပင်အောက်မှ ကော်ဖီကိုစိုက်ကြသည်။ ကော်ဖီစိုက်ပျိုးခြင်းမှာ သစ်တောဖြစ်ထွန်းပြီး သဘာဝပတ်ဝန်းကျင်ကို ကောင်းမွန်စွာထိန်းသိမ်းမှုဖြစ်စေသည်။ လက်ရှိအခြေအနေတွင် ကုန်းမြင့်ကော်ဖီကို ဇုန်လေးဇုန်ခွဲပြီး စိုက်ပျိုးရန်ဖြစ်ပြီး ဇုန် (၁)မှာ ပြင်ဦးလွင်၊ နောင်ချိုနှင့် မိုးကုတ်ဒေသတို့ ပါဝင်သည်။ တစ်နှစ်ကိုဧက ၁၅၀၀၀ နှင့် ငါးနှစ်တွင် ဧက ၇၅၀၀၀ စိုက်ပျိုးမည်ဖြစ်သည်။ ဇုန် (၂) တွင် ရွာငံနှင့် ပင်းတယတို့ပါဝင်ပြီး ငါးနှစ်တွင်ဧက ၃၇၅၀၀၊ ဇုန် (၃)တွင် ဟိုပုံး၊ ပင်လောင်း၊ နောင်တရား၊ ဟဲဟိုး၊ မဲနယ်တောင်ပါဝင်ပြီး ငါးနှစ်တွင် ဧက ၅၀၀၀၀ စိုက်ပျိုးမည်ဖြစ်သည်။ ကော်ဖီစိုက်ပျိုးဇုန် (၄) တွင် ကျိုင်းတုံ၊ တာချီလိတ်ပါဝင်ပြီး ဧက ၃၇၅၀၀ စိုက်ပျိုးမည်ဖြစ်ပေရာ စုစုပေါင်း ဧက ၂၀၀၀၀၀ စိုက်ပျိုးမည်ဖြစ်သည်။ မြေပြန့်ကော်ဖီဖြစ်သည့် ရိုဘတ်စကာကို တနင်္သာရီတိုင်းဒေသကြီးတွင် ဧက ၅၀၀၀၀ နှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ဧက ၂၅၀၀၀ စီ စုစုပေါင်းဧက ၁၀၀၀၀၀ စိုက်ပျိုးမည်ဖြစ်သည်။ ကော်ဖီစိုက်ပျိုးခြင်းမှာ မူလအစတွင်ရင်းနှီးမြှုပ်နှံမှုများသော်လည်း နောင်တွင် အရင်းကျော်ပြီး အမြတ်များသာရရှိတော့မည်ဖြစ်သည်။ ၁၆ နှစ်အထိ ဆက်တိုက်အမြတ်ရရှိနေမည်ဖြစ်ပြီး ၁၆ နှစ်ကျော်ပါက အသီးထွက်လျော့နည်းလာမည်ဖြစ်သည်။

ကော်ဖီစိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းခြင်းမှ ပြည်ပသို့ များများတင်ပို့နိုင်လေလေ နိုင်ငံခြားငွေရရှိလေလေဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကော်ဖီစိုက်ပျိုးခြင်းကို အလေးအနက်ထားလျက်ရှိသည်။ အဓိကအားဖြင့် နိုင်ငံ့စီးပွားမြင့်မားရေးအတွက်ဖြစ်သကဲ့သို့ ကော်ဖီစိုက်တောင်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးလည်းပါဝင်သည်။ ကော်ဖီစိုက်တောင်သူများကို မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် အတိုးနှုန်းသက်သာစွာ တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်း ချေးပေးသည်။ မျိုးကောင်းမျိုးသန့် ကော်ဖီပျိုးပင်များနှင့် နည်းပညာများ ပံ့ပိုးပေးသည်။ လုပ်ကွက်ငယ် တောင်သူများအတွက် နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည်ချေးငွေရရှိရေး ဆောင်ရွက်ပေးသည်။ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသာမက ပြည်ပက လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ပြည်ပရင်းနှီးမြှုပ်နှံလိုသူများကို ဖိတ်ခေါ်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ကော်ဖီအား ကမ္ဘာ့ဈေးကွက်တွင် ခိုင်မာစွာနေရာရရှိရန် အရည်အသွေးကောင်းကော်ဖီထုတ်လုပ်ရန် နည်းပညာနှင့် ပစ္စည်းကိရိယာများ ပံ့ပိုးပေးသည်။ ကော်ဖီဝယ်လိုအားရှိသည့် ပြည်ပနိုင်ငံများနှင့် ဈေးကွက်ချိတ်ဆက်ဆောင်ရွက်ပေးသည်။ ကော်ဖီလုပ်ငန်းနှင့်ဆက်စပ်သည့် စက်ကိရိယာပစ္စည်းများကို အခွန်အကောက်အနည်းဆုံးနှင့် တင်သွင်းနိုင်ရန် ဆောင်ရွက်ပေးသည်။ နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးခြင်းများနှင့်အတူ ကော်ဖီလုပ်ငန်းရှင်များကလည်း မျိုးကောင်းမျိုးသန့် ကော်ဖီများကို တိုးချဲ့စိုက်ပျိုးကြရန်ဖြစ်သည်။

မြန်မာနိုင်ငံမှ ကော်ဖီတင်ပို့သော နိုင်ငံများမှာ ဆွစ်ဇာလန်၊ တရုတ်၊ ထိုင်း၊ အမေရိကန်၊ ဗြိတိန်၊ အိုက်စလန်၊ တောင်ကိုရီးယား၊ ဂျပန်၊ ဂျာမနီ၊ ယူအေအီးတို့ဖြစ်ပြီး စုစုပေါင်းတန်ချိန် ၄၅၀ မှ ၅၀၀ ခန့်ဖြစ်ကြောင်း သတင်းများအရ သိရှိရသည်။ မြန်မာ့ကော်ဖီကို ကုန်ကြမ်းအဖြစ်သာ တင်ပို့နေရခြင်းဖြစ်ရာ ပြည်တွင်း၌ ကော်ဖီကို ကုန်ချောအဖြစ် ထုတ်လုပ်သည့်လုပ်ငန်းများ ထူထောင်လုပ်ကိုင်ပါက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်လာရန် အထောက်အကူပြုလာနိုင်မည်ဖြစ်သည့်အပြင် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်လာစေရန်လည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ပြည်တွင်းသို့ တင်သွင်းနေသည့် နိုင်ငံခြားကော်ဖီကုန်ချောများတွင် ကမ္ဘာ့ဈေးကွက်တွင် နေရာရနေသည့် အမှတ်တံဆိပ်များ ပါဝင်သည့်အနက် ထုတ်လုပ်သည့်နိုင်ငံများမှာ နိုင်ငံငယ်များသာဖြစ်သည်ကို တွေ့ရှိနိုင်သည်။

**မြန်မာ့ကော်ဖီသည်**
**နိုင်ငံတကာဈေးကွက်တွင် နာမည်ကောင်းရရှိနေ**

မြန်မာ့ကော်ဖီသည် အရည်အသွေး အနံ့အရသာအရ နိုင်ငံတကာကော်ဖီဈေးကွက်တွင် အလားအလာရှိသော ကုန်စည်ဖြစ်သည်။ ပြင်ဦးလွင်နှင့် ရွာငံဒေသထွက်ကော်ဖီများသည် ကမ္ဘာ့အဆင့်မီ Special Coffee အဆင့် အသိအမှတ်ပြုခံထားရပြီးဖြစ်ရာ မိမိတို့အမှတ်တံဆိပ်များနှင့် ကော်ဖီကုန်ချောများ ကမ္ဘာ့ဈေးကွက်တွင် နေရာရလာရေးကြိုးပမ်းသွားကြရန်လိုသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ကုန်းမြင့်ကော်ဖီခေါ် အာရေဗီကာကော်ဖီ ဧက ၄၀၀၀၀ ခန့်နှင့် မြေနိမ့်ကော်ဖီ ခေါ် ရိုဘတ်စကာကော်ဖီ စိုက်ဧက ၁၀၀၀၀ ခန့် စုစုပေါင်း ကော်ဖီဧက ၅၀၀၀၀ ခန့် စိုက်ပျိုးလျက်ရှိသည်။ နှစ်စဉ်ကော်ဖီတန်ချိန် ၉၀၀၀ ကျော် ထွက်ရှိသည့်အနက် တန်ချိန် ၅၀၀၀ ကျော်ကို ပြည်ပသို့ တင်ပို့လျက်ရှိကြောင်းနှင့် တိုးချဲ့တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ ကော်ဖီများကို တရုတ်၊ ထိုင်း၊ အမေရိကန်၊ နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ ပြင်သစ်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သတင်းများတွင် တွေ့ရှိရသည်။ ကမ္ဘာပေါ်တွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်တင်ပို့နေသည့် နိုင်ငံပေါင်း မြန်မာအပါအဝင် ၇၅ နိုင်ငံရှိရာ မြန်မာ့ကော်ဖီသည် အနံ့အရသာနှင့် အရည်အသွေးပိုင်း၌ ထိပ်တန်းအဆင့်မြင့် နိုင်ငံတကာဈေးကွက်တွင် နာမည်ကောင်းရရှိနေသည်ဟု သိရသည်။

ကော်ဖီသီးနှံမှာစနစ်တကျ တစ်ခါစိုက်ပျိုးပြီးလျှင် ရေရှည်အကျိုးပြုသည့် နှစ်ရှည်သီးနှံဖြစ်သည်။ နိုင်ငံတော်က ကော်ဖီဖွံ့ဖြိုးရေးအတွက် အားပေးမှုရှိသည့်အတွက် လုပ်ငန်းများအောင်မြင်မှုရရှိနေသည်။ အရည်အသွေးကောင်းကော်ဖီထုတ်လုပ်ရာတွင် အသုံးပြုသည့် ကော်ဖီသီးမှည့်အခွံချွတ်စက်၊ အကျိအချွဲဖယ်စက်၊ ကော်ဖီလှန်းစင်၊ ကော်ဖီသီးအချိုခတ်တိုင်းကိရိယာ၊ ကျင်းတူးစက်၊ နေရောင်ခြည်သုံး အခြောက်ခံကိရိယာ စသည့် လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများကို နိုင်ငံတော်က ထောက်ပံ့ကူညီပေးလျက်ရှိသည်။ မျိုးကောင်းမျိုးသန့် ကော်ဖီပျိုးပင်များနှင့် နည်းပညာများပံ့ပိုးပေးသည်။ လုပ်ကွက်ငယ်တောင်သူများအတွက် နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည်ချေးငွေရရှိရေး ဆောင်ရွက်ပေးသည်။ ကော်ဖီကို လူတိုင်းနီးပါးသောက်သုံးနေသည့်အချိန်ကာလတွင် မြန်မာ့ကော်ဖီသည် လူကြိုက်များလျက်ရှိသည်။ မွှေးပျံ့သောရနံ့နှင့် ခါးဆိမ့်သောအရသာရှိသည့် ကော်ဖီတစ်ခွက်က ပင်ပန်းမှုကိုပြေစေသည်။ လန်းဆန်းမှုကိုဖြစ်စေသည်။ လူတန်းစားမရွေး၊ အချိန်အခါမရွေး ကော်ဖီကိုနှစ်သက်စွာသောက်သုံးကြသည်။ မြန်မာ့ကော်ဖီသည် အနံ့၊ အရသာ ထူးခြားပြည့်စုံပြီး ကာလာစုံ၊ ဒီဇိုင်းစုံ၊ ထုပ်ပိုးမှုပုံစံအမျိုးမျိုးဖြင့် ပြည်တွင်းစားသုံးသူများအပြင် ပြည်ပဈေးကွက်သို့လည်း တင်ပို့လျက်ရှိသည်။ ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းမှာ နိုင်ငံ့စီးပွားမြင့်မားရေးအတွက်ဖြစ်သကဲ့သို့ ကော်ဖီစိုက်တောင်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးလည်း ပါဝင်ကြောင်း ရေးသားလိုက်ရပါသည်။ ။

> **❝မြန်မာ့ကော်ဖီသည် အရည်အသွေး အနံ့အရသာအရ နိုင်ငံတကာကော်ဖီဈေးကွက်တွင် အလားအလာရှိသော ကုန်စည်ဖြစ်သည်။ ပြင်ဦးလွင်နှင့် ရွာငံဒေသထွက်ကော်ဖီများသည် ကမ္ဘာ့အဆင့်မီ** Special Coffee **အဆင့် အသိအမှတ်ပြုခံထားရပြီးဖြစ်ရာ မိမိတို့အမှတ်တံဆိပ်များနှင့် ကော်ဖီကုန်ချောများ ကမ္ဘာ့ဈေးကွက်တွင် နေရာရလာရေးကြိုးပမ်းသွားကြရန်လိုသည်။ နှစ်စဉ်ကော်ဖီတန်ချိန် ၉၀၀၀ ကျော် ထွက်ရှိသည့်အနက် တန်ချိန် ၅၀၀၀ ကျော်ကို ပြည်ပသို့ တင်ပို့လျက်ရှိကြောင်းနှင့် တိုးချဲ့တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ❞**

# ပြည်သူလူထုအနေနဲ့လည်း အခုကျင်းပနေတဲ့ အမျိုးသားအားကစားပွဲတော်ကြီးဟာ အဆင့်အတန်းမြင့်မားတဲ့ ပွဲတော်ဖြစ်တဲ့အတွက် လာရောက် ကြည့်ရှုအားပေးကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်

**ဦးအောင်ကြည်ဝင်း(ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး)**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ကျင်းပလျက်ရှိရာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြည်နယ်/တိုင်းဒေသကြီးကိုယ်စားပြု အသင်းနည်းပြ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်–

**ဦးအောင်ကြည်ဝင်း**
**ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး**

ရှမ်းပြည်နယ်ကိုယ်စားပြု ဘတ်စကက်ဘော အသင်း ရွှေတံဆိပ်ဆုရတော့ ဝမ်းသာလို့မဆုံးပါဘူး။ ရှမ်းပြည်နယ် အောင်နိုင်ရေးကော်မတီဝင်ဖြစ်တာနဲ့အညီ ရှမ်းပြည်နယ်အောင်နိုင်ရေးအတွက် အားကစားသမားတွေ အားရှိအောင်ဆိုပြီး ကစားနည်းမျိုးစုံလိုက်ပြီး လာရောက်အားပေးချီးမြှောက်တာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် ဘတ်စကက်ဘောအသင်းရော ရန်ကုန်အသင်းပါ လက်ရည်တူ၊ အရည်အချင်းတူတော့ တစ်မှတ်ရဖို့တောင် အတော်လေးကြိုးစားရတယ်။ အမှတ်နည်းတဲ့အခါ နှလုံးရောဂါတောင် ရမလားလို့ အဲဒီလောက်ခံစားရတယ်။ နိုင်ငံတော်အစိုးရက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ဖို့ အားကစားနည်းမျိုးစုံပါဝင်တဲ့ အမျိုးသားအားကစားပွဲတော် ကျင်းပပေးတာဖြစ်လို့ အခုပြိုင်ပွဲမှာ ကျွန်တော်တို့ရှမ်းပြည်နယ်အနေနဲ့ အားကစားနည်း ၂၃ မျိုးစလုံး ပါဝင်ယှဉ်ပြိုင်ပါတယ်။ ပြိုင်ပွဲဝင်ကလေးတွေအတွက်ကတော့ ဒီလိုပွဲမျိုးတွေ များများလုပ်ပေးခြင်းအားဖြင့် ဘက်ပေါင်းစုံတော်တဲ့ကလေးတွေ ဖြစ်လာမယ်။ အမျိုးသားအားကစားပွဲတော်ကို နှစ်စဉ်နှစ်တိုင်းဖြစ်မြောက်အောင် ကျင်းပပေးနိုင်ရင် မျိုးဆက်သစ်လူငယ်တွေအတွက် စဉ်ဆက်မပြတ် လေ့ကျင့်ကြိုးစားနိုင်တဲ့ အနေအထားတွေရှိလာမယ်လို့ထင်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အကြီးအကဲတွေအနေနဲ့ နှစ်စဉ်နှစ်တိုင်း ပုံမှန်ကျင်းပပေးဖို့ ကျွန်တော့်အနေနဲ့ တောင်းဆိုချင်ပါတယ်။ ပြည်သူလူထုအနေနဲ့လည်း အခုကျင်းပနေတဲ့ အမျိုးသားအားကစားပွဲတော်ကြီးဟာ အဆင့်အတန်းမြင့်မားတဲ့ ပွဲတော်ဖြစ်တဲ့အတွက် အမျိုးသားအားကစားပွဲတော်ကို လာရောက်ကြည့်ရှုအားပေးကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဒေါ်မြနှင်းထွေး**
**ဘတ်စကက်ဘောအသင်းအုပ်ချုပ်သူ**
**ရန်ကုန်တိုင်းဒေသကြီး**

ကျွန်မတို့ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ တိုင်းအားကစားပွဲတော်အဖြစ် ဘတ်စကက်ဘော ပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပပါတယ်။ ဘတ်စကက်ဘောမှာ ခရိုင်ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ပါတယ်။ အဲဒီပြိုင်ပွဲကနေ အကောင်းဆုံးကစားသမားတွေကို ရွေးချယ်ပြီး ရွေးချယ်ထားတဲ့ကစားသမားတွေကို အောက်တိုဘာ ၄ ရက်နေ့ကစပြီး စခန်းသွင်းလေ့ကျင့်ပါတယ်။ လေ့ကျင့်ပြီးမှ အားလုံးစုစည်းပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် အလွန်ဝမ်းသာတယ်။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် အားကစားနည်းအလိုက် မျိုးဆက်သစ်ကစားသမားတွေလည်း ထွက်ပေါ်လာတယ်။ သူတို့အတွက်ပွဲအတွေ့အကြုံ တွေရတယ်။ ကစားသမားအချင်းချင်း ချစ်ကြည်မှုတွေရမယ်။ ဒီအချိန်မှာ တိုင်းရင်းသားတွေလည်း ပေါင်းဆုံပြီး ချစ်ကြည်ရင်းနှီးမှုတွေရမယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးက အားကစားသမားတွေရဲ့ ကစားပုံ ကစားနည်း အတွေ့အကြုံတွေ ဖလှယ်ခွင့်ရမယ်။ မျိုးဆက်သစ်အားကစားသမားတွေအတွက် အတွေ့အကြုံတွေရပြီး အခွင့်အလမ်းတွေလည်းရမယ်။ အခုလို အမျိုးသားအားကစားပြိုင်ပွဲကြီးမှာ လာရောက် ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် အများကြီး ဂုဏ်ယူမိပါတယ်။

**မမြမိုးသူ**
**အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲဝင်**
**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ အခုအနိုင်ရရှိခဲ့တာက ကွာတားဖိုင်နယ်ဆိုတော့ ဆုတံဆိပ်ရဖို့ နောက်ထပ်နှစ်ပွဲယှဉ်ပြိုင်ကစားရမှာဖြစ်တဲ့အတွက် အကောင်းဆုံးရလဒ်ထွက်ပေါ်ဖို့ ကြိုးစားရဦးမှာပါ။ လေ့ကျင့်ရတာ အချိန်တွေ အများကြီးပေးရတယ်။ ဝိတ်လျှော့ရတဲ့အခါကျတော့ တခြားပြိုင်ပွဲဝင်တွေနဲ့စာရင် ပိုပင်ပန်းပါတယ်။ ဝိတ်လည်းချရတယ်။ ပြိုင်ပွဲမှာ အနိုင်ရချင်တော့ သူများနားတဲ့အချိန် မနားရတော့ ပိုပင်ပန်းပါတယ်။ အရင်တုန်းကလည်း လက်ဝှေ့ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ဖူးပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတို့၊ အမျိုးသားတံခွန်စိုက်ပြိုင်ပွဲတို့မှာ ဝင်ပြိုင်ဖူးပါတယ်။ အဲဒီပြိုင်ပွဲတွေမှာလည်း ဆုတံဆိပ်တွေ ရရှိခဲ့ပါတယ်။ အခုအမျိုးသားအားကစားပွဲတော်မှာ ဝင်ရောက်ယှဉ်ပြိုင်ရတာ အများကြီးပျော်ပါတယ်။ ကျွန်တော်တို့ရဲ့စီနီယာတွေဆီကလည်း အတွေ့အကြုံတွေ အများကြီးရတယ်။ နောင်တက်လာမယ့် မျိုးဆက်သစ်တွေကိုလည်း အတွေ့အကြုံတွေ အများကြီးပြန်ဖလှယ်ပေးလို့ရတာပေါ့။ ဒါကြောင့် ဒီပွဲကြီးကျင်းပပေးတာကို အများကြီး ကျေးဇူးတင်ပါတယ်။



ဦးအောင်ကြည်ဝင်း



ဒေါ်မြနှင်းထွေး



မမြမိုးသူ



မောင်ပြည့်စုံအောင်



ဒေါ်သန်းရွှေမာ



မပပဝင်းခင်



မောင်ကျော်ဇင်ထိုက်

**မောင်ပြည့်စုံအောင်**
**ဘော်လီဘောပြိုင်ပွဲဝင်**
**မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု**

ပြိုင်ပွဲအတွေ့အကြုံကတော့ အများကြီးယှဉ်ပြိုင်ဖူးပါတယ်။ အခုကျင်းပနေတဲ့ နိုင်ငံတော်အဆင့် အမျိုးသားအားကစားပြိုင်ပွဲမှာတော့ ပြိုင်ပွဲဝင်ပြည်နယ်နဲ့ တိုင်းဒေသကြီးအသင်း တော်တော်များများက ပြိုင်ပွဲမှာ အောင်မြင်မှုရရှိဖို့ ကြိုတင်လေ့ကျင့်လာတာဆိုတော့ ပြိုင်ဘက်အသင်းတိုင်းကလည်း ကောင်းပါတယ်။ ဘယ်အသင်းကိုမှ လျှော့တွက်လို့မရပါဘူး။ ပြီးခဲ့တဲ့ပွဲတွေမှာလည်း အတော်လေးကြိုးစားပြီး ယှဉ်ပြိုင်ကစားခဲ့လို့သာ အနိုင်ရခဲ့တာပါ။ ဒီနေ့ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ ပဲခူးတိုင်းဒေသကြီးအသင်းကို အနိုင်ရရှိခဲ့တဲ့ပွဲနဲ့ဆိုရင် သုံးပွဲအထိ နိုင်ပွဲရရှိထားပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတာ အားကစားကို စိတ်ဝင်စားတဲ့ ကျွန်တော်တို့လို လူငယ်တွေအတွက် အများကြီးအကျိုးရှိပါတယ်။ သက်တမ်းလိုက်ပြိုင်ပွဲတွေ ကျင်းပပေးတော့ အနာဂတ်မျိုးသစ်လူငယ်အားကစားသမားတွေ အများကြီး ပေါ်ထွက်လာမှာဖြစ်ပါတယ်။

**ဒေါ်သန်းရွှေမာ**
**တင်းနစ်အားကစားအုပ်ချုပ်သူ**
**ရှမ်းပြည်နယ်ကိုယ်စားပြု**

အခုကျင်းပလျက်ရှိတဲ့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ရှမ်းပြည်နယ်ကိုယ်စားပြု တင်းနစ်အားကစားအုပ်ချုပ်သူအနေနဲ့ လာရတာဖြစ်ပါတယ်။ ရှမ်းပြည်နယ် ဘတ်စကက်ဘောအသင်းက နောက်ဆုံးဖိုင်နယ်ပွဲ တက်ခဲ့တာမို့ လာရောက်အားပေးတာဖြစ်ပါတယ်။ ရှမ်းပြည်နယ်ကလာတဲ့ အားကစားသမားတွေအကုန်လုံးကလည်း ဖိုင်နယ်ပွဲဖြစ်တာကြောင့် ဒီပွဲကို လာရောက်အားပေးကြပါတယ်။ ဒီပြိုင်ပွဲကြီးမှာ ရှမ်းပြည်နယ်ကိုယ်စားပြု လာရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ လူငယ်ကစားသမားတွေကလည်း အမျိုးသားအားကစားပွဲတော်ကြီးမှာ ပါဝင်ခွင့်ရတဲ့အတွက် အားမချန်ဘဲ ယှဉ်ပြိုင်ကြတာကို တွေ့ရတယ်။ အခုလည်း ရှမ်းပြည်နယ်ကိုယ်စားပြု အားကစားသမားတွေကို ရှမ်းပြည်နယ်ကနေ လာရောက်အားပေးကြဖို့အတွက်လည်း ဝင်ခွင့်တွေ လုပ်နေကြတယ်။ ဒီပြိုင်ပွဲကြီးကျင်းပပေးတဲ့အတွက် ဒီပြိုင်ပွဲကြီးမှာ ပါဝင်ကစားဖို့ အခွင့်မသာသေးတဲ့ ကလေးတွေလည်း ကြိုးစားချင်စိတ်တွေ ရှိလာမှာဖြစ်သလို ပါဝင်ယှဉ်ပြိုင်ကစားတဲ့ ကလေးတွေအတွက်လည်း အားတက်စရာဖြစ်လာမှာဖြစ်ပြီး ပိုပြီးကြိုးစားချင်စိတ်ရှိလာကြမှာဖြစ်ပါတယ်။

**မပပဝင်းခင်**
**အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲဝင်**
**ရခိုင်ပြည်နယ်ကိုယ်စားပြု**

အခုလို နိုင်ငံတော်အဆင့် ကျင်းပတဲ့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ ရခိုင်ပြည်နယ်ကိုယ်စားပြု အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့အတွက် နှစ်လကျော်ကျော်လောက် စခန်းသွင်းလေ့ကျင့်ခဲ့ရပါတယ်။ နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲတွေမှာ တစ်ခါမှပါဝင်ယှဉ်ပြိုင်ခဲ့ဖူးတာတော့ မရှိခဲ့ပါဘူး။ အခုအကြိမ်က ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဝမ်းလည်းဝမ်းသာတယ်၊ ဂုဏ်လည်းဂုဏ်ယူတယ်။ ဒီပြိုင်ပွဲကနေ မျိုးဆက်သစ်တွေ အများကြီး ထွက်ပေါ်လာမယ်လို့လည်း ယုံကြည်ပါတယ်။ အသက် ၂၀ အတွင်းမှာ အခုလို နိုင်ငံတော်အဆင့် ကျင်းပတဲ့ အမျိုးသားအားကစားပွဲတော်ကြီးမှာ ပါဝင်ယှဉ်ပြိုင်ရမယ်လို့ မထင်မိပါဘူး။ အခုလို ပါဝင်ခွင့်ရတော့ အတိုင်းမသိ ဝမ်းသာမိပါတယ်။

**မောင်ကျော်ဇင်ထိုက်**
**ဘတ်စကက်ဘောပြိုင်ပွဲဝင်**
**ရှမ်းပြည်နယ်ကိုယ်စားပြု**

ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်ကိုယ်စားပြု ဘတ်စကက်ဘောအသင်းနဲ့အတူ ရွှေတံဆိပ် ဆွတ်ခူးနိုင်တဲ့အတွက် အများကြီး ဝမ်းသာဂုဏ်ယူပါတယ်။ ဒီလိုမျိုးပြိုင်ပွဲဝင်နိုင်ဖို့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်အသီးသီးက ရှမ်းပြည်နယ်ကို ကိုယ်စားပြုနိုင်တဲ့ကစားသမားတွေစုပြီး စည်းစည်းလုံးလုံးနဲ့ နှစ်လလောက် လေ့ကျင့်ခဲ့ရပါတယ်။ လာမယ့်အနာဂတ်လူငယ်တွေလည်း အများကြီး ကြိုးစားကြပါလို့ ပြောချင်ပါတယ်။ ဒီအားကစားဟာ အသင်းအဖွဲ့စိတ်ဓာတ်အပြည့်နဲ့ ယှဉ်ပြိုင်ရတာဖြစ်လို့ ကျွန်တော် အသက် ၂၃ နှစ်ရှိတဲ့အချိန်နဲ့ ပြိုင်ပွဲကျင်းပတဲ့ချိန်မှာ ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ကျွန်တော့်အနေနဲ့ အလွတ်တန်းပြိုင်ပွဲတွေရှိရင် ဆက်လက်ကစားဖို့ ရည်ရွယ်ထားပါတယ်။ ကိုယ်တိုင်ပါဝင်ကစားခွင့်မရှိတဲ့ပွဲတွေဆိုရင် ပါဝင်ကစားခွင့်ရတဲ့ ကစားသမားတွေကို တတ်နိုင်တဲ့ဘက်ကနေ အထောက်အပံ့ပေးသွားမှာပါ။ နောင်လာမယ့် မျိုးဆက်သစ်တွေအနေနဲ့လည်း ကျွန်တော်တို့လို ရှမ်းပြည်နယ်ကိုယ်စားပြု ကစားသမားဘဝကနေ နိုင်ငံအတွက် အကျိုးပြုနိုင်တဲ့ ကစားသမားတွေ ဖြစ်စေချင်တဲ့စိတ်လည်း ရှိပါတယ်။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ**
**အလင်းသစ်၊ လင်းရာမ**

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ၂၀၂၄–၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့်ဘာသာရပ်ဆိုင်ရာ ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် Grade–12 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ ဘာသာရပ်များကို Grade–12 (တက္ကသိုလ်ဝင်တန်း) ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ကြေးမုံစာတည်းအဖွဲ့

## သင်္ချာ — ပါမောက္ခ ဒေါက်တာမီမီ(မန္တလေးတက္ကသိုလ်)

၂၀၂၄–၂၀၂၅ ပညာသင်နှစ် Grade–12 သင်္ချာဘာသာရပ် မေးခွန်းတွင် စုစုပေါင်းမေးခွန်းပုဒ်ရေ (၃၈)ပုဒ် ပါရှိပါတယ်။ Section A, Section B, Section C, နှင့် Section D ဆိုပြီး အပိုင်း(၄) ပိုင်း **အမှတ် (၁၀၀) ဖိုး** ပါရှိကာ မေးခွန်း အားလုံးကို ဖြေဆိုရမှာ ဖြစ်ပါတယ်။

Section A တွင် မေးခွန်းနံပါတ် (၁) မှ (၁၀) အထိဖြစ်ပြီး တစ်ပုဒ် (၁) မှတ် ပေးထားပါတယ်။ တစ်ပုဒ်လျှင် A, B, C, တို့မှ တစ်ခုရွေးချယ်ရမယ့် ဓမ္မဓိဋ္ဌာန်ပုံစံဖြစ်ပါတယ်။

Section B တွင် မေးခွန်းနံပါတ် (၁၁) မှ (၂၀) အထိဖြစ်ပြီး တစ်ပုဒ် (၂) မှတ်ပေးထားပါတယ်။ **တွက်ချက်မှု အဆင့်ဆင့်ကို ရေးပြရန်မလိုအပ်ဘဲ အဖြေကိုသာ ရေးရမယ့်ပုံစံဖြစ်ပါတယ်။**

Section C တွင် မေးခွန်းနံပါတ် (၂၁) မှ (၃၀) အထိဖြစ်ပြီး တစ်ပုဒ် (၃) မှတ်ပေးထားပါတယ်။ **တွက်ချက်မှုအဆင့်ဆင့်ကို စနစ်တကျရေးပြရန် လိုအပ်ပါတယ်။** Section A, B, C ကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်ပါက **အမှတ် (၆၀)** ဖိုးရရှိမှာ ဖြစ်ပါတယ်။

### Section (A)

**(Each question carries 1 marks.)**

**Choose the correct or the most appropriate answer for each question. Write the letter of the correct or the most appropriate answer.**

1. If $|z_1|^2 = 3|z_2|^2$, where $z_1 = (\sqrt{2}, 5)$ and $z_2 = (0, a)$, the value of the natural number is
   A. 9  B. –3 and 3  C. 3  D. –9 and 9
2. If $z = x + iy$, then which of the following are false?
   (i) $z\bar{z} = |z|^2$  (ii) $|\bar{z}| = |z|$  (iii) $\bar{\bar{z}} = z$
   A. i only  B. i and ii  C. All of these
   D. None of these
3. The value of in Cartesian form $(x, y)$ of $z = (r, \theta) = (1, \frac{\pi}{2})$ is
   A. i  B. –i  C. 1  D. –1
4. If $z_1 = (1, 0)$ and $z_2 = (0, 1)$, the absolute value of $w = z_1 + z_2$ is
   A. 2  B. 2i  C. $\sqrt{2}$  D. $\sqrt{2}i$
5. If $z_1 = (r, \theta) = (1, -\frac{\pi}{4})$ and $z_2 = (r, \theta) = (2, \frac{\pi}{4})$, the value of $\frac{z_2}{z_1}$ is
   A.  B. $\frac{1}{2}$  C. 2i  D. $\frac{1}{2}i$

Answer Keys

(1) C  (2) D  (3) C  (4) C  (5) C

### Section (B)

**(Each question carries 2 marks.)**

**Write only the solution of each question. (There is no need to show your working.)**

1. Find the absolute value of the conjugate of the complex number $z = \frac{1}{2}(5\sqrt{3}, 5)$.
2. If $Z_1 = (0, 5)$, $Z_2 = (1, -1)$, $Z_3 = (2, -1)$ and $Z_4 = (3, -1)$, compute that $\frac{z_1}{z_2 z_3 z_4}$.
3. Find the trigonometric form of $(\sqrt{5} + \sqrt{5}i)^2$.
4. Find the value of $i^{4m} + i^{4m-1} + i^{4m-2} + i^{4m-3}$ where is the natural number.
5. Given that $z_1 = (\sqrt{5}, \frac{\pi}{2})$ and $z_2 = (3\sqrt{5}, \pi)$ in $(r, \theta)$ form, find $Z_1 Z_2$?

Answer Keys

(1) $|\bar{z}| = 5$.  (2) $\frac{z_1}{z_2} = (-\frac{1}{2}, 0)$.

(3) $\left(\sqrt{5} + \sqrt{5}i\right)^2 = 10\left(\cos\frac{\pi}{2} + i\sin\frac{\pi}{2}\right)$

(4) The value of $i^{4m} + i^{4m-1} + i^{4m-2} + i^{4m-3} = 0$

(5) $z_1 z_2 = -15i$.

### Section (C)

**(Each question carries 3 marks.)**

3. Solve $i^{105} + i^{23} + i^{20} + i^{34}$.
5. Evaluate $\left[i^{18} + \left(\frac{1}{i}\right)\right]^3$.
6. Evaluate the conjugate of the complex number $\overline{z_1 - z_2}$ if $Z_1 = (3x + y, -y)$ and $Z_2 = (x + y, 3y)$, where and x are y real numbers.
8. Show that $\overline{z_1 - \overline{z_2}} = \overline{z_1} - z_2$, where $Z_1 = 2 + 2i$ and $Z_2 = i$.
10. Find the trigonometric form of the complex number $z = (0, -4)$ with $-\pi < \theta \le \pi$.

Answer Keys

(1) Solution

$i^{105} + i^{23} + i^{20} - i^{34} = i \times i^{104} + i^3 \times i^{20+} i^{20} - i^2 \times i^{32}$

$= i \times i^{4\times26} + i^3 \times i^{4\times5+} i^{4\times5} - i^2 \times i^{4\times8}$

$= i \times 1 + (-i) \times 1 + 1 - (-1) \times 1$

$= i - i + 1 + 1$

$= 2.$

2. Solution

$\left[i^{18} + \left(\frac{1}{i}\right)\right]^3 = \left[i^2 \times i^{16} + \left(\frac{1}{i} \times \frac{i}{i}\right)\right]^3$

$= [(-1).\ 1 + (-i)]^3$

$= (-1 - i)^3$

$= 2 - 2i.$

3. Solution

$z_1 = (3x + y, -y)$ and $z_2 = (x + y, 3y)$, $\overline{z_2} = (x + y, -3y)$

$z_1 - \overline{z_2} = (3x + y, -y) - (x + y, -3y)$

$= (3x + y - x - y, -y + 3y)$

$= (2x, 2y)$

$\overline{(z_1 - \overline{z_2})} = (2x, -2y)$.

4. Solution

$z_1 = 2 + 2i$, $\overline{z_1} = 2 - 2i$

$z_2 = i$, $\overline{z_2} = -i$

$z_1 - \overline{z_2} = 2 + 2i + i = 2 + 3i$

$\overline{z_1 - \overline{z_2}} = 2 - 3i$

$\overline{z_1} - z_2 = 2 - 2i - i = 2 - 3i$

$\overline{z_1 - \overline{z_2}} = \overline{z_1} - z_2$

5. Solution

$z = (0, -4)$


$r = \sqrt{0 + 16} = \sqrt{16} = 4$

$\cos\theta = 0$, $\sin\theta = -1$

$\theta = -\frac{\pi}{2}$

$z = r(\cos\theta + i\sin\theta)$

$z = 4(\cos(-\frac{\pi}{2}) + i\sin(-\frac{\pi}{2}))$




## ရူပဗေဒ — ပါမောက္ခဒေါက်တာထွဋ် (ရန်ကုန်တက္ကသိုလ်)

၂ – ၁၂ – ၂၀၂၄ ရက်နေ့မှအဆက်–

၂၀၂၄–၂၀၂၅ပညာသင်နှစ် Grade–12 ရူပဗေဒဘာသာရပ် ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူများသည် Section (A) နှင့် Section (B) ဟူ၍ အပိုင်း(၂)ပိုင်း အမှတ် (၁၀၀)ဖိုး ဖြေဆိုရမည်။

**Section(A) Answer All Questions မှာ အမှတ်(၄၀) ဖိုး ပေးထား ပြီး (၄၀) မှတ်ဖိုး ဖြေဆိုရမှာဖြစ်သည့်အတွက် Chapter အားလုံး (Chapter 1 to Chapter 13) ထိ ကြည့်မှတ်ရန်လိုပါသည်။**

### CHAPTER (9)

### Capacitor and Capacitance

**I. Are the following statements TRUE (or) FALSE?**

(1) Electrolytic capacitors are the ones that use the oxide layer as the dielectric medium.

(2) Variable capacitors mostly use air as the dielectric medium.

(3) Capacitors can also be used in a time–dependent circuit (timer circuit).

(4) The capacitance of a capacitor is depending on the size, the shape of the capacitor and on the nature of the insulator between two conductors.

(5) The dielectric constant of an insulating material is the ratio of its permittivity to that of vacuum.

**II. Fill in the blanks.**

(1) To have the same charge on several capacitors in a battery circuit they should be connected in ................

(2) When the capacitors are connected in ............... each capacitor has the same charge.

(3) When an insulating material is inserted between the conductors of a capacitor in a vacuum, its capacitance will ................

(4) Film capacitors and ceramic capacitors are ............... capacitors.

(5) A supercapacitor (SC) is also called an ................

**III. Choose the correct answer from the following.**

(1) The dielectric constant value for vacuum is ................
(A. zero  B. one  C. two)

(2) For a vacuum $\kappa = 1$ and for other insulating materials ................
(A. $\kappa > 1$  B. $\kappa < 1$  C. $\kappa = 0$)

(3) The energy stored in a capacitor can be expressed as ................
(A. W = ½ QV  B. W = Q / V  C. 1/2 CV)

(4) ............... capacitor has a wide tolerance capacity.
(A. Electrolytic  B. Ceramic  C. Variable)

(5) ............... capacitor is used in high–frequency circuits such as audio frequency to radio frequency.
(A. Electrolytic  B. Ceramic  C. Variable)

Answer Keys

I. (1) True (2) True (3) True (4) True (5) True

II. (1) series (2) series (3) increase
(4) non–polarized (5) ultracapacitor

III. (1) B (2) A (3) A (4) A (5) B

## အင်္ဂလိပ်စာ

ဆရာ ဦးဆန်း

အခြေခံပညာ အင်္ဂလိပ်စာဘာသာရပ်ကို ဖော်ပြရာတွင် စာမေးပွဲကြီး နီးလာပြီဖြစ်သည့်အတွက် "လွယ်ကူလေ့လာ အင်္ဂလိပ်စာ" Grade-4 မှ Grade-12 အထိ တန်းစဉ် လေ့ကျင့်ခန်းများအား စာမေးပွဲမေးခွန်းပုံစံနှင့်အညီ ဖော်ပြပေးမည်ဖြစ်ပါသည်။

### Grade-4 Unit -9

**I. Supply the correct form of the words given the brackets. (10 marks)**

1. We stayed at our aunt's house. It was very ............ (**comfort**)
2. The children enjoyed the ............ of the Botanical Garden. (**beautiful**)
3. The weather was ............ in Pyin Oo Lwin. (**wonder**)
4. Playing badminton is good for ............. (**healthy**)
5. The trip was ............. We all had a great time. (**enjoy**)
6. The ............ walked to the Botanical Garden on Sunday. (**family**)
7. Pyin Oo Lwin is a ............ place to visit. (**peace**)
8. My cousins were very ............ during the visit. (**friend**)
9. The weather in Pyin Oo Lwin was ............ better than in the city. (**much**)
10. Walking to the Botanical Garden was a ............ experience. (**relax**)
11. My parents planned the trip with great ............. (**care**)
12. The house we stayed in was very ............. (**spacious**)
13. Badminton is an ............ sport for children. (**activity**)
14. The garden was filled with ............ flowers. (**color**)
15. Spending time with family is always ............. (**mean**)

**Answer Keys**

I. 1. comfortable 2. beauty 3. wonderful 4. health 5. enjoyable 6. family 7. peaceful 8. friendly 9. much 10. relaxing 11. care 12. spacious 13. active 14. colorful 15. meaningful

### Grade-5 Unit -9

**Section (A) Listening**

**I. Listen carefully to the teacher and write True or False. (5 marks)**

1. scooter (1) .............
2. puzzle (2) .............
3. judo (3) .............
4. favourite (4) .............
5. scooters (5) .............
6. camera (6) .............
7. work (7) .............
8. guitar (8) .............
9. doing (9) .............
10. umbrella (10) .............

**Section (B) Reading**

**II. Read the following dialogue and fill the blanks with the suitable words given below. (10 marks)**

| | | | | |
|---|---|---|---|---|
| interested | penguins | about | in | stories |
| scooters | favourite | Section | too | you |

MN: Hi. I'm Mi Nge. I'm ....... (1) ....... Grade 5.
SH: Hello. I'm Saw Htoo. I'm in Grade 5, ....... (2) ......., and I'm from ....... (3) ....... A.
MN: I'm from Section B. What are you ....... (4) ....... in?
SH: I'm interested in cars and ....... (5) ........ What about ....... (6) .......?
MN: I'm interested in animals and ....... (7) ........
SH: Really? What's your ....... (8) ....... animal?
MN: I like rabbits. What's ....... (9) ....... you.
SH: I like ....... (10) ........

**Answer Keys**

I. 1. False 2. True 3. False 4. True 5. True 6. True 7. False 8. False 9. True 10. False

II. 1. in 2. too 3. section 4. interested 5. scooters 6. you 7. stories 8. favourite 9. about 10. penguins

### Grade-6 Unit -9

**I. Complete the sentences with the appropriate words. The initial letters are given. (10 marks)**

1. Nay Khant loves his **b**..............
2. Kay Kay likes her **s**..............
3. Lin Lin's pencil cases are **b**..............
4. Win Win likes **p**............. pencil cases.
5. The blue bag is **b**............. than the other two.
6. Nay Khant's backpack is **r**..............
7. Kay Kay's favorite bag is the **b**............. one.
8. Lin Lin's pencil case is **b**............. than Win Win's.
9. Win Win's pencil case is **s**..............
10. They put their **p**............., pencils, erasers in their pencil cases.
11. He carries his **c**............. in his backpack.
12. The twin sisters always buy **b**............. pencil cases.
13. Nay Khant's backpack is a **p**............. from his uncle.
14. They never forget to **t**............. their pencil cases to school.
15. Kay Kay's school bags are **p**............., blue, and red.
16. He puts his **b**............. and stationery items in his backpack.
17. They carry their **r**............. in their bags.
18. Lin Lin likes **b**............. pencil cases.
19. Win Win is younger than **L**............. Lin.
20. They carry **p**............. cases in their bags.

**Answer Keys**

I. 1. backpack 2. school bags 3. big 4. pink 5. bigger 6. red 7. blue 8. bigger 9. small 10. pens 11. crayons 12. beautiful 13. present 14. take 15. pink 16. books 17. ruler 18. blue 19. Lin 20. pencil

### Grade-7 Unit -9

**I. Complete the sentences with the appropriate words. The initial letters are given. (10 marks)**

1. **M**.............. is the highest mountain in the world.
2. **N**.............. is the home country of Edmund Hillary.
3. **T**.............. saved his companion's life during the descent.
4. The **M**.............. is held in January in Myitkyina.
5. **I**.............. is a popular tourist attraction in Taunggyi.
6. **P**.............. are famous caves in Shan State.
7. **S**.............. is a traditional Kachin rice dish.
8. **S**.............. is a vegetable dish from Kachin cuisine.
9. The **H**.............. is a famous festival in Taunggyi.
10. **T**.............. like grapefruits are abundant in Myitkyina.
11. **K**.............. is popular in Kachin cuisine.
12. **N**.............. is a yellow mashed rice dish from Taunggyi.
13. **K**.............. is a type of sticky rice cake.
14. The **C**.............. of the N'Mai Kha and Mali Kha rivers is a breathtaking site.
15. **O**.............., **S**.............., **A**.............. are fruits grown in Taunggyi.
16. **M**......... like mustard and pumpkin are used in Si Pa.
17. **T**.......... are fresh and plentiful in Shan State.
18. **M**.......... can be enjoyed at Myit Hsone.
19. **C**.......... are great for capturing moments.
20. **T**.......... such as fried tofu are popular snacks.

**Answer Keys**

I. 1. Mt. Everest 2. New Zealand 3. Tensing Norgay 4. Manaw Festival 5. Inlay Lake 6. Pindaya Caves 7. Shat Jam 8. Si Pa 9. Hot Air Balloon Festival 10. Tropical Delights 11. Kachin Traditional Curry 12. Nga Htamin 13. Khaw Pote 14. Confluence 15. Oranges, Strawberries, Avocados 16. Mustard Tendrils 17. Tropical Fruits 18. Magnificent Views 19. Camera Photos 20. Tasty Fried Foods

### Grade-8 Unit -9

**I. Supply in the blanks with the correct form of the words in the brackets. (10 marks)**

1. (**High**) Mt Hkakabo Razi is the ........... mountain in Southeast Asia.
2. (**Origin**) The Ayeyarwady River has its ........... in Kachin State.
3. (**Glory**) The mountain stands ........... as the tallest peak.
4. (**Majestic**) Snow-capped mountains stand ............
5. (**Popular**) Sadan Cave is a .......... holiday destination.
6. (**Beauty**) The beach is famous for its ............
7. (**Cultural**) Ancient capitals are part of our ........... heritage.
8. (**Impressive**) Ngapali Beach is Myanmar's most ........... attraction.
9. (**Length**) The Ayeyarwady River is the ........... river in Myanmar.
10. (**Wide**) The river flows through Myanmar's ........... plains.
11. (**Scenic**) Sadan Cave offers ........... views.
12. (**Breathe**) The river is of ........... beauty.
13. (**Soft**) The sand is ........... and creamy.
14. (**Clear**) The water at Ngapali Beach is ............
15. (**Green**) Palm trees provide a ........... backdrop to the beach.
16. (**Enormous**) Sadan Cave is an ........... cave.
17. (**Rich**) The Ayeyarwady River ........... biodiversity.
18. (**Heritage**) Ancient capitals are part of Myanmar's historical ............
19. (**Boat**) Taking a ........... trip is a popular activity.
20. (**Relax**) The beach is a perfect spot for ............

**Answer Keys**

I. 1. highest 2. origin 3. gloriously 4. majestically 5. popular 6. beauty 7. cultural 8. impressive 9. longest 10. widest 11. scenic 12. breathtaking 13. soft 14. clear 15. green 16. enormous 17. enriches 18. heritage 19. boating 20. relaxation

အခြေခံပညာ ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဈေးနှုန်းသက်သာစွာဝယ်ယူရောင်းချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

ပဲခူး ဒီဇင်ဘာ ၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့နံနက်ပိုင်းက ဒေသတွင်း အသား/ဥဖူလုံပိုလျှံစေရေးနှင့် ဈေးနှုန်းသက်သာစွာဝယ်ယူရောင်းချနိုင်ရေး မွေးမြူရေးခြံများအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် ထုံးကြီးကျေးရွာအုပ်စု၌ CP Livestock Co.,Ltd. နှင့် အကျိုးတူမွေးမြူရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်လျက်ရှိသော ဒေါ်ရန်ဖူးရန်၏ အသားတိုးဝက်ကောင်ရေ ၄၈၀၀ နှင့် ဥစားကြက်ကောင်ရေ ၁၀၀၀၀၀ မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးပြီး အသားတိုးဝက်များအား အစားအစာဘေးကင်းလုံခြုံရေးအပြင် တိရစ္ဆာန်မွေးမြူရေးအတွက် ဇီဝလုံခြုံရေးကိုလည်း အထူးအလေးထားဆောင်ရွက်သွားရန် မှာကြားကာ အသားတိုးဝက်မွေးမြူရေးခြံနှင့် ဥစားကြက်မွေးမြူရေးခြံတို့အား လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ထုံးကြီးကျေးရွာအုပ်စုရှိ မိုးစပါးစိုက်ပျိုးရိတ်သိမ်းပြီးသည့် လယ်မြေများအား ကွင်းဆင်းကြည့်ရှုပြီး တောင်သူများနှင့်တွေ့ဆုံ၍ လယ်မြေများ မြေဆီဩဇာ ကြွယ်ဝစေရေးနှင့် လာမည့်သီးနှံစိုက်ရာသီတွင် ပန်းတိုင်အထွက်နှုန်းတိုးတက်ရရှိရေး ပိုက်ဆံလျှော်စိုက်ပျိုးသွားရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက်စားဖိုဆောင်သီးနှံ ကြက်သွန်နှင့်ဂရုတ်စိုက်ပျိုးနိုင်ရေး လက်နှိပ်တုံကင်တွင်းများ တူးဖော်နိုင်ရေး တွက်ချက်တင်ပြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် လက်ပံဝင်းကျေးရွာအုပ်စု၌ Sunjin Livestock Co., Ltd. နှင့် မွေးမြူရေးလုပ်ငန်းရှင် ဒေါ်စုသက်ပိုင်၏ အသားတိုးဝက်ကောင်ရေ ၄၀၀ မွေးမြူထားရှိမှုအား သွားရောက်ကြည့်ရှုအားပေးပြီး မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် မွေးမြူထားသည့်အသားများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နေ့စဉ်ဖွင့်လှစ်လျက်ရှိသည့် ကိုယ်တိုင်စိုက်ပျိုးမွေးမြူသူများ တိုက်ရိုက်အရောင်းဆိုင်များတွင် သက်သာသောဈေးနှုန်းဖြင့် ရောင်းချနိုင်ရေးနှင့် မွေးမြူရေးတိုးတက်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)




## တောင်ဥက္ကလာပမြို့နယ်၌ သမဝါယမ အသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက အမှတ်(၁၀)ရပ်ကွက် မေတ္တာလမ်းရှိမြို့နယ်သမဝါယမအသင်းစုလီမိတက်ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင်တောင်ဥက္ကလာပမြို့နယ်ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်ကျော်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး တောင်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဇော်က ဝန်ကြီးဌာန၊ ဦးစီးဌာနတို့၏ မူဝါဒများနှင့်အညီ သမဝါယမအသင်းများ၏ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အမှာစကားပြောကြားသည်။

ထို့နောက် အမှုဆောင်ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းဝင်အသင်းသားများက သဘောတူကြသဖြင့် သဘာပတိက အတည်ပြုပေးသည်။ ဆက်လက်၍ တောင်ဥက္ကလာပမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဇော်မှ ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းသားများသို့ အစုအပေါ်အမြတ်ခွဲဝေငွေကျပ် ၂၁၉၅၃၅၇ ကျပ်နှင့် စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၇၂၁၅၇၀၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ မူပိုင်ခွင့်မှုခင်းများ ကြားနာစစ်ဆေးခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ မူပိုင်ခွင့်မှုခင်းများ ကြားနာစစ်ဆေးခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ တရားလွှတ်တော် တရားသူကြီးများ၊ မူပိုင်ခွင့်နှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တရားလွှတ်တော်ရှေ့နေများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးကျော်ကျော်က ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေတို့ပါ တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးခြင်း၊ ကျောက်တံတားခရိုင်တရားရုံး ခရိုင်တရားသူကြီး ဒေါ်မိမိထွေးက ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေတို့အရ တရားမကြောင်းဖြင့် မှုခင်းများ စွဲဆိုစစ်ဆေးစီရင်ခြင်း၊ ကျောက်တံတားခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး (၃) ဒေါ်သဲမို့မို့ဆွေက ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့အရ အမှတ်တံဆိပ်အတုပြုလုပ်ခြင်းစသည့် ပြစ်မှုများအရ ရာဇဝတ်ကြောင်းဖြင့် မှုခင်းများ စွဲဆိုစစ်ဆေးစီရင်ခြင်း ခေါင်းစဉ်တို့ဖြင့် ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်/ဆက်)

## ဟသ်ာတမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်



ဟသ်ာတ ဒီဇင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် နိုင်အပေါက်ဖာခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၈ နာရီက စစ်ကုန်းကျေးရွာအုပ်စု စစ်ကုန်းလေးကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်မှုများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဟသ်ာတမြို့နယ်ဦးစီးမှူးရုံးမှ လဝကမှူး ဦးမျိုးဝင်းအောင် ဦးဆောင်၍ ဝန်ထမ်းများက ဟသ်ာတမြို့နယ် စစ်ကုန်းကျေးရွာအုပ်စုနှင့် ကျေးရွာခွဲ ခုနစ်ရွာရှိ ပြည်သူများအား ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြာများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် နိုင်အကွက်အပေါက်များဖြည့်သွင်းခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရေတာရှည်မြို့နယ်၌ ဓာတ်မြေဩဇာကြဲပက်ခြင်းသရုပ်ပြပွဲပြုလုပ်

ရေတာရှည် ဒီဇင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၈) စက်မှုလယ်ယာစခန်းမှ ဓာတ်မြေဩဇာကြဲပက်စက်ဖြင့် ဓာတ်မြေဩဇာကြဲပက်ခြင်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၆ ရက်က ဘိုးတော်ကုန်းကျေးရွာ တောင်သူဦးဆန်းမင်းထွန်း၏ လယ်မြေငါးဧက၌ ကျင်းပသည်။


အဆိုပါ Self Propelled Fertilizer Spreader စက်ကို အသုံးပြုခြင်းဖြင့် ပေါင်းသတ်ဆေးများ သုံးစွဲမှုလျှော့ချရန်၊ အရည်အသွေးမြင့်ပြီး အထွက်နှုန်းတိုးတက်စေရန်၊ ငွေ၊ အချိန်နှင့် လုပ်အားသက်သာစေရန်၊ မိရိုးဖလာလက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်စေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်။ အဆိုပါစက်သည် မြေဩဇာကြဲပက်ခြင်းအပြင် မျိုးစေ့များ ကြဲပက်ခြင်းအတွက်လည်း အသုံးပြုနိုင်ကြောင်း သိရ သည်။

မြို့နယ်(ပြန်/ဆက်)



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဖေ့စ်ဘွတ် အေအိုင်ဒေတာစင်တာများအတွက် နျူကလီးယားဓာတ်ပေါင်းဖိုများ အသုံးပြုမည်




အသိဉာဏ်တု နည်းပညာ သို့မဟုတ် အေအိုင်ကို နည်းပညာကုမ္ပဏီကြီးများ အသုံးချမှုမြင့်တက်လာရာမှ လိုအပ်သော လျှပ်စစ်စွမ်းအင်ကို နျူကလီးယားနည်းပညာမှရယူရန် ပြင်ဆင်လာကြပြီဖြစ်သည်။

ဖေ့စ်ဘွတ်၏ ကျောထောက်နောက်ခံဖြစ်သည့် မီတာအေအိုင်သည် ယင်း၏အေအိုင်လုပ်ငန်းစဉ်များအတွက် ကမ္ဘာတစ်ဝန်းလုံးတွင် သန့်နှင့်ချီသော အချက်အလက်ဆာဗာများ ထားရှိလည်ပတ်ရမည်ဖြစ်ရာ လိုအပ်သော လျှပ်စစ်စွမ်းအင်ရရှိရန် နျူကလီးယား ဓာတ်ပေါင်းဖိုအသေးစားများကို အသုံးပြုသွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့်သီတင်းပတ်က ထုတ်ပြန်ကြေညာသည်။

"ဆန်းသစ်တီထွင်မှု အသစ်တွေက နယ်ပယ်တစ်လျှောက်လုံးမှာရှိတဲ့ နည်းပညာတိုးတက်မှုတွေအပေါ် ထိရောက်တဲ့ အကျိုးသက်ရောက်မှုရှိပြီး စီးပွားရေးတိုးတက် လာစေတာကြောင့် နျူကလီးယားစွမ်းအင်ဟာ အဲဒီတိုးတက်မှုတွေအတွက် လိုအပ်တဲ့ လျှပ်စစ်ပမာဏ၊ အချက်အလက်စင်တာတွေနဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းက လိုအပ်တဲ့လျှပ်စစ်ပမာဏတွေကို ဖြည့်ဆည်းပေးနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု မီတာအေအိုင်၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ထိုသို့ လုပ်နိုင်ရန်အတွက် နျူကလီးယား စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများထံ အဆိုပြုချက်များ တောင်းခံထားပြီဖြစ်သည်။ မီတာအေအိုင်ဘက်က ထိုလုပ်ငန်းစဉ်ကို ၂၀၃၀ ပြည့်လွန်နှစ် အစောပိုင်းကာလများတွင် စတင်နိုင်မည်ဟု မျှော်လင့်ထားပြီး နျူကလီးယားဓာတ်ပေါင်းဖို ထားရှိမည့်နေရာကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

မီတာအေအိုင်ကဲ့သို့ပင် အေအိုင်ဘီလူးကြီးတစ်ကောင် ဖြစ်သည့် ဂူးဂဲလ်ကလည်း သူတို့၏အချက်အလက် စင်တာများအတွက် နျူကလီးယားစွမ်းအင်သုံးမည်ဟု အောက်တိုဘာလ အတွင်းက ကြေညာခဲ့သည်။ ဂူးဂဲလ်သည် ကယ်လီဖိုးနီးယား အခြေစိုက် ကိုင်းရော့စ် ပါဝါလုပ်ငန်းနှင့် လက်မှတ်ရေးထိုးထားပြီး ဖြစ်သည်။

**Ref:** *Daily Mail*

---

# အက်တမ်တို့ကို ကြိုးကိုင်ရာမှ သတင်းအချက်အလက် ကြိုးကိုင်ခြင်းသို့

နီဇော်သစ်

လွန်ခဲ့သည့် နှစ်ပေါင်းခုနစ်သောင်းမှ သုံးသောင်းအတွင်း ဉာဏ်သစ်လောင်းကာလကို ဖြတ်ကျော်ပြီးနောက် ဟိုမိုဆေပီယန် သို့မဟုတ် ကျွန်တော်တို့လူသားမျိုးစိတ်၏ အကြီးကျယ်ဆုံးလုပ်ရပ်မှာ အခြေခံအကျဆုံးအရင်းအမြစ်များနှင့် ဖြစ်စဉ်များကို စဉ်းစားတွေးတောခြင်းဖြစ်သည်။ "ငါတို့ ဘာလို့ရှိနေတာလဲ"၊ "ငါတို့ကို ဘယ်သူကဖန်ဆင်းထားတာလဲ"၊ "သဘာဝအတိုင်း ဖြစ်လာတာလား"၊ "ငါတို့ကို ဘာတွေနဲ့ ဖွဲ့စည်းထားတာလဲ"၊ "ငါတို့နေတဲ့ကမ္ဘာကြီးနဲ့ စကြဝဠာကြီးကိုရော ဘာတွေနဲ့ ဖွဲ့စည်းထားတာလဲ"ဆိုသည့် မေးခွန်းများမှာ အရင်းအမြစ်အကျဆုံး မေးခွန်းများဖြစ်ပါလိမ့်မည်။

ကံမကောင်းစွာပင် ကျွန်တော်တို့ဘိုးဘေးများ မေးခဲ့သောမေးခွန်းများကို ကျွန်တော်တို့ခေတ်အထိ တိတိပပအဖြေမပေးနိုင်သေးပါ။ သို့သော် ထိုအတွေးတို့သည် အလဟဿမဖြစ်ခဲ့။ သဘောတရားတို့ကို လက်တွေ့စမ်းသပ်ရင်း ကိရိယာများဖန်တီးနိုင်လာသလို ဖန်တီးထားသောကိရိယာများ၏ အထောက်အကူဖြင့်နောက်ထပ် လက်တွေ့စမ်းသပ်မှုများလုပ်ရင်း သဘောတရားအသစ်များကိုပါ ထပ်မံတွေ့ရှိလာခဲ့ကြသည်။ ယင်းကိုပင် နည်းပညာတိုးတက်ပြောင်းလဲခြင်းဟုခေါ်ကြပြီး လူသားတို့၏ တိုးတက်မှုဖြစ်စဉ်သမိုင်းတွင် အဓိကအကျဆုံးအခန်းကဏ္ဍမှ ပါဝင်လာခဲ့သည်။

**အက်တမ်ကို ကြိုးကိုင်ခြင်း**

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ခန့် ဂရိယဉ်ကျေးမှုထွန်းကားချိန်တွင် ယနေ့တိုင် နာမည်ကျော်ကြားသည့် ဂရိတွေးခေါ်ပညာရှင်တစ်ဦးဖြစ်သူ ဒီမိုးကရေးတပ်စ်က အက်တမ်သဘောတရားကို ကနဦးထုတ်ဖော်ခဲ့သည်။ သူက အရာရာတိုင်းကို အက်တမ်များဖြင့် ဖွဲ့စည်းထားပြီး အက်တမ်ကို ထပ်မံခွဲစိတ်၍ မရနိုင်တော့ဟု ဟောကိန်းထုတ်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ အနောက်တိုင်းဒဿနနှင့် နောက်ပိုင်းသိပ္ပံလောကတွင် အက်တမ်သဘောတရားကို သက်သေပြနိုင်ရန် ကြိုးစားခဲ့ကြသည်။

တကယ်တော့ အက်တမ်သဘောတရား မပေါ်ပေါက်မီ နှစ်ပေါင်းသုံးသန်းခန့်၊ ဟိုမိုဆေပီယန်ဖြစ်လာရန်ပင် နှစ်ပေါင်းနှစ်သန်းကျော်လိုသေးသည့် ပရိုင်းမိတ်ဘဝမှာပင် ကျွန်တော်တို့လူသားမျိုးနွယ် ဘိုးဘေးတို့သည် ကျောက်လက်နက်များကို သုံးနေကြပြီဖြစ်သည်။ ကျောက်တုံးတို့ကို အက်တမ်တို့ဖြင့်ပင် ဖွဲ့စည်းထားရာ ကျောက်ပုဆိန်တစ်လက်၊ ကျောက်လှံတစ်လက် သွေးခြင်းသည်ပင်လျှင် အက်တမ်အစုအဝေးများကို ပုံဖော်ခြင်း သို့မဟုတ် အက်တမ်ကို ကြိုးကိုင်ခြင်းမဟုတ်ပါလား။ ထိုကျောက်လက်နက်များမှ ကျွန်တော်တို့သမိုင်း၏ ဝမ်းနည်းထိတ်လန့်စရာအကောင်းဆုံး ဟီရိုရှီးမားနှင့် နာဂါစကီမြို့တို့ကို တစ်မြို့လုံးနီးပါး ပြာကျသွားစေခဲ့သည့် အဏုမြူလက်နက်များအထိ အက်တမ်ကို တစ်ဆင့်ပြီးတစ်ဆင့် ကြိုးကိုင်ခြယ်လှယ်နိုင်အောင် ကြိုးစားခဲ့ကြသည်မှာ မြင်သာပါသည်။

**သတင်းအချက်အလက်ကို ကြိုးကိုင်ခြင်း**

၂၀ ရာစုအလယ်ပိုင်းလောက်တွင် လူသားတို့၏ အခြေခံဖွဲ့စည်းမှုအပေါ် အမြင်တစ်ဆစ်ချိုး ပြောင်းလဲသွားသည်နှင့်အညီ နည်းပညာလမ်းကြောင်းလည်း တစ်ဆစ်ချိုးပြောင်းလဲသွားသည်။ အဆိုပါအမြင်မှာ စကြဝဠာ၏ ဆင့်ကဲတိုးတက်မှုဖြစ်စဉ်သည် သတင်းအချက်အလက်များကို လက်ဆင့်ကမ်းသယ်ဆောင်လာခြင်းဖြစ်သည်ဆိုသည့်အမြင်။ ရူပဗေဒပညာရှင်



ဂျွန်အာချီဘယ်ဝှီးလားက "အမှုန်တိုင်း၊ အားစက်ကွင်းတိုင်း၊ ပြီးတော့ အာကာသ-အချိန်သန္တာန်ကြီးကိုယ်တိုင်တောင်မှ သူ့ရဲ့လုပ်ဆောင်ချက်တိုင်း၊ သူ့ရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်တိုင်း၊ သူ့ရဲ့ဖြစ်တည်မှုကြီးတစ်ခုလုံးကို ဘစ်တွေကနေ ဆင့်ပွားယူထားတယ်။ ကိရိယာတွေနဲ့ လက်တွေ့ဖော်ထုတ်ထားတဲ့ အဖြေတွေကနေ ဟုတ်တယ်၊ မဟုတ်ဘူး အဖြေတွေအထိ အကုန်လုံး ဘိုင်နရီရွေးချယ်မှုတွေ၊ ဘစ်တွေပဲ"ဟု ပြောဖူးသည်။

တကယ်တော့ သတင်းအချက်အလက်ကို ကြိုးကိုင်ခြင်းသည်လည်း လူ့သမိုင်း၌ ထိုအချိန်မှ စတင်သည်မဟုတ်။ ဘာသာစကားတီထွင်ခြင်းနှင့် အရေးအသားတီထွင်ခြင်းတို့သည် ရှေးအကျဆုံး သတင်းအချက်အလက်နည်းပညာများပင် ဖြစ်ကြပြီး ယဉ်ကျေးမှုကြီးများ ထွန်းကားလာစေသည်အထိ အကျိုးကျေးဇူးပြုခဲ့သည်ကို မြင်တွေ့ရပြီးသား။ သို့သော် သတင်းအချက်အလက်ကို သင်္ချာနည်းဖြင့် တွက်ချက်နိုင်သည်ဆိုသည့် သဘောတရားကို ၁၉၄၈ ခုနှစ်တွင်မှ အမေရိကန်သင်္ချာပညာရှင် ကလောက်ဒ်ရှန်နွန်က "ဆက်သွယ်ရေးဆိုင်ရာ သင်္ချာသီအိုရီ" (A Mathematical Theory of Communication) ဆိုသည့်စာတမ်းတွင် စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။ ထိုစာတမ်းသည် ယနေ့ခေတ် အိုင်တီဟု လူသိများလှသည့် သတင်းနည်းပညာ၏ အခြေခံအုတ်မြစ်ဖြစ်တော့သည်။

**ဒီအင်န်အေကို ကြိုးကိုင်ခြင်း**

စကြဝဠာကြီးကို အက်တမ်အောက်အမှုန်များ၊ အက်တမ်များဖြင့် ဖွဲ့စည်းထားသည်၊ စကြဝဠာကြီး၏ ဆင့်ကဲဖြစ်စဉ်ကို သတင်းအချက်အလက်က မောင်းနှင်သည်ဆိုသည့် အခြေခံအသိကို ရရှိခဲ့သည့် ကျွန်တော်တို့သည် ကျွန်တော်တို့နှင့် အနီးစပ်ဆုံး သဘာဝထဲမှ သတင်းအချက်အလက် ဘယ်မှာရှိမလဲဟု လိုက်ရှာရာတွင် ဒီအင်န်အေ၌ သွားတွေ့သည်။ ၁၉၅၃ ခုနှစ်တွင် ဂျိမ်းဝပ်ဆင်နှင့် ဖရန်စစ်ခရစ်တို့ကြောင်လိမ်လှေကားပုံစံ ဒီအင်န်အေကို စတင်ရှာဖွေတွေ့ရှိပြီးနောက်ပိုင်း သက်ရှိဘဝကို စကြဝဠာသင်္ကေတတစ်ခုဖြင့် စိုးမိုးထားကြောင်း တွေ့ရှိလာခဲ့သည်။ နောက်ပိုင်း ဆယ်စုနှစ်များအတွင်း မော်လီကျူးအဆင့်တွင် သတင်းအချက်အလက်က သက်ရှိဘဝတို့ကို ဘယ်လိုပုံဖော်သလဲဆိုသည်ကို အဆင့်ဆင့်တိုးတက်သိမြင်လာခဲ့သည်။ အရင်ဆုံး ဒီအင်န်အေတို့ကို အဓိပ္ပာယ်ဖော်သည်။ ထို့နောက် ပြုပြင်ပြောင်းလဲသည်။ ယခုနောက်ဆုံး ဒီအင်န်အေတို့ကို ရိုက်ထုတ်နိုင်နေပြီဖြစ်သည်။

လွန်ခဲ့သည့်ဆယ်စုနှစ်များက ထိုဘာသာရပ်ကို ဘိုင်အိုအင်ဂျင်နီးယားရင်း၊ ဂျနက်တစ်အင်ဂျင်နီးယားရင်းဆိုသည့် ခေါင်းစဉ်များဖြင့် ကျွန်တော်တို့သိခဲ့ကြသည်။ ယခုအခေါ်အဝေါ်အားဖြင့် synthetic biology ။ မြန်မာလို ဘာသာပြန်ဆိုပြီးသားမရှိ၍ ဇီဝအတုနည်းပညာဟု ဆိုကြပါစို့။ ယခင်က အစားအသောက်များကို မျိုးဗီဇပြုပြင်ပြီး ဖန်တီးမှုဖြင့် စတင်ခဲ့သည်။ ယခုဇီဝအတုနည်းပညာတွင် သက်ရှိများကိုပင် ဖန်တီးနိုင်နေပြီ။

**ကြိုးကိုင်ခြင်းနှင့် ထိန်းချုပ်ခြင်း**

ယနေ့ခေတ် သိပ္ပံအမြင်အရ စကြဝဠာကို အက်တမ်နှင့် အက်တမ်အောက်အမှုန်များ၊ ထိုအမှုန်များကြားမှ သတင်းအချက်အလက်ဆက်သွယ်မှုတို့ဖြင့် တည်ဆောက်ထားသည်။ အသိဉာဏ်ရှိလူသားတို့၏ လိုလားမှုမှာလည်း ထိုအမှုန်များနှင့် သတင်းအချက်အလက်များဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းရန်ဖြစ်သည်။ ထိုသို့ဖြည့်ဆည်းနိုင်အောင် လုပ်ခြင်းသည် နည်းပညာဖြစ်သည်။ လူသားသည် နည်းပညာကိုဖန်တီးနိုင်သည်။ ဖန်တီးထားသည့် နည်းပညာကိုသုံး၍ လိုအင်ဆန္ဒများကို ဖြည့်ဆည်းနိုင်သည်။ ထိုသို့ဖြည့်ဆည်းခြင်းကိုပင် ကြိုးကိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ သို့သော် ဖြစ်တည်လာသည့် နည်းပညာကို ထိန်းချုပ်၍တော့မရ။ တစ်နည်းအားဖြင့် နည်းပညာ၏ တိုးတက်မှု၊ ပျံ့နှံ့မှုနှင့် ကောင်းကျိုးဆိုးကျိုးများကို ကိုယ်ဖြစ်ချင်သလို လုပ်၍မရနိုင်ကြောင်း သမိုင်းက သက်သေပြထားပြီးသားဖြစ်သည်။

အော့တိုမန် အင်ပါယာသည် သူ့ခေတ်၏ ရှေ့ပြေးနည်းပညာဖြစ်သော ပုံနှိပ်ခြင်းအတတ်ကို ထိန်းချုပ်ပိတ်ပင်ခဲ့သည်။ ပုံနှိပ်ခြင်းမှဖြစ်လာမည့် အတွေးအခေါ်အမျိုးမျိုးနှင့် ယဉ်ကျေးမှုအမျိုးမျိုးတို့က အော့တိုမန်ယဉ်ကျေးမှုအပေါ် နှောင့်ယှက်လာမည်ကိုစိုးရိမ်၍ ဆူလ်တန်အဆက်ဆက်က ပိတ်ပင်ထားခဲ့ခြင်းဖြစ်သည်။ ထိုသို့ထိန်းချုပ်ခြင်းမှာ နှစ်ပေါင်းသုံးရာခန့်ကြာမြင့်ခဲ့သည်။ ပုံနှိပ်စက်များကို ခွင့်ပြုလိုက်ရခြင်းကြောင့် အော့တိုမန်အင်ပါယာ ကျဆုံးခဲ့ရသည်တော့မဟုတ်။ သို့သော် ထိုသို့ခွင့်ပြုလိုက်ရခြင်းသည်ပင်လျှင် အဓိကအားဖြင့် ခေတ်နောက်ကျခြင်းကြောင့် ဖြစ်လာတော့မည့် အော့တိုမန်အင်ပါယာ ကျရှုံးခြင်း၏ ရောဂါလက္ခဏာတစ်ရပ်ဖြစ်နေသည်။ တစ်ဖက်တွင် နည်းပညာကိုကြိုးကိုင်ပြီး လိုအင်ဆန္ဒများဖြည့်ဆည်းခဲ့သော ဥရောပသည် တစ်ခေတ်ဆန်းသစ်ခဲ့သည်။

သမိုင်းတစ်လျှောက် နည်းပညာကို လွန်လွန်ကဲကဲ ထိန်းချုပ်ခြင်းကြောင့် အကျပ်အတည်းများနှင့် ရင်ဆိုင်ရသည့်၊ တစ်နည်း ခေတ်နောက်ကျသည့် လူ့အဖွဲ့အစည်းများစွာကို ကျွန်တော်တို့မြင်တွေ့ရပြီးသား။ ထို့ကြောင့် လက်ရှိနှင့် အနာဂတ်နည်းပညာများကိုလည်း ထိန်းချုပ်ရန်မကြိုးစားဘဲ ဘယ်လိုကြိုးကိုင်ရမလဲဆိုသည်ကိုသာ အဓိကထားရမည်ဖြစ်သည်။ သမိုင်းတစ်လျှောက် အက်တမ်တို့ကို ကြိုးကိုင်ခြင်းနှင့် သတင်းအချက်အလက်ကို ကြိုးကိုင်ခြင်းတို့သည် အသိဉာဏ်တုနည်းပညာနှင့် ဇီဝအတုနည်းပညာတို့တွင် လာရောက်ပေါင်းဆုံကြတော့မည်ဖြစ်ရာ ထိုနည်းပညာများကို ဘယ်လိုကြိုးကိုင်မလဲဆိုသည်မှာ လူ့အဖွဲ့အစည်းတစ်ခု၏ အနာဂတ်ပင်ဖြစ်တော့သည်။

**Ref:** *Information as a Basic Property of the Universe by Tom Stonier*
*The Coming Wave by Mustafa Suleyman*

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဆောင်းသီးနှံစိုက်ခင်းများနှင့် မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုအားပေး



ဘားအံ ဒီဇင်ဘာ ၈

ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံ၍ ပိုလျှံသည်များကို ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရန် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်စိုက်ပျိုးမွေးမြူထုတ်လုပ်လျက်ရှိရာ ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ဘားအံမြို့နယ် ထုံးအိုင်တိုက်နယ်အတွင်းရှိ အောင်မြင်ဖြစ်ထွန်းနေသော ဆောင်းသီးနှံစိုက်ခင်းများနှင့်မွေးမြူရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ထုံးအိုင်တိုက်နယ်အတွင်းရှိဆောင်းမြေပဲတစ်ကွင်းတစ်ဆက်တည်းဧက ၆၀၀ စိုက်ခင်းအား လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များ မေးမြန်းဆွေးနွေးကာ မြေလွတ်မြေလပ်မချန်ဘဲ စဉ်ဆက်မပြတ်စိုက်ပျိုးထုတ်လုပ်မှသာ နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်၊ မြေနေရာ၊ စက်ပစ္စည်းနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ထုံးအိုင်တိုက်နယ်အတွင်းရှိ အောင်မြင်ဖြစ်ထွန်းနေသော စားဖိုဆောင်သီးနှံ ဟင်းသီးဟင်းရွက် စိုက်ခင်းများအား လှည့်လည်ကြည့်ရှုအားပေးပြီး သီးနှံစိုက်ခင်းများအတွင်း သွင်းအားစုနှင့်စိုက်ပျိုးရေးသုံး စက်ကိရိယာများ လွယ်ကူစွာဝင်ထွက်သွားလာနိုင်ရေး ကုန်ထုတ်လမ်းတစ်လမ်း ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထုံးအိုင်တိုက်နယ် နောင်ထလုံးကျေးရွာရှိ တောင်သူဦးစံသိန်း၏ အသားတိုးဝက် ၄၁ ကောင်မွေးမြူရေးခြံအား သွားရောက်ကြည့်ရှုအားပေးပြီး တိုးချဲ့မွေးမြူနိုင်ရေး လိုအပ်သည့် အရင်းအနှီးနှင့်မြေနေရာများထောက်ပံ့ပေးနိုင်ရန် ဆွေးနွေးပြောကြားကာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အခမဲ့ထောက်ပံ့သော တိရစ္ဆာန်ဆေးဝါးများကို ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် ဘားအံ-ဇာသပြင်အဖြောင့်လမ်းမကြီးဘေးရှိ တောင်သူဦးစောထက်ဝင်း၏ ငါးမွေးမြူရေးကန် ဧက ၂၀ အား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဘားအံမြို့နယ် ရဲသာကျေးရွာအုပ်စုဒွဲရေကျနောက်စိုက် စပါးအောင်ရေရရှိနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ပြည်နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အလျားပေ ၂၁၀၀၊ အကျယ် ငါးပေရှိမြို့ရှောင်လမ်းဘေးဝဲယာရေမြောင်းတူးဖော်ခြင်းလုပ်ငန်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ထောက်ကြန့်မြို့ လျှပ်စစ်မန်နေဂျာရုံးနှင့် လှော်ကားပင်မဓာတ်အားခွဲရုံအတွင်း ကေဘယ်ကြိုးများ ရွှေ့ပြောင်းနေမှု ကွင်းဆင်းစစ်ဆေး



ရန်ကုန် ဒီဇင်ဘာ ၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှ တာဝန်ရှိသူများ၊ မြောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့နှင့်အတူ ဒီဇင်ဘာ ၆ ရက်က ထောက်ကြန့်မြို့ လျှပ်စစ်မန်နေဂျာရုံးနှင့် ၂၃၀ ကေဗွီ လှော်ကားပင်မဓာတ်အားခွဲရုံအတွင်း ကေဘယ်ကြိုးများ ရွှေ့ပြောင်းနေသည့် လုပ်ငန်းခွင်သို့ ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ထောက်ကြန့်မြို့ လျှပ်စစ်မန်နေဂျာရုံးသို့ သွားရောက်၍ ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေများ၊ ဓာတ်အားပျောက်ဆုံးမှုအခြေအနေများနှင့် ဓာတ်အားခကြွေးကျန်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ တရားမဝင် ဓာတ်အားသုံးစွဲမှုများအား စစ်ဆေးဖော်ထုတ်ရေး၊ ဓာတ်အားပျောက်ဆုံးမှုလျှော့နည်းကျဆင်းရေး၊ နိုင်ငံတော်မှ ရသင့်သည့် ဓာတ်အားခများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ကြပ်မတ်ဆောင်ရွက်ရေးတို့ကို အသေးစိတ်မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ၂၃၀ ကေဗွီ လှော်ကားပင်မဓာတ်အားခွဲရုံဝင်းအတွင်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)၊ စီမံကိန်းမန်နေဂျာ(၁)ရုံးမှ ဆောင်ရွက်နေသော ၂၃၀ ကေဗွီ Bus Extension ပြုလုပ်မည့်နေရာနှင့် မလွတ်ကင်းသည့် ၃၃ ကေဗွီ Feeder Power Cable များ ရွှေ့ပြောင်းရေးလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်မှာကြားကာ လုပ်ငန်းများ အချိန်မီပြီးစီးရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၆၅ | ၃၁၄၅ | ၃၁၂၀ | ၃၀၇၅ | ၃၁၄၅ | ၃၁၆၀ | ၃၁၇၀ | ၃၁၂၅ | ၄၅၀၅ | ၃၂၀၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၈၅ | ၃၅၈၅ | ၃၉၅၀ |
| 95 Ron | ၃၁၀၀ | ၃၂၆၀ | ၃၂၃၅ | ၃၁၈၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၈၅ | ၃၂၄၀ | ၄၅၆၀ | ၃၃၉၅ | ၃၂၅၀ | ၃၂၆၅ | ၃၂၉၅ | ၃၂၈၅ | ၃၂၉၅ | ၃၇၀၀ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၃၀ | ၂၇၁၀ | ၂၆၈၅ | ၂၆၄၀ | ၂၇၁၀ | ၂၇၂၅ | ၂၇၃၅ | ၂၆၉၀ | - | ၂၈၅၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၅၀ | ၂၇၃၅ | ၂၇၅၀ | ၃၁၅၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၇၅ | ၃၃၅၅ | ၃၃၃၀ | ၃၂၈၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၈၀ | ၃၃၃၅ | ၄၈၃၀ | ၃၄၉၀ | ၃၃၄၅ | ၃၃၆၀ | ၃၃၉၀ | ၃၃၈၀ | ၃၃၉၀ | ၃၇၉၅ | - |
| HSD (10 ppm) | ၃၂၇၅ | ၃၃၅၅ | ၃၃၃၀ | ၃၂၈၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၈၀ | ၃၃၃၅ | - | ၃၄၉၀ | ၃၃၄၅ | ၃၃၆၀ | ၃၃၉၀ | ၃၃၈၀ | ၃၃၉၀ | ၃၇၉၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၆ | ၂၉၉၇ |
| 95 Ron | ၃၀၁၆ | ၃၁၁၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၆၄ |
| HSD (50 ppm) | ၃၁၀၈ | ၃၂၀၀ |
| HSD (10 ppm) | ၃၁၀၈ | ၃၂၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မင်းဘူးမြို့ရှိ ဝတ်ကြီးလိုဏ်ဂူအား ဘုရားပွဲတော်ရာသီအမီ ပြန်လည်ပြုပြင်သွားမည်

မင်းဘူး ဒီဇင်ဘာ ၈

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ မှန်ကင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဝတ်ကြီးလိုဏ်ဂူမှ အင်းဝခေတ် နံရံဆေးရေးပန်းချီများ မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်နိုင်ရန် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးလွင်နှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ပျက်စီးယိုယွင်း**

ဝတ်ကြီးလိုဏ်ဂူမှ နံရံဆေးရေးပန်းချီများသည် အင်းဝခေတ်က လက်ရာများဖြစ်ပြီး မင်းဘူးဆရာတော် ဦးဩဘာသ ရေးသားခဲ့သော ဇာတ်တော်ကြီး ဆယ်ဘွဲ့ထဲမှ တေမိယဇာတ်၊ မဟာဇနကဇာတ်၊ နေမိဇာတ်၊ မဟော်သဓာဇာတ်၊ စန္ဒကုမာရဇာတ်၊ နာရဒဇာတ်၊ ဝိဓူရဇာတ်၊ ဝေဿန္တရာဇာတ်တို့အပြင် ရှင်ပညာတိက္ခ ရေးသားသော သုဝဏ္ဏသာမဇာတ်နှင့် ရှင်နန္ဒမေဓာက ရေးသားသော ဘူရိဒတ်ဇာတ်တော်ကြီးများကို အသက်ဝင်စွာ ရေးဆွဲပုံဖော်ထားခြင်းဖြစ်သည်။ ယခုအချိန်တွင် ယင်းလက်ရာများ ပျက်စီးယိုယွင်းနေပြီဖြစ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှေးမူလက်ရာအတိုင်း ဘုရားပွဲတော်ရာသီအမီ ပုဂံဒေသမှ နံရံပန်းချီရေးဆွဲသည့် အတတ်ပညာရှင်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




(၂-၁၂-၂၀၂၄ ရက်နေ့မှအဆက်)

ဦးမြင့်မောင်က ပြုံး၍ ကျွန်တော့်ကိုကြည့်ရင်း–

"ဆရာ့စိတ်ဓာတ်ကို ကျွန်တော် သဘောပေါက်ပါတယ်ဆရာ။ ကျွန်တော်လည်း ဆရာ့နေရာမှာ နေရင်တော့ ဆရာ့လိုပဲလုပ်ရမှာပဲ။ တစ်ခုတော့ ရှိတယ် ဆရာရေ၊ လုပ်မယ်ဆိုရင်တော့ စောစောသာ လုပ်။ နည်းနည်းစောရင် ဆရာ့အတွက် နည်းနည်း ပိုအဆင်ပြေမှာပဲ။ ပြီးတော့ ကျွန်တော် ဘာကူညီရမလဲပြော"

"ဟာ . . . ရပါတယ် ဆရာ၊ အခုလို အဆင်ပြေအောင် ကြံဖန်စီစဉ်ပေးမယ်ဆိုတာလည်း ကျေးဇူးတင်ပါတယ်"

ဆရာ့ကို နှုတ်ဆက်၍ ပြန်လာချိန်တွင် ကျွန်တော့်ခန္ဓာကိုယ်သည် တိမ်ပေါ်၌ လမ်းလျှောက်နေရသကဲ့သို့ ဖြစ်နေ၏။

မနက်ဖြန် ခင်လေးကို ပြောစရာစကားတွေ အများကြီးဖြစ် နေပါပကော။

* * * * *

(၃)

တနင်္ဂနွေနေ့ နေ့လယ် (၂)နာရီ။

"နွေဦး . . . လေရူးတွေလည်းမြူးပြီလေ . . . ကံ့ကော်တွေလည်းဖူးလို့နေ . . . သစ်ရွက်တွေ မြေမှာလူးကာ . . . ဥဩငှက်တွေတွေ့တော့ ချစ်ရက်တွေရှည် . . ."

ရာမညဆောင် ရှေ့တံခါးဝမှ ဝင်လိုက်သောအခါ အမရဆောင်ရှေ့ဘက် ပိတောက်ပင်ကြီးဆီမှ ဥဩငှက်သံကို ကြားရပြန်သည်။ သည်နှစ်နွေဦးသည် အရောက်စောသည်ထင်မိ၏။

စိတ်ထဲတွင် ရွှင်သောစိတ်ကြောင့် တွံတေးသိန်းတန်၏ "ချစ်ရက်ရှည်ရှည် အင်းလျားမြေ" သီချင်းတစ်ပိုင်းတစ်စလေးကို ခပ်တိုးတိုးဆိုနေမိသည်။

သို့သော် ဆက်ဆိုရမည့် အပိုဒ်လေးကိုမူ နှုတ်သည် တုံ့ခနဲဖြစ်သွား၏။ ဆက်ရမည့်နေရာက –

"သည်အခါ သည်သမယ ခွဲကြရမယ့်အခြေ . . အချိန်တန် အိမ်ပြန်ရပေမယ့် . . . ကိုယ့်လိပ်ပြာက မင်းရဲ့ထံမှာနေ . . . အင်းလျားကိုလည်း မမေ့နိုင်ပေ..." တဲ့။

ကျွန်တော် မဆိုချင်ပါ။ ခုလို မင်္ဂလာယူနေသောအချိန်တွင် ကျွန်တော် နိမိတ်မရှိနမာမရှိ စကားလုံးများ မသုံးချင်ပါ။

တက္ကသိုလ်မှ ကံ့ကော်ရွက်လေးများသည် အလွမ်းကိုကြိုသော ကံ့ကော်ရွက်ရေမဖြစ်ချင်ပါ။ အချစ်ကိုဖွဲ့သော၊ အပျော်ကိုကြိုသော ကံ့ကော်ရွက်ရေသာဖြစ်ချင်ပါ၏။ ကံ့ကော်ရွက်ရေဆိုသော စကားလုံးလေးကို အထပ်ထပ်ရွတ်ကြည့်နေမိသည်။ သည်စကားက ခင်လေးဆီမှ ကြားရသော စကား၊ အလှပဆုံးစကားလေးပင်။

* * * * *

ကံ့ကော် စပွင့်သောနေ့က အဖြစ်ကလေးကို သတိရမိ၏။

ထိုနေ့က ခင်လေးတို့ လက်တွေ့လုပ်ရသည့်နေ့။ ခင်လေးက အိမ်ကို ညာတာပါတေးလုပ်၍ ကျောင်းကို စောစောလာသည်။ ကျွန်တော်တို့နှစ်ယောက်က သိပ္ပံခန်းမ ဆင်ဝင်အောက်မှ ဗဟိုစာကြည့်တိုက်ဘက်သို့ လျှောက်လာခဲ့ကြသည်။

ဗဟိုစာကြည့်တိုက်ရှေ့ရောက်သောအခါ ခင်လေးက အလန့်တကြား ပြောသည်။

"ဟယ် . . . ဟိုမှာ ကံ့ကော်တွေ ကိုကို"

ကျွန်တော် အပေါ်သို့ လှမ်းကြည့်သည်။ အပင်များပေါ်တွင် ကံ့ကော်တစ်ပွင့်တလေမျှမရှိတော့။ တချို့နေရာတွင် အဖူးလေးများသာရှိသည်။

"ဘယ်မှာလဲ ခင်လေးရဲ့"

ကျွန်တော် ယောင်ချာချာဖြစ်နေခြင်းကို ခင်လေးက အားမလိုအားမရဟန်ဖြင့် ကျွန်တော့်လက်မောင်းအင်္ကျီစကိုဆွဲရင်း –

"သြော် . . . ကိုကိုကလည်း တလွဲတွေ လျှောက်ကြည့်နေတယ်၊ ဟိုမှာ"

သူပြသည့်နေရာက ကျွန်တော်ကြည့်သည့်နေရာနှင့် ဗီလာ။ ကျွန်တော်ကြည့်သည့်နေရာက ကျွန်တော်တို့၏ အနောက်အရပ် ကံ့ကော်ပင်ပေါ်၊ အမြင့်။ သူပြသည့်နေရာက အရှေ့အရပ်၊ တက္ကသိုလ်စာကြည့်တိုက်လှေကားဘေး အုတ်ခုံပေါ်မှ ဗန်းကလေးနှင့် ထည့်ရောင်းနေသော ကံ့ကော်ပွင့်များ၊ အနိမ့်။

"ဝယ်ရအောင်"

ခင်လေးက ကံ့ကော်ပွင့်များကိုကြည့်ရင်း ကလေးတစ်ယောက်လို မြူးထူးနေသည်။

"လာ ကိုယ်ဝယ်ပေးမယ်"

ကျွန်တော်က စာကြည့်တိုက်ဘက် ခြေလှမ်းလိုက်ရင်း ဗန်းထဲမှ ကံ့ကော်ပွင့်လေးတစ်ပွင့်ကို ယူ၍–

"ဘယ်လောက်လဲ ညီမ"

"တစ်မတ်"

အင့်ခနဲတော့ဖြစ်သွား၏။ သို့သော် တန်ပါသည်။ ကံ့ကော်ဦးမဟုတ်လား။ ပြီးတော့ ခင်လေးဖို့ဝယ်ရမည့်ပန်း။

ခင်လေးက ဘာမှမပြောဘဲ ကျွန်တော့်လှုပ်ရှားမှုကိုသာ အကဲခတ်သလို ပြုံးကြည့်နေသည်။

"နှစ်ပွင့်ယူမယ် ညီမ၊ ရော့ . . ကျပ်တန်အမ်း"

"ဘာလုပ်ဖို့ နှစ်ပွင့်လဲ ကိုကို၊ တစ်ပွင့်ကဘယ်သူ့ဖို့လဲ"

ဖျတ်ခနဲ ဝင်မေးလိုက်သော ခင်လေးစကားကြောင့် ကျွန်တော်သူ့ကို စောင်းကြည့်ရင်း –

"ဘယ်သူ့ဖို့ရှိရမလဲ ခင်လေးရဲ့၊ ခင်လေးဖို့ချည်းပေ့ါ"

"ဟင့်အင်း . . ဒါဖြင့် တစ်ပွင့်တည်းပဲဝယ်၊ ခင်လေး ဘယ်တော့မှ ပန်းနှစ်ပွင့်မပန်ဘူး"

ကျွန်တော် ရယ်လိုက်သည်။ လက်ထဲမှ ဒုတိယအပွင့်ကို ပြန်ချလိုက်ရင်း –

"ကဲ . . . ညီမရေ တစ်ပွင့်ပဲတဲ့"

ကလေးမလေးကလည်း သဘောကျသလို ရယ်ရင်း သုံးမတ် ပြန်အမ်းသည်။

ပန်းပွင့်လေးယူပြီးသောအခါ ကျွန်တော်တို့နှစ်ယောက် ကံ့ကော်တောဘက် လျှောက်ခဲ့ကြသည်။ စောသေးသဖြင့် ကံ့ကော်တောတွင် လူရှင်းနေသည်။ မြူနှင်းပွင့်များ အနည်းအပါးနှင့် ကံ့ကော်ပန်းရနံ့လေးများအပြင် ခုံတန်းလျားဗလာလေးများသာရှိ၏။

"ကိုယ် ပန်ပေးမယ်လေ"

ခင်လေးပါးပြင်တွင် ပါးချိုင့်လေးခွက်သွား၏။ ကျွန်တော့်ဘက်ကိုလည်း ခေါင်းငဲ့ပေးရင်း ကလစ်လေးတစ်ချောင်း ကမ်းပေးသည်။

ကံ့ကော်ပွင့်လေးကို ကျွန်တော်ပန်ပေးနေစဉ် သူ့လက်ကလေးများသည် ကျွန်တော့်လက်များကို ဝိုင်းကူ၍ ပန်ပေး၏။ ကျွန်တော်က သူ့ပါးနားကပ်ရင်း–

"ဒါက ကံ့ကော်စာချုပ် ဒုတိယတွဲ"

ပြောရင်းနှင့်ပင် ကျွန်တော့်မျက်နှာသည် ဖျတ်ခနဲ နီးကပ်သွား၏။

"အိုး . . . လူတွေမြင်ပါ့မယ် ကိုကိုရဲ့"

ခင်လေးပါးပြင်တွင် ပန်းရောင်သွေးလေး ဖျတ်ခနဲကူးသည်။

နှစ်ယောက်သား ခုံတန်းလေးပေါ်မှာထိုင်မိသည် အထိ အပြုံးလေးများမပြတ်။

ခင်လေးက ကံ့ကော်ရွက်လေးတစ်ရွက်ကို ကောက်ယူရင်း ခပ်တိုးတိုးပြောသည်။

"မတော်တဆ ခင်လေးနဲ့ ကိုကိုများ ဝေးရင် ခင်လေးတော့ ကံ့ကော်ရွက်လေးတွေရေပြီး စောင့်ရင်း တမျှော်မျှော်နဲ့နေရမှာပဲ ကိုကိုရယ်"

"ကိုကိုနဲ့ ခင်လေးက ဘာလို့ဝေးရမှာလဲခင်လေးရဲ့။ ကိုကိုက ခင်လေးအနားက ဘယ်မှသွားမယ့်သူမှ မဟုတ်တာ"

ခင်လေးက ကျွန်တော့်ကိုမကြည့်၊ ကံ့ကော်ရွက်လေးကိုသာ တယုတယ ပွတ်သပ်ရင်း –

"မပြောနိုင်ဘူး ကိုကိုရေ၊ လောကဆိုတာ စိတ်ချရတာမဟုတ်ဘူး။ ဟိုတုန်းက စစ်သားတွေစစ်ထွက်သွားရင် ကျန်ရစ်တဲ့ ချစ်သူက သပြေရွက်လေးတွေရေပြီး လွမ်းရတယ်တဲ့။ "သပြေရွက်ရေ" ဆိုတဲ့ သီချင်းတောင်ရှိသေး။ ခင်လေးကတော့ ကံ့ကော်ရွက်လေးတွေနဲ့ ကံ့ကော်ရွက်ရေလွမ်းရမှာပဲ။ ခင်လေးတို့ ဘာဖြစ်မယ်ဆိုတာ ဘယ်ပြောနိုင်မလဲ"

ထိုစဉ်တုန်းက ခင်လေး စိတ်သက်သာရုံအလွယ်တကူ နှစ်သိမ့်ခဲ့မိသော်လည်း ခုအခါတွင် ခင်လေးအတွက် စကားလေးတစ်ခွန်း ကို စိတ်ထဲမှ ရည်စူး၍ ပြောလိုက်မိသည်။

" ဒီတစ်ခါ ကံ့ကော်ရွက်ရေကတော့ လက်ထပ်ရက်လေးအတွက် ကံ့ကော်ရွက်ရေပဲဖြစ်မယ်ခင်လေးရေ၊ လွမ်းဖို့မဟုတ်တော့ဘူး"

လောကကြီးသည် ကျွန်တော့်ကို အရူးတစ်ယောက်ကဲ့သို့ စောင့်ကြည့်နေမလား၊ ကျွန်တော် မဝေခွဲတတ်။

အဘယ်ကြောင့်ဆိုသော် ...

နောက်တစ်စက္ကန့်ကျော်ကျော်တွင် ဖြစ်လာမည့် ကိစ္စကြီးကိုသာသိပါက ကျွန်တော်သည်ကဲ့သို့ ပျော်နိုင်မည်မဟုတ်။ သည်ကဲ့သို့ ကြည်နူးနိုင်လိမ့်မည်မဟုတ်။ သည်ကဲ့သို့ ရွှင်လန်းချမ်းမြေ့နိုင်မည် မဟုတ်။

* * * * *

(၄)

နောက်တစ်စက္ကန့်အကြာတွင် ရွှေဘိုဆောင်ဘေးတည့်တည့် ကျွန်တော်ရောက်သည်။

လောနေသောစိတ်ကြောင့် ကံ့ကော်ပင်တန်းများကြားမှဖြတ်၍ ရွှေဘိုဆောင်ဘက်ချိုးဝင်သည်။

"ဟင်"

စိတ်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။

အဆောင်ရှေ့ ဆင်ဝင်အောက်တွင် ဆီဒင်ကားအနီလေး။ နံပါတ်မှာ ခင်လေးတို့ ကားနံပါတ်၊ သေချာသည်။ သည်ကားသည် ခင်လေးတို့ကား။

ရင်ထဲတွင် အလိုလိုသိတတ်သော အာရုံကြောင့်လားမသိ။ ခင်လေးတို့ကားကို မြင်လိုက်သည့်အခါ ရင်ထဲတွင် ဒိန်းခနဲတုန်လှုပ်သည်။ ပျော်စရာအဖြစ်တစ်ခု (သို့မဟုတ်) ခင်လေးများ ရောက်နေမလားဆိုသောအတွေးထက် ဘာများလဲ၊ ဘာများဖြစ်လို့ပါလိမ့်ဆိုသောစိတ်သည် ရုတ်တရက် ရင်ကိုပူလောင်သွားစေ၏။ ချက်ချင်း အဆောင်ထဲ ပြေးဝင်ချင်စိတ်ပေါ်လာ၏။

ရင်ထဲတွင် ရထားခုတ်မောင်းသံလို တဒိတ်ဒိတ်ခုန်၍ ရင်တစ်ခုလုံး ပုစဉ်းတောင်ပံလို တလှပ်လှပ်တုန်လာသည်။

သိလိုဇောဖြင့် အဆောင်လှေကားကိုခုန်ကျော်တက်ရင်း ခပ်သွက်သွက် အပြေးအလွှား လှမ်းဝင်လိုက်သည်။

"ဟော ..... ထွန်းဝေ"

ကျွန်တော် အဆောင်တွင်းရောက်ရောက်ချင်း ပေါ်ဦးက ဧည့်ခန်းတွင်းမှ ဖျတ်ခနဲ ထွက်လာသည်။ သူ့မျက်နှာမှာ သိသိသာသာပျက်နေသည်။ ကျွန်တော့် ရင်ထဲမှစိုးရိမ်စိတ်သည် အရှိန်အဟုန်ပြင်းစွာ လှိုက်ခုန်လာသည်။

"လာ ထွန်းဝေ၊ မင်းကို စောင့်နေကြတယ်"

ပေါ်ဦး၏အသံမှာ တစ်မျိုးဖြစ်နေကြောင်း သတိထားမိသည်။ ကျွန်တော် ဧည့်ခန်းတွင်းသို့ လျင်မြန်သော ခြေလှမ်းများဖြင့်လှမ်းဝင်လိုက်သည်။ မြင်ရသောမြင်ကွင်းကြောင့် ကျွန်တော် အရမ်းအံ့ဩသွားသည်။

ကျွန်တော် လုံးဝမမျှော်လင့်သောမြင်ကွင်း။

ထို့နောက် ကျွန်တော် လုံးဝမမျှော်လင့်ထားခဲ့သောအဖြစ်။

* * * * *

(ဆက်လက်ဖော်ပြပါမည်)

**ရင်ထဲတွင် အလိုလိုသိတတ်သော အာရုံကြောင့်လားမသိ။ ခင်လေးတို့ကားကို မြင်လိုက်သည့်အခါ ရင်ထဲတွင် ဒိန်းခနဲတုန်လှုပ်သည်။ ပျော်စရာအဖြစ်တစ်ခု (သို့မဟုတ်) ခင်လေးများ ရောက်နေမလားဆိုသောအတွေးထက် ဘာများလဲ၊ ဘာများဖြစ်လို့ပါလိမ့်ဆိုသောစိတ်သည် ရုတ်တရက် ရင်ကိုပူလောင်သွားစေ၏။ ချက်ချင်း အဆောင်ထဲ ပြေးဝင်ချင်စိတ်ပေါ်လာ၏။ ရင်ထဲတွင် ရထားခုတ်မောင်းသံလို တဒိတ်ဒိတ်ခုန်၍ ရင်တစ်ခုလုံး ပုစဉ်းတောင်ပံလို တလှပ်လှပ်တုန်လာသည်**

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။
**စာတည်း**

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၈**

၂၀၂၄ ခုနှစ် ဒီဇင်ဘာ အားကစားလ(ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျင်းပသည်။

ထိုသို့ စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပရာတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် မန္တလေးတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီး၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် စုပေါင်း လမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌လည်းကောင်း အသီးသီးကျင်းပကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ASEAN Cup အုပ်စု (A) အဖွင့်ပွဲတွင် လက်ရှိချန်ပီယံ ထိုင်းအသင်း ဂိုးပြတ်အနိုင်ရပြီး ကမ္ဘောဒီးယားနှင့် မလေးရှား အမှတ်ခွဲယူ

**နေပြည်တော် ဒီဇင်ဘာ ၈**

၂၀၂၄ ASEAN Cup ပြိုင်ပွဲ အုပ်စု (A) ပထမနေ့ကို ဒီဇင်ဘာ ၈ ရက်က စတင်ကျင်းပရာ လက်ရှိချန်ပီယံ ထိုင်းအသင်း ဂိုးပြတ်အနိုင်ရပြီး ကမ္ဘောဒီးယားနှင့် မလေးရှားအသင်း နှစ်ဂိုးစီသရေကျခဲ့သည်။

ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့်ပွဲတွင် ထိုင်းအသင်းက တီမောအသင်းကို ၁၀ ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ထိုင်းအသင်းတွင် နာမည်ကြီးကစားသမားအချို့ ပါဝင်လာခြင်းမရှိသော်လည်း အုပ်စုတွင်း အင်အားအနည်းဆုံး တီမောအသင်းကို အဝေးကွင်းတွင် ဂိုးပြတ်သွင်းကာ အဖွင့်လှသွားခဲ့သည်။ ထိုင်းအသင်းအတွက် အနိုင်ဂိုးများကို ၄၊ ၃၂ မိနစ်တွင် ဘင်ဒေးဗီးစ်၊ ၁၇ မိနစ်တွင် ပက်ထရစ်၊ ၂၈၊ ၅၄ မိနစ်တွင် ဆူဖာနတ်၊ ၅၆၊ ၆၁ မိနစ်တွင် ဆက်ဆန်၊ ၇၉၊ ၉၀+၂ မိနစ်တွင် ပိုအီဖီမိုင်၊ ၉၀+၃ မိနစ်တွင် မစ်ကယ်ဆင်တို့က သွင်းယူခဲ့သည်။



ကမ္ဘောဒီးယားအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့်ပွဲတွင် ကမ္ဘောဒီးယားအသင်းနှင့် မလေးရှားအသင်း နှစ်ဂိုးစီသရေကျခဲ့သည်။ ကမ္ဘောဒီးယားအသင်းသည် အိမ်ကွင်းတွင် မလေးရှားအသင်းထံမှ သရေတစ်မှတ် ရယူနိုင်ခဲ့ပြီး အဖွင့်လှသွားခဲ့သည်။ ၃၅ မိနစ်တွင် ဝယ်လ်ကင်က မလေးရှားအသင်းအတွက် ဦးဆောင်ဂိုးစတင်သွင်းယူသော်လည်း ၅၂ မိနစ်တွင် ကိုလီဘာလီက ကမ္ဘောဒီးယားအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ကမ္ဘောဒီးယားအသင်း ဆက်တိုက်ဖိကစားလာပြီး မိနစ် ၆၀ တွင် ဆာတေးက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ မလေးရှားအသင်းသည် အနိုင်မှပြန်ရှုံးသွားသဖြင့် နောက်မှလိုက်ကစားရသော်လည်း ၇၄ မိနစ်တွင် တီယာနေးက ချေပဂိုးပြန်သွင်းသဖြင့် နှစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။

အုပ်စု (A) ဒုတိယနေ့ကို ဒီဇင်ဘာ ၁၁ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး စင်ကာပူအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ မလေးရှားအသင်းနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–FAM**



## ASEAN Cup ပြိုင်ပွဲ အုပ်စု (B) ပထမနေ့ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

၂၀၂၄ ASEAN Cup ပြိုင်ပွဲ အုပ်စု (B) ပထမနေ့ကို ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။

အုပ်စု (B) ပထမနေ့အဖြစ် ဒီဇင်ဘာ ၉ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ရှိ အမျိုးသားအားကစားကွင်း၌ လာအိုအသင်းနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသလို အဖွင့်ပွဲတွင် နာမည်ကြီးအင်ဒိုနီးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန်တတိယအဆင့်ခြေစစ်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရနေသည့် တစ်သင်းတည်းသော အာဆီယံအသင်းဖြစ်သလို အာရှထိပ်သီးအသင်းအချို့ကိုပင် အနိုင်ကစားထားသည်။ ယခုပြိုင်ပွဲတွင် အမာခံကစားသမားအချို့ကို ကလပ်အသင်းများက မစေလွှတ်သဖြင့် အင်ဒိုနီးရှားအသင်းသည် ယူ–၂၂ ကစားသမားအများစုဖြင့် အခြေခံယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာလည်း အမာခံကစားသမားအချို့ မပါဝင်နိုင်သည့်အခြေအနေနှင့် ရင်ဆိုင်နေရပြီး နောက်ခံလူ စိုးမိုးကျော် ဒဏ်ရာကြောင့် လွဲချော်မည်ဖြစ်သလို မလေးရှားကလပ် နီဂျီရီဆီဘမ်လန်အသင်းတွင် ကစားနေသည့် ဟိန်းထက်အောင်နှင့် ထိုင်းလိဂ်–၂ ကလပ်ကန်ချာနာဘူရီအသင်းတွင် ကစားနေသည့် တိုက်စစ်မှူး သန်းပိုင်တို့မှာလည်း ကလပ်အသင်းက မစေလွှတ်သဖြင့် ကစားခွင့်ရမည် မဟုတ်ပေ။

မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းသည် ASEAN Cup ပြိုင်ပွဲ အုပ်စုအဆင့်တွင် ၂၀၀၈ ခုနှစ်၌ နောက်ဆုံးတွေ့ဆုံခဲ့ပြီး ၁၆ နှစ်အကြာမှ တစ်ကျော့ပြန် ပြန်လည်တွေ့ဆုံခြင်းဖြစ်သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–သော်ကြီး**


## UFC 310 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဂျိုရှုအာဗန် အနိုင်ရ

**နေပြည်တော် ဒီဇင်ဘာ ၈**

UFC 310 ပြိုင်ပွဲကို မြန်မာစံတော်ချိန် ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက အမေရိကန်နိုင်ငံ၌ကျင်းပရာ မြန်မာဖိုက်တာ ဂျိုရှုအာဗန် အနိုင်ရရှိသည်။

ဂျိုရှုအာဗန်သည် အမေရိကန်ဖိုက်တာ ကိုဒီဒါဒန်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပထမအချီတွင် လက်ရည်မကွာသော်လည်း ဒုတိယအချီနှင့် တတိယအချီတွင် ဂျိုရှုအာဗန်က လက်ရည်အသာရခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် ဂျိုရှုအာဗန်ကို ဒိုင်လူကြီးသုံးဦးစလုံးက အနိုင်ပေးခဲ့ခြင်းဖြစ်သည်။ ဂျိုရှုအာဗန်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ၁၄ ပွဲ ထိုးသတ်ရာတွင် ၁၂ ပွဲမြောက် အနိုင်ရခဲ့ခြင်းဖြစ်ပြီး UFC နှင့် လက်တွဲအပြီး ခြောက်ပွဲထိုးသတ်ရာတွင် ငါးပွဲမြောက် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–UFC**



ဂျိုရှုအာဗန်နှင့် ကိုဒီဒါဒန်တို့ ထိုးသတ်နေစဉ်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နည်းပြအမော်ရင်လက်ထက် ပရီမီယာလိဂ်လေးပွဲမှာ တစ်ပွဲသာအနိုင်ရယူနိုင်ခဲ့တဲ့ မန်ယူ

မန်ယူအသင်းနဲ့ နော့တင်ဟမ်ဖောရက်စ်အသင်းတို့ ဒီဇင်ဘာ ၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၅)မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ နော့တင်ဟမ်ဖောရက်စ်အသင်းက မန်ယူအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

**သွင်းယူ**

အဲဒီပွဲစဉ်မှာ အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ မန်ယူအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၈ မိနစ်မှာ ဟော့ဂျ်လန်းက တစ်ဂိုး၊ ဒုတိယပိုင်းပွဲကစားချိန် ၆၁ မိနစ်မှာ ဘရူနိုဖာနန်ဒက်စ်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

နော့တင်ဟမ် ဖောရက်စ်အသင်းအတွက် သွင်းဂိုးတွေကိုတော့ ပထမပိုင်းပွဲကစားချိန် နှစ်မိနစ်မှာ မီလန်ကိုဗစ်က တစ်ဂိုး၊ ၄၇ မိနစ်မှာ ဂစ်ဘ်ဝှိုက်က တစ်ဂိုး၊ ၅၄ မိနစ်မှာ ခရစ်ဝုဒ်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

နော့တင်ဟမ်ဖောရက်စ်အသင်းဟာ မန်ယူအသင်းကို အနိုင်ရရှိခဲ့တာကြောင့် နှစ်ပေါင်း ၃၀ ကြာ ကာလအတွင်း အိုးထရက်ဖို့ဒ်၌ ပထမဆုံးနိုင်ပွဲရရှိခဲ့တာဖြစ်ပြီး မန်ယူအသင်းအတွက်တော့ နည်းပြသစ် အမော်ရင်လက်ထက်မှာ ပရီမီယာလိဂ်ပွဲစဉ်လေးပွဲမှာ တစ်ပွဲသာလျှင် အနိုင်ရရှိခဲ့တဲ့ မှတ်တမ်းဆိုးတစ်ရပ်ကို ရရှိခဲ့တာဖြစ်ပါတယ်။

နည်းပြအမော်ရင်ရဲ့ မန်ယူအသင်းဟာ နော့တင်ဟမ်ဖောရက်စ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၁၅)ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၁၉ မှတ်သာစုဆောင်းနိုင်ခဲ့ကာ ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၁၃)နေရာမှာသာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

နော့တင်ဟမ်ဖောရက်စ်အသင်းကို ရှုံးနိမ့်ခဲ့ခြင်းဟာ မန်ယူအသင်းရဲ့သမိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ်(၁၅)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ၁၉၈၆-၁၉၈၇ ဘောလုံးရာသီနောက်ပိုင်း အဆိုးရွားဆုံးရလဒ်တစ်ခုကို ပိုင်ဆိုင်ခဲ့ရတာဖြစ်ပြီး နော့တင်ဟမ်ဖောရက်စ်အသင်းအတွက်တော့ မန်ယူအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၅)နေရာကို ယာယီတက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဒါကြောင့်ဧည့်သည်အဖြစ်လာရောက်ကစားခဲ့တဲ့ နော့တင်ဟမ်ဖောရက်စ်အသင်းအတွက် အိုးထရက်ဖို့ဒ်မှာ မန်ယူအသင်းကို အနိုင်ရရှိကာ အဆင့်(၅)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ခြင်းဟာ အကောင်းဆုံးရလဒ်တစ်ခုကို ဆောင်ကြဉ်းနိုင်ခဲ့ခြင်းဖြစ်ပေမယ့် မန်ယူအသင်းအတွက် ၁၉၈၆-၁၉၈၇ ဘောလုံးရာသီနောက်ပိုင်း အသင်းရဲ့သမိုင်းမှာ အဆိုးရွားဆုံးမှတ်တမ်းလို့ပင် ဆိုရမှာဖြစ်ပါတယ်။



အခုလို နော့တင်ဟမ်ဖောရက်စ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် နည်းပြအဲရစ်တန်ဟက်ကို ထုတ်ပယ်ခဲ့ပြီးနောက် ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့တဲ့ နစ္စတယ်ရွိုင်းကို အမြဲတမ်းနည်းပြအဖြစ် မခန့်အပ်ဘဲ စပို့တင်းမှာ အောင်မြင်မှုရရှိနေတဲ့ နည်းပြအမော်ရင်ကို နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ခြင်းဟာ မန်ယူအသင်းအတွက် အဆိုးရွားဆုံးရလဒ်ကို ဆောင်ကြဉ်းနိုင်ဖို့ ဖြစ်လာသလားဆိုတဲ့ မေးခွန်းတွေလည်း ထွက်ပေါ်နေတာဖြစ်ပါတယ်။


## ဘောလုံးလောက သတင်းတိုများ

- ချယ်လ်ဆီးအသင်းနဲ့ အာဆင်နယ်အသင်းတို့ဟာ ပယ်မီးရက်စ်အသင်းမှ အသက် ၁၉ နှစ်အရွယ်ရှိ ဘရာဇီးနောက်တန်းကစားသမား ဗစ်တာရိစ်ကို စာချုပ်ချုပ်ဆိုခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။
- အာဆင်နယ်အသင်း၊ ချယ်လ်ဆီးအသင်းနဲ့ မန်ယူအသင်းတို့က ခေါ်ယူဖို့စိတ်ဝင်စားနေတဲ့ စပို့တင်းအသင်းမှ ဆွီဒင်တိုက်စစ်မှူး ဗစ်တာဂျိုးကီရက်စ်ကို ပီအက်စ်ဂျီအသင်းက ပေါင်သန်း ၁၀၀ ပေး၍ ခေါ်ယူရန် စောင့်ကြည့်လျက်ရှိတယ်လို့ သိရပါတယ်။
- ရက်တာဒိုးနက်စ်အသင်းမှ ယူကရိန်းကွင်းလယ်ကစားသမား ဆူဒါခွေါဗ်ကို စပါးအသင်းနဲ့ လီဗာပူးအသင်းတို့က ခေါ်ယူဖို့ စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။
- အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းဟာ မန်ယူအသင်းမှ နယ်သာလန်တိုက်စစ်မှူး ဇက်ဇီးကို ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း အငှားစာချုပ်ဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

## ပြိုင်ပွဲစုံကိုးပွဲမှာ တစ်ပွဲသာအနိုင်ရရှိတဲ့အနေအထားကို ဂုဏ်ယူနေတဲ့ ဂွါဒီယိုလာ

မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၁၅)အဖြစ် ဒီဇင်ဘာ ၇ ရက် ညပိုင်းက ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ ပွဲစဉ်မှာ ခရစ္စတယ်ပဲလေ့စ်အသင်းကို ဦးဆောင်ဂိုးတွေ ခွင့်ပြုပေးလိုက်ရပြီးမှ ချေပဂိုးတွေ ပြန်လည်သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။



ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ပွဲစဉ်မှာ ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် လေးမိနစ်မှာ မူနော့ဇ်က တစ်ဂိုး၊ ၅၆ မိနစ်မှာ လက်ခရိုးဇ်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းကတော့ ပထမပိုင်းပွဲကစားချိန် မိနစ် ၃၀ မှာ ဟာလန်းက တစ်ဂိုး၊ ၆၈ မိနစ်မှာ လီဝစ်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ နောက်ကျသွင်းဂိုးတွေကြောင့် သရေတစ်မှတ်ရရှိခဲ့တဲ့အပြင် ဒုတိယပိုင်းပွဲကစားချိန် ၈၄ မိနစ်မှာ ချေပဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ လီဝစ်ဟာ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ ပြိုင်ပွဲစုံကိုးပွဲမှာ တစ်ပွဲသာအနိုင်ရရှိခဲ့ပေမယ့် ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ပွဲစဉ်မှာ နောက်ကျသွင်းဂိုးတွေနဲ့ သရေရလဒ်ထွက်ပေါ်ခဲ့တာကိုပဲ လက်ရှိအသင်းနည်းပြ ဂွါဒီယိုလာကတော့ အသင်းရဲ့ကစားသမားတွေရဲ့ စွမ်းဆောင်ရည်နဲ့ ပတ်သက်ပြီး ဂုဏ်ယူနေတာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ပြိုင်ပွဲစုံနောက်ဆုံးကိုးပွဲမှာ ခရစ္စတယ်ပဲလေ့စ်အသင်းက နှစ်ဂိုး-နှစ်ဂိုးသရေ၊ နော့တင်ဟမ်ဖောရက်စ်အသင်းကို သုံးဂိုးပြတ်အနိုင်၊ လီဗာပူးအသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်၊ ဖီယင်နူအသင်းကို သုံးဂိုးစီသရေ၊ စပါးအသင်းကို လေးဂိုးပြတ်ရှုံးနိမ့်၊ ဘရိုက်တန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်၊ စပို့တင်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်၊ ဘုန်းမောက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်၊ စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့် စတဲ့ရလဒ်တွေ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။



## ရှုံးပွဲမရှိစံချိန်ကို ဘိုင်ယန်မြူးနစ်အသင်း ဆက်လက်ထိန်းထားနိုင်ခဲ့ပြီ

ဘိုင်ယန်မြူးနစ်အသင်းဟာ ဟောဒင်ဟိမ်းအသင်းနဲ့ ဒီဇင်ဘာ ၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘွန်ဒက်လီဂါပွဲစဉ်(၁၃)မှာ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာကြောင့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဘွန်ဒက်လီဂါပြိုင်ပွဲမှာ ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းထားနိုင်ခဲ့ပြီဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ဘိုင်ယန်မြူးနစ်အသင်းဟာ ဘွန်ဒက်လီဂါပွဲစဉ်(၁၃)ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ၁၀ ပွဲနိုင်၊ သုံးပွဲသရေရလဒ်ထွက်ပေါ်ထားကာ ရမှတ် ၃၃ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နိုင်ခဲ့ပြီး အမှတ်ပေးဇယားဒုတိယနေရာက ဖရန့်ဖက်အသင်းကို ခြောက်မှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

နည်းပြကွန်ပနီရဲ့ ဘိုင်ယန်မြူးနစ်အသင်းဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားတွေဖြစ်တဲ့ ဟယ်ရီကိန်း၊ နျူအာ၊ မက်သီတဲလ်၊ ဂျီနာဘရီစတဲ့ ကစားသမားတွေ ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ခဲ့ပေမယ့် ဟောဒင်ဟိမ်းကို အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

**သွင်းယူ**

ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဟောဒင်ဟိမ်းအသင်းတို့ပွဲစဉ်မှာ အက်ပါမီကာနိုကတစ်ဂိုး၊ မူစီယယ်လာက နှစ်ဂိုး၊ ဂိုရက်ဇ်ကာက တစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ ဟောဒင်ဟိမ်းအသင်းအတွက် ချေပဂိုးနှစ်ဂိုးကိုတော့ ဟွန်ဆက်နဲ့ ဒွေါ်ရှ်တို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

❒ ကျောဖုံးမှ

၂၀၂၄ ခုနှစ် နွေစပါးရာသီ၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နွေစပါးစိုက်ခင်း ဧက ၄၂၅၇၀၀ ကျော်အား ဆည်တမံ ၃၉ ခုမှစိုက်ပျိုးရေအပြည့်အဝ ဖြန့်ဝေပေးနိုင်ခဲ့ပြီး ယခုနှစ် နွေစပါးရာသီတွင်လည်း နွေစပါးစိုက်ခင်းများကို စိုက်ပျိုးရေများ ပို့လွှတ်နိုင်ရန် အသင့်ပြင်ဆင်ထားကြောင်း၊ တိုင်းဒေသကြီးအတွင်း ပထမသီးနှံ မိုးစပါး၊ ဒုတိယသီးနှံ ဆောင်းသီးနှံနှင့် တတိယသီးနှံ နွေစပါးတို့ကို သုံးသီးစားအဖြစ် ၂၀၂၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ခရိုင်ခြောက်ခု၌ ပဲခူးခရိုင်တွင် နွေစပါး ဧက ၁၉၈၆၀ စိုက်ပျိုးနိုင်ခဲ့ကာ ၂၀၂၄ ခုနှစ်တွင် နွေစပါး ၂၆၃၂၅ ဧက တိုးချဲ့စိုက်ပျိုးခဲ့နိုင်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း မိုးစပါးရာသီ ပြီးဆုံးပြီးနောက် ဆောင်းသီးနှံများ စိုက်ပျိုးလျက်ရှိပြီး နွေစပါးဖြစ်သော ရက် ၉၀ စပါးကို ဖေဖော်ဝါရီ ၁ ရက်မှ မတ်လအထိ စိုက်ပျိုးလေ့ရှိကာ ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ဧပြီလကုန်ပိုင်းအထိ အောင်ရေပို့လွှတ်ပေးလျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီးတွင် ရာသီအလိုက် စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် အကျိုးပြုရေအသုံးပြုနိုင်ရန် ပဲခူးခရိုင်၌ ဆည်တမံ ရှစ်ခု၊ ညောင်လေးပင်ခရိုင်၌ ငါးခု၊ တောင်ငူခရိုင်၌ ရှစ်ခု၊ နတ်တလင်းခရိုင်၌ သုံးခု၊ သာယာဝတီခရိုင်၌ ရှစ်ခုနှင့် ပြည်ခရိုင်တွင် ခုနစ်ခုတို့ဖြင့် စုစုပေါင်း ဆည်တမံ ၃၉ ခု ရှိပြီး ရေလွှဲဆည် ၁၃ ခုနှင့် ရေတံခါး ၁၄ ခုတို့ဖြင့် စုစုပေါင်း ဆည်တမံ၊ ရေလွှဲဆည်နှင့် ရေတံခါး ၆၆ ခုတို့မှ သုံးသီးစားစိုက်ခင်းများသို့ စိုက်ပျိုးရေများ ပို့လွှတ်လျက်ရှိသည်။

"ပဲခူးတိုင်းဒေသကြီးအတွင်းမှာ တစ်နှစ်ထက်တစ်နှစ် ဆန်စပါးကို တိုးချဲ့စိုက်ပျိုးဖို့ နိုင်ငံတော်အကြီးအကဲလမ်းညွှန်မှုနဲ့ ၂၀၂၃ ခုနှစ်ကစပြီး စပါးကို တိုးချဲ့စိုက်ပျိုးခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ညွှန်ကြားမှုနဲ့ ဆည်ရေသောက်ရရှိတဲ့နေရာတွေမှာ သုံးသီးစိုက်ပျိုးနေကြပါတယ်။ အခုအချိန်က ဒုတိယသီးနှံဖြစ်တဲ့ ဆောင်းသီးနှံစိုက်ပျိုးနေပြီး တတိယသီးနှံနွေစပါးကို ဖေဖော်ဝါရီ ပထမပတ်မှာ စတင်စိုက်ပျိုးမှာဖြစ်တဲ့အတွက် ဆည်ရေလုံလောက်စွာရရှိအောင် ပို့လွှတ်သွားမှာပါ။ ဆည်ရေလုံလောက်စွာပို့လွှတ်နိုင်အောင် ရေအသုံးချသူများအဖွဲ့နဲ့ပူးပေါင်းပြီး ရေလွှတ်မြောင်းတွေ ရေစီးရေလာကောင်းအောင် အမြဲဆောင်ရွက်ကြပြီး နွေစပါးအတွက် စိုက်ပျိုးရေပြည့်ဝစွာရရှိတဲ့အတွက် တောင်သူတွေလည်း အားရကျေနပ်မှုရှိကြပါတယ်။ ဌာနအနေနဲ့ တောင်သူတွေလိုအပ်တဲ့ စိုက်ပျိုးရေကို ပို့လွှတ်နိုင်တဲ့အတွက် နွေရာသီမှာ စိမ်းလန်းနေတဲ့ လယ်ကွင်းတွေကိုမြင်ရရင် ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ပဲခူးခရိုင် ဆည်မြောင်းနှင့် အရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပဲခူးခရိုင်အတွင်းရှိ နွေစပါးစိုက်ခင်းများအား ကိုတူကွဲ၊ စလူ၊ ရွှေလောင်း၊ မဇင်း၊ အလိုင်နီ၊ ရွှေပြည်(၃)၊ ဝါးကတုတ်နှင့် ဇလပ်ထော်ရေလှောင်တမံတို့မှ ဆည်ရေများ ပို့လွှတ်ပေးလေ့ရှိပြီး နွေစပါးအပါအဝင် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ပဲခူးတိုင်းဒေသကြီး၌ ဆည်ရေသောက်စနစ်သည် တောင်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို အထောက်အပံ့ကောင်းများ ရရှိစေလျက်ရှိသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆည်များ၏ ရေလွှဲမြောင်းများမှ တစ်ဆင့် လက်တံမြောင်းများသို့ ပို့လွှတ်၍ ဆည်ရေရရှိနိုင်သော စိုက်ပျိုးမြေများအားလုံးတွင် သုံးသီးစားအဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးတွင် တည်ဆောက်ထားသော ဆည်တမံများသည် စိုက်ခင်းများရေပေးဝေမှုနှင့် မိုးရာသီတွင် ရေကြီးရေလျှံမှုကို ကာကွယ်ပေးလျက်ရှိပြီး မြို့နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေကို အသုံးပြုနိုင်ရန် ရေကိုသန့်စင်ပြီး ပို့လွှတ်သောစနစ်ကို ဆည်အချို့၌ အကောင်အထည်ဖော်လျက်ရှိကာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဆန်စပါးတိုးချဲ့ စိုက်ပျိုးမှုတွင် ဆည်ရေပို့လွှတ်မှုဖြင့် သုံးသီးစိုက်ပျိုးထုတ်လုပ်မှုကို ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။ **ဓာတ်ပုံ – ကနူးညိမ်းသူ(သတင်းစဉ်)**



# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ သတ္တမအကြိမ် ဓနုအမျိုးသားနေ့ အခမ်းအနားသို့တက်ရောက်

ပင်းတယ ဒီဇင်ဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသခန်းမ၌ ယနေ့နံနက် ၉ နာရီက သတ္တမအကြိမ် ဓနုအမျိုးသားနေ့အခမ်းအနား ကျင်းပသည်။

ဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် တာဝန်ရှိသူများက သတ္တမအကြိမ် ဓနုအမျိုးသားနေ့အထိမ်းအမှတ် MSMEs ပြပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး MSMEs ပြခန်းများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် မိုင်းလီကျေးရွာအုပ်စုတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့က တေးသီချင်းဖြင့် ကြိုဆိုကပြ ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက "ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ မြို့နယ်များသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြသည့် ဒေသတစ်ခုဖြစ်သည့်အတွက် ဓနုဒေသအတွင်း ထွက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပြီး အခုလို MSMEs ပြပွဲများကို ဓနုအမျိုးသားနေ့အခမ်းအနား၌ ထည့်သွင်းကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဓနုတိုင်းရင်းသားအဖွဲ့ချုပ်ကိုယ်စားလှယ်တစ်ဦးက ဓနုအမျိုးသားနေ့အခမ်းအနားနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး တိုင်းရင်းသားရိုးရာအကအဖွဲ့များက တေးသီချင်း အကအလှများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် တာဝန်ရှိသူများက တိုင်းရင်းသားရိုးရာအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းနှင့် အဆိုပါ အခမ်းအနားသို့ စုစုပေါင်းလူဦးရေ ၈၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ပတ်စ်ပို့ပျောက်**

(ဘ)ဦးဘိုအစ်၏ သမီး ဒေါ်ညိုညို [၁၂/ခရန(နိုင်)၀၇၇၀၄၂]၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၉၂၂၇၃၃၃၇**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်းဧရိယာအတွင်း စနစ်တကျနေထိုင်နိုင်ရန် မြေနေရာချထားပေးသည့်-

(၁) ကွင်းအမှတ်(၀၁)၊ အုပ်စုအမှတ်(RA-1)၊ အကွက်အမှတ်(တ-၀၂) မြေကွက်အမှတ်(၁၉၀၉)၊ ဧရိယာ(၅၀'၈''× ၆၀')ရှိ ယာယီမြေပေးမိန့်တွင် ဦးဟန်စိ(၁၂/လသယ(နိုင်)၀၁၄၆၄၁)အမည်ပေါက်မြေကွက်

(၂) ကွင်းအမှတ်(၀၁)၊ အုပ်စုအမှတ်(RA-1)၊ အကွက်အမှတ်(တ-၀၄) မြေကွက်အမှတ်(၀၁၀၇)၊ ဧရိယာ(၆၀'×၈၀')ရှိ ယာယီမြေပေးမိန့်တွင် ဦးတင်မြင့်(၁၂/တတန(နိုင်)၁၁၂၆၄၁)အမည်ပေါက်မြေကွက်

အထက်ပါမြေကွက်(၂)ကွက်ကို ယာယီမြေပေးမိန့်အသီးသီးတွင် တရားဝင်အမည်ပေါက်သူ-ဦးဟန်စိ(ခ)ဦးကုလား နှင့် ဦးတင်မြင့် တို့က အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်းဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အထက်ပါမြေကွက်(၂)ကွက်အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ ( လွှဲအပ်ညွှန်ကြားချက်များအရ )

**ဦးသန့်ဇင် ( LL-B )**
အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်( LL-B )**
အထက်တန်းရှေ့နေ(စဉ်–၂၇၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ရန်ကုန်မြို့၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁) ဘုရင့်နောင်ရပ်ကွက်၊ မဟာဗန္ဓုလ(၂)လမ်း၊ မြေကွက်အမှတ် (၈၄၃/ခ)၊ ဧရိယာ(၂၀'×၆၀')ရှိသည့်၊ နှစ်(၆၀)မြေငှါးဂရန်တွင် ဒေါ်မြင့်မြင့်ဌွေး(၁၂/ဒလန(နိုင်)၀၀၃၄၅၇) အမည်ပေါက်မြေကွက်နှင့်နေအိမ်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါမြေကွက်နှင့်နေအိမ်ကို နှစ်(၆၀)မြေငှါးဂရန်တွင် တရားဝင်အမည်ပေါက်သူ-ဒေါ်မြင့်မြင့်ဌွေး ကိုယ်တိုင်က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။
(လွှဲအပ်ညွှန်ကြားချက်များအရ)

**ဦးသန့်ဇင် ( LL-B )**
အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်( LL-B )**
အထက်တန်းရှေ့နေ(စဉ်–၂၇၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊လေးထောင့်ကန်စီမံချက်၊မြေတိုင်းရပ်ကွက်အမှတ်-၅၂၉/ဘီ ၇(လေးထောင့် ကန်စီမံချက်)၊မြေကွက်အမှတ်-၁၇၂၊ဧရိယာ-၀.၀၆၅ ဧက၊မြေကွက်တည်နေရာအမှတ်-၁၇၂၊ယုဇန(၆)လမ်း၊လေးထောင့်ကန်စံပြရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊လေးထောင့်ကန်ဂရန်ပေးစီမံချက်အတည်ပြုငယ်စာရင်းအမည်ပေါက်ဒေါ်ကြိုင်သဇင်သောင်း(၁၂/ကမတ(နိုင်)၀၂၅၂၆၆)ကိုယ်တိုင်မှလေးထောင့်ကန်စံပြရပ်ကွက်ဂရန်ရရှိရေးအထောက်အကူပြုကော်မတီရုံး ထောက်ခံချက်၊ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံချက်၊မြို့နယ်အုပ်ချုပ်ရေးမှူးရုံး(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မင်္ဂလာဒုံမြို့နယ်)တို့၏ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်၊နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဩဘာလမ်း၊ အမှတ်(၈၂)ဟု ခေါ်တွင်သော တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– 4C²၊ လူနေရပ်ကွက်အမှတ်–S၇၁၊ မြေကွက်အမှတ်–၈၀၊ ဧရိယာ(၀.၀၄)ဧက၊ အကျယ်အဝန်း(၃၀'x၅၈'၆")ရှိ ဦးအုံးသစ်အမည်ပေါက် နှစ်(၉၀)ဂရန်(သက်ကုန်)မြေကွက်နှင့် ယင်းမြေပေါ်ရှိ (၂)ခန်းတွဲ (၃)ထပ်(ဟောင်ကောင်ပုံစံ)အနက်မှ မြေညီထပ်(တိုက်ကိုမျက်နှာမူလျှင်–ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း(၁၅'x၅၈'၆")ရှိတိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးအုံးသစ် ကွယ်လွန်ပြီးနောက်သားဖြစ်သူ ဦးတင်ဦး(ကွယ်လွန်)၏ ဆက်ခံသူဇနီးနှင့် သားသမီးများဖြစ်ကြသော ယခုရောင်းချသူ ဒေါ်လှမြင့်[၁၂/တမန(နိုင်)၀၆၉၇၈၀]၊ ဦးသန့်စင်[၁၂/တမန(နိုင်)၀၄၅၂၇၅]၊ ဦးနေလင်း[၁၂/တမန(နိုင်)၀၅၆၁၁၃]၊ ဦးလင်းအောင်[၁၂/တမန (နိုင်)၀၀၁၀၉၉]နှင့် ဦးလှဦး[၁၂/တမန(နိုင်)၀၉၄၅၄၂]တို့မှသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဟန်ထွန်း[၁၂/တမန(နိုင်)၁၀၇၅၈၂]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၉၂)**
**ဒေါ်နီနီဝင်း(LL.B)** (စဉ်–၅၁၇၁၈) **ဒေါ်နှင်းဝေလွင်(LL.B)** (စဉ်–၅၄၃၀၅) **ဦးထွန်းသူအောင်(LL.B)** (စဉ်– ၅၅၇၆၄)
**အထက်တန်းရှေ့နေများ**
**အမှတ်–၈၈၊ ၃–လွှာ၊ ဒေါ်သိန်းတင်လမ်း၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၀၈၈၆၀၅၊ ၀၉–၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ ဘီ–၇ လမ်း၊ ယုဇနဥယျာဉ်မြို့တော်အိမ်ရာ၊ တိုက်အမှတ်(၂၃)၊ အခန်းအမှတ်(၂၀၂)ကို ဌာနနှင့်အကျိုးတူဆောင်ရွက်သော ယုဇနဆောက်လုပ်ရေးထံမှ ဦးခင်မြင့်[၁၂/မဂတ(နိုင်)၀၁၈၈၉၅]က ဝယ်ယူခဲ့ပြီး မကွယ်လွန်မီ အဆိုပါအခန်းအား တူမဖြစ်သူ ဒေါ်ခင်ခင်ရီ[၁၂/ရကန(နိုင်)၀၇၄၈၆၉]အား မေတ္တာဖြင့် အပိုင်ပေးကမ်းခဲ့ပါကြောင်းနှင့် ယုဇနဆောက်လုပ်ရေးနှင့် ဦးခင်မြင့်တို့ ချုပ်ဆိုထားသော အရောင်းအဝယ်စာချုပ်(မူရင်း) ပျောက်ဆုံးကြောင်း အထောက်အထားများတင်ပြ၍ ဒေါ်ခင်ခင်ရီက ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ တင်ပြလျှောက်ထားလာခြင်းကို ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ငုဝါလမ်း၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၁၉)၊ အခန်းအမှတ်(၂၀၂)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နန်းခင်ချစ်အေး[၁၃/သပန(နိုင်)၀၃၃၄၂၅]နှင့် ဦးတင်မြင့်ထွန်း[၁၃/သပန(နိုင်)၀၃၆၉၂၉]ထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဦးဇော်လင်းစိုး[၆/လလန(နိုင်)၀၀၁၂၉၃]နှင့် ဒေါ်ချောစုဝင်း[၆/လလန(နိုင်)၀၈၁၀၃၉]က ၎င်းတို့အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ တင်ပြလျှောက်ထားလာခြင်းကို ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်မှ ၂၀၂၄ - ၂၀၂၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သော ၆" x ၉" ကျောက်ကြီးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဌာနမှသတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အိတ်ဖွင့် တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော် (ထိန်းသိမ်းရေးရုံး)ငွေစာရင်းဌာနစိတ်နှင့် ဖုန်း၀၉-၅၀၉၆၀၀၁၊ ၀၉-၇၉၈၃၀၈၄၈၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်း၍ ဝယ်ယူနိုင်ပါသည်။

| | | | |
|---|---|---|---|
| (က) | တင်ဒါအဆိုပြုလွှာစတင် ရောင်းချမည့်ရက်/အချိန် (Profile အထောက်အထား များတင်ပြရမည်) | - | (၁၆-၁၂-၂၀၂၄) ရက်နေ့ (ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်နေ့ | - | (၂၃ -၁၂-၂၀၂၄) ရက်၊ ညနေ ၄:၃၀ နာရီထိ |
| (ဂ) | နမူနာပစ္စည်းလက်ခံမည့် ရက်/ အချိန် | - | (၂၃-၁၂-၂၀၂၄)ရက်မှ (၂၄-၁၂-၂၀၂၄)ရက်အထိ (ရုံးချိန်အတွင်း) |
| (ဃ) | ဈေးနှုန်းအဆိုပြုလွှာ ဖွင့်ဖောက်စစ်ဆေးမည့် ရက်နှင့်အချိန် | - | (၂၆ -၁၂-၂၀၂၄ ) ရက် နံနက်( ၁၀ : ၀၀ )နာရီ |
| (င) | တင်ဒါ ဖွင့်ဖောက်စစ်ဆေးမည့် နေရာ | - | ညွှန်ကြားရေးမှူးရုံး(ဓမ္မာရုံ) ဘဲကုန်းဆည်မြောင်းဝင်း |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**နေပြည်တော်**

## အစုရှင်များ၏ဆန္ဒအရ နောက်ဆုံးအပြီးသတ် အစည်းအဝေးဖိတ်ကြားခြင်း

"MMI COMPANY LIMITED" ၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် နောက်ဆုံးအပြီးသတ်အစည်းအဝေးကြီးအား(၂၃-၁၂-၂၀၂၄) ရက်နေ့ နံနက် (၉:၃၀) နာရီတွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပမည်ဖြစ်သောကြောင့် အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများအားလုံး၏ သဘောတူညီချက်ကို ရယူရန်ရှိပါသဖြင့် အားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြ၍ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**ဒေါ်ချစ်စန္ဒီ**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

## Notice of Special Resolution Pursuant to Section 147 (a) (ii) of Insolvency Law Fonterra Brands (Myanmar) Company Limited (In Members Voluntary Winding-up)

According to the record of special resolutions of the members dated December 04,2024, resolved that:

1. Fonterra Brands (Myanmar) Company Limited with registration no. 110908946 be wound up voluntarily by the members with effect from December 04, 2024.
2. Be appointed U Nwe Oo (LL. B, MBA), a member of Myanmar Association of Insolvency Practitioners as a liquidator of the Company for the purpose of voluntarily winding-up.
3. The debtors and creditors of Fonterra Brands (Myanmar) Company Limited are, therefore, requested to submit their claims together with supporting legal documents to the liquidators at the address given under by or before January 08, 2025.

**U Nwe Oo (LL. B, MBA)**
**Liquidator (MAIP-00087)**
**Phone: 09772440001 (Office), 09254728227**
**Address: Tilleke & Gibbins Myanmar Limited**
**Room-1608, 16th Floor, Sakura Tower,**
**No.339, Bogyoke Aung San Road,**
**Kyauktada Township, Yangon.**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(လလ-၁)၊ (၆၇x၆၈) လမ်းကြားနေ ဦးငွေးအောင် (ဘ) ဦးကျော်လှ [၉/မရတ(နိုင်)၀၀၉၇၄၆]က အောက်ပါအတိုင်း လွှဲအပ်ညွှန်ကြားပါသည်-

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၉၉-၁၇)၊ ဦးပိုင်အမှတ်(၄၃)၊ ဧရိယာ(၀.၀၅၅၁)ဧက ဂရန်မြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေ ဦးငွေးအောင် (ဘ) ဦးကျော်လှ [၉/မရတ(နိုင်)၀၀၉၇၄၆] (အိပ်ချ်ဂျီယူ-၀၉၉၀၅၂) အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ ထိုအမည်ပေါက် ဂရန်မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးငွေးအောင်မှ (၂-၂-၂၀၂၃)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၀၅/၂၀၂၃) ဖြင့် ဒေါ်ကြယ်စင်မိုးမြင့် (ဘ) ဦးဟူကောင်းဟုန် [၉/မဟမ(နိုင်)၀၅၅၇၅၅] အထူးကိုယ်စားလှယ်စာလွှဲအပ်ခဲ့ပါသည်။ ထိုလွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၀၅/၂၀၂၃)အား ကျွန်ုပ်၏မိတ်ဆွေ ဦးငွေးအောင်မှ အပြီးအပိုင် ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

သို့ဖြစ်ပါ၍ ထိုဂရန်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်၍ ထိုဂရန်မြေကွက်၏ ပိုင်ဆိုင်မှုပြ စာရွက်စာတမ်းအပြည့်အစုံဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စောရင်ရင်မိုး**
**တရားလွှတ်တော်ရှေ့နေ (၉၂၉၀/၂၄-၁၀-၂၀၁၃)**
**Ph:09-254077500**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးနေဝင်းထွန်း [၈/မလန(နိုင်)၀၆၅၁၁၉] Customs Broker Taw Win San Co.,Ltd (Agent Card) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၀၈၆၄၅၁**

## ပတ်စ်ပို့ပျောက်

ဧရာဝတီ တိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ (ဘ) ဦးသိန်းအောင်၏သမီး မို့မို့သိန်းအောင် [၁၄/ကကန(နိုင်)၁၆၂၈၀၅] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၃၃၂၈၀၆၆**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ မာလကာကုန်းဝိုင်း၊ ဦးအောင်သင်းလမ်း၊ ကွင်းအမှတ်(၅၂၁/A)၊ ဦးပိုင်အမှတ်(၃၃က/၅)၊ အကျယ်အဝန်း(၀.၉၁) ဧကအနက်မှ တရားဝင်မခွဲစိတ်ရသေးသော( အလျား ၁၅ ပေ x အနံ ၅၀ ပေ) အကျယ်ရှိ လယ်/ဥယျာဉ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ထပ်ပျဉ်ထောင်အိမ်(၁)လုံးအပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ မှော်ဘီမြို့နယ် မြေစာရင်းရုံး၏ သီးစားချလန်တွင် ဦးဝင်းဇော်အမည်ပေါက်ကြောင်း၊ ရောင်းသူဒေါ်စန္ဒာအေး[၉/ဝတန(နိုင်)၁၂၀၀၉၁] မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးစွမ်းထက်အောင်[၁၂/ဒဂန(နိုင်)၀၃၈၉၄၀] မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ် အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## တိုက်ခန်းဝယ်ယူပိုင်ဆိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ်(၆)ရှိ (၆)ထပ်အဆောက်အဦ၏ (၃)လွှာ၊ (ခေါင်းရင်းခြမ်း) အကျယ်ပေ (၁၄'x၅၀')၊ ရေ၊ မီးအစုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူပိုင်ဆိုင်၍ ယနေ့တိုင် အကျိုးခံစားလျက်ရှိပါသည်။ ဤတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)တို့နှင့်တကွ ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေ၏ပိုင်ဆိုင်မှုသည် တရားဝင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မြင့်မြင့်မော်** | **ဦးသာမြင့် (LL.B) အထက်တန်းရှေ့နေ (စဉ်-၁၀၁၉၁)** |
| **[၁၂/ပဇတ(နိုင်)၀၀၇၅၈၅]** | **ဖုန်း-၀၉-၄၅၀၄၂၈၁၅၈၊ ၀၉-၆၆၁၈၂၃၉၆၇** |

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဘောဂလမ်းသွယ်(၂)၊ အမှတ်(၉၄)နေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကြည်စိုး [၁၂/သဃက(နိုင်)၀၆၇၂၇၀]နှင့် ဒေါ်မြင့်မြင့်သန်း [၁၂/သဃက(နိုင်)၀၄၅၄၁၇] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ၎င်းတို့၏သား မောင်ဇေယျာထက် [၁၂/သဃက(နိုင်)၁၉၆၃၂၈] သည် မိဘများ၏ ဆိုဆုံးမသည်ကို နာခံခြင်းမရှိဘဲ (၃-၁၂-၂၀၂၄) ရက်နေ့မှစ၍ နေအိမ်မှထွက်သွားပါသဖြင့် "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း" အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းလှိုင် (မောင်ရတနာ) LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၂၆၆)**
**အမှတ်(၄၂)၊ မြေညီထပ်၊ သီရိရောလမ်း၊ ဇဝနရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-443095958, 09-781228963**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ်-၉၉/ခ၊ မြေကွက်တည်နေရာအမှတ်-၉၉/ခ၊ မိုးမခလမ်း၊ ၄၆-ရပ်ကွက်၊ ဒဂုံမြောက် (ဦးအုန်းမြင့် YKI-၀၁၅၀၉၀)အမည်ပေါက် နှစ်(၆၀)မြေငှား စာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးအုန်းမြင့် (ဖခင်)ကွယ်လွန်နှင့် ဒေါ်ခင်ခင်ဝင်း(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ၎င်းမိဘများမှ မွေးဖွားသည့် သားသမီးများဖြစ်ကြသော (၁)ဒေါ်ကြည်ကြည်ဝင်း [၁၂/အလန(နိုင်)၀၂၈၂၇၈]၊ (၂) ဦးမျိုးထွန်း [၁၂/အလန(နိုင်) ၀၀၁၁၀၅]၊ (၃) ဦးညွှန့်ဟန်စိန် [၁၂/အလန(နိုင်)၀၂၈၂၇၁]၊ (၄) ဦးဆွေသန့် [၁၂/အလန(နိုင်)၀၃၅၅၁၅]၊ (၅) ဒေါ်ခင်အေးမြင့် [၁၂/အလန(နိုင်)၀၃၅၅၂၆]၊ (၆) ဦးကျော်သက် [၁၂/အလန(နိုင်)၀၃၅၅၂၉]၊ (၇)ဦးဝင်းသိန်း [၁၂/အလန(နိုင်) ၀၃၇၄၃၉]၊ (၈) ဦးဆန်းထူး [၁၂/အလန(နိုင်)၀၃၆၉၅၄]၊ (၉) ဦးတင်မောင်ထွန်း [၁၂/အလန(နိုင်)၀၃၅၅၂၈]တို့ (၉)ဦးအနက် အစ်ကို၊ ညီမောင်ဖြစ်သူ ဦးတင်မောင်ထွန်းသည် (၂၀၀၀)ခုနှစ်တွင် လူပျိုကြီးဘဝဖြင့်ကွယ်လွန်ခဲ့ပြီး အစ်ကို၊ ညီ၊ မောင်ဖြစ်သူ ဦးဆန်းထူးမှာ (၂၀၁၉) ခုနှစ်တွင် ဖခင်ထက်စောစွာ ကွယ်လွန်ခဲ့သဖြင့် ၎င်းမှ မွေးဖွားသည့် သမီးများဖြစ်ကြသော ဒေါ်ဆုဝေထူး [၁၂/ဒဂမ(နိုင်)၀၄၆၃၃၆]၊ နှင့် ဒေါ်ဝင်းပြည့်စုံ [၁၂/ဒဂမ(နိုင်)၀၆၄၂၇၅] တို့မှ အမွေမမီမြေးများအဖြစ် ပူးတွဲပြီး ကျန်သားသမီး(၇)ဦးနှင့်အတူ သားသမီး၊ မြေးများတော်စပ်ကြောင်း၊ မိမိတို့ (၉) ဦးမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အထက်ပါမြေနှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ မိမိတို့ရရန်ရှိသည့် အမွေအစုစုကို အသီးသီး ဆက်ခံပိုင်ဆိုင်ခဲ့သည်မှာမှန်ကန်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိဘများသေစာရင်း၊ အစ်ကို၊ မောင်၏ သေစာရင်း၊ အိမ်ထောင်စုစာရင်းများ၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ဒေါ်ကြည်ကြည်ဝင်း+၈ မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးအေး(၁)လမ်း၊ တိုက်မှတ်(၂၆)၊ ဒုတိယထပ် ဦးစိုးညွှန့်ဝင်း [၉/မနမ(နိုင်) ၀၆၁၂၆၀] ၏သား မောင်လူမော်ဦး [၁၂/လမန(နိုင်)၁၆၅၁၉၁] သည် မိဘ၏ပြောဆိုဆုံးမမှုကို မနာခံဘဲ၊ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးစိုးညွှန့်ဝင်း [၉/မနမ(နိုင်)၀၆၁၂၆၀]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၉၉/က)၊ မြေကွက်တည်နေရာအမှတ်(၉၉/က)၊ မိုးမခလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြောက် (ဦးအုန်းမြင့်YKI-၀၁၅၀၉၀) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးအုန်းမြင့် (ဖခင်) ကွယ်လွန်နှင့် ဒေါ်ခင်ခင်ဝင်း (မိခင်) တို့ အသီးသီးကွယ်လွန်သဖြင့် ၎င်းမိဘများမှ မွေးဖွားသည့် သားသမီးများဖြစ်ကြသော (၁) ဒေါ်ကြည်ကြည်ဝင်း[၁၂/အလန(နိုင်)၀၂၈၂၇၈]၊ (၂) ဦးမျိုးထွန်း[၁၂/အလန(နိုင်)၀၀၁၁၀၅]၊ (၃) ဦးညွှန့်ဟန်စိန်[၁၂/အလန(နိုင်)၀၂၈၂၇၁]၊ (၄)ဦးဆွေသန့် [၁၂/အလန(နိုင်) ၀၃၅၅၁၅]၊ (၅) ဒေါ်ခင်အေးမြင့်[၁၂/အလန(နိုင်)၀၃၅၅၂၆]၊ (၆) ဦးကျော်သက်[၁၂/အလန(နိုင်)၀၃၅၅၂၉]၊ (၇) ဦးဝင်းသိန်း [၁၂/အလန(နိုင်) ၀၃၇၄၃၉]၊ (၈) ဦးဆန်းထူး [၁၂/အလန(နိုင်) ၀၃၆၉၅၄]၊ (၉) ဦးတင်မောင်ထွန်း [၁၂/အလန(နိုင်)၀၃၅၅၂၈]တို့ (၉)ဦးအနက် အစ်ကို၊ ညီမောင်ဖြစ်သူ ဦးတင်မောင်ထွန်းသည် (၂၀၀၀)ခုနှစ်တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီး အစ်ကို၊ ညီ၊ မောင်ဖြစ်သူ ဦးဆန်းထူးမှာ (၂၀၁၉) ခုနှစ်တွင် ဖခင်ထက်စောစွာ ကွယ်လွန်ခဲ့သဖြင့် ၎င်းမှမွေးဖွားသည့်သမီးများဖြစ်ကြသော ဒေါ်ဆုဝေထူး [၁၂/ဒဂမ(နိုင်)၀၄၆၃၃၆]၊ နှင့် ဒေါ်ဝင်းပြည့်စုံ [၁၂/ဒဂမ(နိုင်)၀၆၄၂၇၅]တို့မှ အမွေမမီမြေးများတော်စပ်ကြောင်း၊ မိမိတို့(၉)ဦးမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ အထက်ပါမြေနှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ မိမိတို့ရရန်ရှိသည့် အမွေအစုစုကို အသီးသီး ဆက်ခံပိုင်ဆိုင်ခဲ့သည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊ မိဘများ၏ သေစာရင်း၊ အစ်ကို၊ ညီ၏ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်/ကတ်တို့တင်ပြ၍ ဒေါ်ကြည်ကြည်ဝင်း+၈ မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း-၃၅၊ ည/၁၁-ရပ်ကွက်၊ အမှတ်(၇၂၁/ခ)၊ (၂၀x၆၀) ပေရှိ ဂရန်ထွက်ရှိထားသော အိမ်မြေ အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါအိမ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ဖြစ်သူ ဦးလှကြည်ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသော ဦးချိန်ဟူးကြူမှာ (၃၀-၃-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်ခဲ့ပါကြောင်း၊ အထောက်အထား သေစာရင်း တင်ပြပြီး ဇနီးဖြစ်သူ ဒေါ်ဂျာလာ[၁၃/တကန(နိုင်)၁၂၂၂၄၄] မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်၍ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာပါသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်အိအိခိုင် [၁၂/ရပသ(နိုင်)၀၇၈၅၃၄]က အပြီးအပိုင်ဝယ်ယူရန် အိမ်မြေတန်ဖိုး စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်သင်းသင်းမော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ( စဉ်-၁၅၄၆၈)**
**အမှတ်(၂၅၉/ခ)၊ ရွှေဘုန်းရှိန်လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၇၄၅၈၈၂**

## အများသိစေရန်ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂ ၊ မြေကွက်အမှတ် ၃၃ ၊ ဧရိယာ ၀.၀၅၈ ဧက၊ မြေကွက်တည်နေရာအမှတ်- ၃၃၊ ကန်သာယာလမ်း၊ ၁ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးစိန်လွင်(TKA-၀၂၀၉၆၁) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးစိန်လွင် (၁၂/လသယ(နိုင်)၀၀၀၃၉၀) ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၇၁၁၄/၂၀၂၂ (၄.၅.၂၀၂၂)ရရှိသူ ဦးဇော်လင်း(၁၄/ဒဒရ(နိုင်)၀၂၇၀၈၆)မှ နှစ်(၆၀)မြေဂရန်မူရင်းမှာ အိမ်ပြောင်းရွှေ့ရာမှ နေရာအထားမှားပြီး ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း၊ အဆိုပါမြေကွက်နှင့်ဂရန်မူရင်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း အမည်ပေါက် ဦးစိန်လွင်မှ ကျိန်ဆိုထားသော တရားရုံးကျမ်းကျိန်လွှာ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ GP ၊ GP ပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် GP မရုပ်သိမ်းသေးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခွင့်ပြုပြီးဖြစ်သဖြင့် အမှုတွဲအမှတ်- လသ/၁၂/၀၉၉/၉၄ (၄.၁၁.၉၄)ဖြင့် မူလထုတ်ပေးခဲ့သည့် ဦးစိန်လွင်(TKA- ၀၂၀၉၆၁) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မူရင်းအား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နေရန်လိုအပ်...**

❖ **ပညာရေးသည် အခြေခံဖြစ်သဖြင့် အဓိကကျ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများ ကျင်းပပြီးစီး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၏ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် အားကစားနည်း လေးမျိုးဖြစ်သော ပြေးခုန်ပစ်၊ ရေကူး၊ မျက်မမြင်စစ်တုရင်၊ ထိုင်လျက်ဘော်လီဘော အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၅ ရက်မှ စတင်ကျင်းပခဲ့ရာ ဒီဇင်ဘာ ၈ ရက်တွင် ပြိုင်ပွဲများပြီးဆုံးခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးအသင်းက ရွှေတံဆိပ် ၁၃ ခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ခုနစ်ခု၊ ပဲခူးတိုင်းဒေသကြီးအသင်းက ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ကိုးခု၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရွှေတံဆိပ်ရှစ်ခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ကိုးခု၊ မွန်ပြည်နယ်အသင်းက ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် ၁၁ ခု၊ ကြေးတံဆိပ် ၁၂ ခု၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ် ၁၁ ခု၊ ကြေးတံဆိပ် ငါးခု၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ခုနစ်ခု အသီးသီးဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲများတွင် အားကစားနည်း ၂၃ မျိုးဖြင့် ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၈ ရက် ပွဲစဉ်များပြီးဆုံးချိန်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသင်းများ၏ ဆုတံဆိပ်ရရှိမှုမှာ အောက်ပါအတိုင်းဖြစ်သည်။ **သတင်းစဉ်**

| စဉ် | ပြည်နယ်/တိုင်း | ရွှေ | ငွေ | ကြေး | ပေါင်း |
|---|---|---|---|---|---|
| ၁ | ရန်ကုန် | ၃ | ၁ | ၂ | ၆ |
| ၂ | ရှမ်း | ၁ | ၃ | - | ၄ |
| ၃ | တနင်္သာရီ | ၁ | ၂ | - | ၃ |
| ၄ | နေပြည်တော် | ၁ | ၁ | ၁ | ၃ |
| ၅ | မန္တလေး | ၁ | - | ၅ | ၆ |
| ၆ | မွန် | ၁ | - | - | ၁ |
| ၇ | စစ်ကိုင်း | ၁ | - | - | ၁ |
| ၈ | ကရင် | - | ၁ | - | ၁ |
| ၉ | ရခိုင် | - | ၁ | - | ၁ |
| ၁၀ | ပဲခူး | - | - | ၃ | ၃ |
| ၁၁ | ကချင် | - | - | ၁ | ၁ |
| စုစုပေါင်း | | ၉ | ၉ | ၁၂ | ၃၀ |

---



ပဲခူးခရိုင်တွင် သုံးသီးစားစိုက်ပျိုးမှုကို အထောက်အပံ့ပေးနေသည့် မဇင်းရေလှောင်တမံကို တွေ့ရစဉ်။

## ပဲခူးတိုင်းဒေသကြီးတွင် ဆည်ရေသောက်စနစ် စိုက်ပျိုးမြေများ၌ သုံးသီးစားစနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်သွားမည်

ရန်ကုန် ဒီဇင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး၏ စိုက်ပျိုးရေးကဏ္ဍတွင် ဆည်ရေသောက်စနစ်ရရှိသော စိုက်ပျိုးမြေအားလုံး၌ သုံးသီးစားစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။

စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ❐

---

## ၈ - ၁၂ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ နှင့် အထက်ရှိသော စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၃၃၀၀၀၀ ဖြစ်သည်။

(ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ)

---

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ ရက် ညနေ ၅ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ခမ်းနားထည်ဝါစွာနှင့် အနှစ်သာရရှိစွာဖြင့် စီစဉ်ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနား မစတင်မီ ဖျော်ဖြေတင်ဆက်ကြမည့် နာမည်ကျော် အနုပညာရှင်များနှင့် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများအပါအဝင် ဖွင့်ပွဲအခမ်းအနား ကျင်းပပုံများကို မိဘပြည်သူများ တိုက်ရိုက်ကြည့်ရှုနိုင်ရန်အတွက် ယင်းနေ့ ညနေ ၃ နာရီ မိနစ် ၃၀ မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သော MRTV – HD၊ MRTV Sports၊ MRTV Parliament၊ MRTV Farmers'၊ MWD HD Channel၊ MWD Variety HD Channel နှင့် အကျိုးတူ ရုပ်သံလိုင်းများဖြစ်သော Channel 7၊ 5 plus၊ Sports 2၊ MNTV၊ M Channel နှင့် မြန်မာ့အသံ ရေဒီယိုနှင့် အကျိုးတူ FM များဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ မန္တလေး၊ ပဉ္စဝတီ၊ ရွှေ၊ ပုဂံတို့အပြင် မိတ်ဖက် FM များဖြစ်ကြသော Star၊ သဇင်တို့မှ လည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက် Live ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် Channel K၊ Fortune နှင့် YTV တို့မှလည်း Delay ဖြင့် ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

---


ယနေ့ ဖတ်စရာ

**ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိသည့်အတွက် ရေဖြူကျေးရွာတောင်သူများ ဆောင်းသီးနှံများပါ စိုက်ပျိုးလာနိုင်** စာမျက်နှာ » ၁၂

**တရုတ်နိုင်ငံ၏ နွေဦးပွဲတော်ကို ယူနက်စကိုက ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ထည့်သွင်းသတ်မှတ်** စာမျက်နှာ » ၁၃

**UFC 310 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဂျိုရှူအာဗန် အနိုင်ရ** စာမျက်နှာ » ၂၆